ကြေးမုံ
The Mirror

၁၃၆၅ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (9-7-2003) (၃၉၂၆)

ခန္တီ စ
တော မင်္ဂလ မုတ္တမံ။

သည်းခံခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ယနေ့ထုတ်
စောင်ရေ
၂၂၄၂၇၀

မြို့တော်မိုး
ရာနှုန်း ၈၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ် တင့်တယ်စေရေး မြန်မာနိုင်ငံ၏ ပညာရေးကို အားသွန်ခွန်စိုက် မြှင့်တင်ပေးနေ မြန်မာ့ပညာရေး သင်ကြားသင်ယူနိုင်မှု အခွင့်အလမ်းများ ပွင့်လန်းလျက်ရှိ

မန္တလေးမြို့ ရတနာပုံတက္ကသိုလ် ပင်မဆောင် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၈

နိုင်ငံတော်အနေဖြင့် အမျိုးသားပညာရည် မြင့်မားရေးဦးတည်ချက်ဖြင့် လူသားစွမ်းရည်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ယနေ့အချိန်အခါတွင် မန္တလေး ရတနာပုံတက္ကသိုလ်၌ ခံ့ညားထည်ဝါသည့် ပင်မဆောင် ထပ်မံတည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါ ပင်မဆောင် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၇ရက် နံနက်ပိုင်းတွင် မန္တလေး ရတနာပုံတက္ကသိုလ် ပင်မဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ် ဦးဝင်းမောင်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများ၊ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❁

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ ရွှေနန်းသစ် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဗိုလ်သုကာ ဦးမြင့်ဟန်က ရတနာပုံတက္ကသိုလ်အတွက် ငွေကျပ်သိန်း ၃၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရတနာပုံတက္ကသိုလ်ပင်မဆောင်

မန္တလေးမြို့ ရတနာပုံတက္ကသိုလ် ပင်မဆောင်အား တွေ့ရစဉ်။
(ရတနာပုံတက္ကသိုလ်မှာ ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီ ၂၂ရက်တွင် ရတနာပုံကောလိပ်မှ အဆင့်တိုးမြှင့် သတ်မှတ်ခဲ့ပြီး ၂၀၀၃ ပညာသင်နှစ်တွင် နေ့သင်တန်းကျောင်းသားဦးရေ ၂၂၉၈၆ဦးနှင့် အဝေးသင်ကျောင်းသားဦးရေ ၅၄၂၈၃ဦး တက်ရောက်သင်ကြားလျက်ရှိကြသည်။)
(သတင်းစဉ်)

မောင်ခို
ပါတီနိုင်ငံရေးလား

"အန်တီစု" ခေါင်းဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ရဲ့ လုပ်ရှားမှုက လူသိမခံရဲလို့ ပုန်းလျှိုးဝှက်လျှိုး လုပ်ကြတဲ့ ပုံစံ ဖြစ်နေတယ်။ ကျွန်တော်တို့အတွက် မှတ်သားစရာ စကားတစ်ခွန်းကတော့ "မင်းတို့ လုပ်နေကြတာ မောင်ခိုပါတီနိုင်ငံရေးလားတဲ့။ အဲဒီလိုစကားသံတွေကို 'အန်တီစု' ကြားစေချင်လိုက်တာ။"

(မောင်ရင်မှိုင်း၏ ဆောင်းပါး အပိုင်း(၅)ကို အတွင်းစာမျက်နှာ ၈ နှင့် ၉ တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၉-၇-၂၀၀၃
(ဗုဒ္ဓဟူးနေ့)

ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး စက်ရုံ၊ အလုပ်ရုံများ စွမ်းအားပြည့်ထုတ်လုပ်

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဖော်ဆောင်ရာတွင် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည်။ ထို့ကြောင့် နိုင်ငံတော်က စက်မှုနိုင်ငံတော်အဖြစ် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်လျက်ရှိသည်။

ယနေ့ကာလသည် နိုင်ငံတော်က စီးပွားရေးဆိုင်ရာ မျှော်မှန်းချက်များဖြစ်သော ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ ပြည်ပသွင်းကုန် လျှော့ချပြီး သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ တိုးပွားရေး၊ ပြည်ပကုန်သွယ်ရေးချိန်ခွင်လျှာ မျှတအကျိုးရှိစေရေး စသည့် မျှော်မှန်းချက်များ ထားရှိဆောင်ရွက်နေချိန်ဖြစ်သည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ပြည်သူလူထု၏ လိုအပ်ချက်နှင့်အညီ လူသုံးကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး တာဝန်ယူကြိုးပမ်းလျက်ရှိကြောင်း တွေ့ရသည်။ တည်ဆောက်ပြီးစီးသွားသည့် စက်ရုံများတွင် မြန်မာ့အထည်အလိပ်လုပ်ငန်း ရမည်းသင်းဆေးဆိုးပန်းရိုက်စက်ရုံလည်း ပါဝင်သည်။

ရမည်းသင်းဆေးဆိုးပန်းရိုက်စက်ရုံကို မန္တလေးတိုင်း ရမည်းသင်းမြို့ မြောက်ဘက် ရန်ကုန်-မန္တလေးလမ်း၏ အနောက်ဘက်ခြမ်း ရွှေဒါးကျေးရွာအနီးတွင် တည်ဆောက်ထားသည်။ အဆိုပါ စက်ရုံကို ခန့်မှန်းရင်းနှီးမြှုပ်နှံငွေကျပ် ၉၇၇ သန်းကျော်ဖြင့် တည်ဆောက်ခဲ့သည်။ စက်ရုံမှ အဖြူပိတ်၊ ဆေးဆိုးပိတ်၊ ပန်းရိုက်ပိတ်များကို တစ်နှစ်ထုတ်လုပ်မှု (၁)လှည့်စနစ်ဖြင့် စုစုပေါင်းပိတ်ကိုက် ၁၉ သိန်းကျော် ထုတ်လုပ်လျက်ရှိသည်။

မြန်မာ့အထည်အလိပ်လုပ်ငန်းက ကျောက်ဆည်စက်မှုနယ်မြေတွင် စွပ်ကျယ်စက်ရုံ(ကျောက်ဆည်)ကို ခန့်မှန်းရင်းနှီးမြှုပ်နှံငွေကျပ် သန်းပေါင်း ၁၃၀၀ဖြင့် တည်ဆောက်ခဲ့သည်။ အဆိုပါ စက်ရုံမှ စွပ်ကျယ်၊တီရှပ်နှင့် စပို့ရှပ်များ ထုတ်လုပ်ပေးလျက်ရှိသည်။ ထုတ်လုပ်နိုင်မှုမှာ တစ်နှစ်ထုတ်လုပ်မှု (၂)လှည့်စနစ်ဖြင့် စွပ်ကျယ် ၁ ဒသမ ၂ သန်း၊ တီရှပ် ၁ဒသမ ၆သန်း၊ စပို့ရှပ် ၁ ဒသမ ၁၈ သန်းဖြစ်ကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်း၊ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပလိပ်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံအနီးတွင် အမှတ်(၃) စက္ကူစက်(ပလိပ်)ကို မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းက တည်ဆောက်ခဲ့သည်။ အဆိုပါ စက်ရုံကို ငွေကျပ် ၁၆၇၄ သန်းကျော် ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တစ်နေ့လျှင် သတင်းစာစက္ကူ ၂၅ တန် ထုတ်လုပ်ပေးလျက်ရှိသည်။

စက်ရုံအလုပ်ရုံ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေးအတွက် စက်ရုံအသစ်များကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိသည်။ ဧရာဝတီတိုင်း ငဝန်မြစ်အနောက်ဘက်ကမ်း သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာအနီးတွင် စက်ရုံသစ်များ တည်ဆောက်လျက်ရှိသည်။

မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းက တစ်နေ့တန် ၂၀၀ ကျ ပျော့ဖတ်စက်ရုံ၊ တစ်နေ့တန် ၅၀ ကျ အဆင့်မြင့် စက္ကူစက်ရုံနှင့် တစ်နေ့တန် ၆၀ ကျအရောင်ချွတ်ပြီး ဓာတုစက်ကြိတ်ပျော့ဖတ်သတင်းစာစက္ကူစက်ရုံတို့ကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်က ယခုကဲ့သို့ စက်ရုံ၊ အလုပ်ရုံများစွာကို ငွေကြေးအရင်းအနှီးများစွာ အကုန်အကျခံ၍ တည်ဆောက်ပေးနေခြင်းသည် ပြည်သူတို့၏ လူသုံးကုန်ပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးသာမက ဒေသတွင်း ပြည်သူများအလုပ်အကိုင်ရရှိရေး၊ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေနိုင်မည် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေး၊ အများပြည်သူသုံးစွဲနိုင်သော ပစ္စည်းများ၊ သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်လာနိုင်စေရေးတို့အတွက် စက်ရုံ၊ အလုပ်ရုံများက စွမ်းအားအပြည့်အဝထုတ်လုပ်သွားကြရန် ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အီရတ်ရှေးဟောင်းသုတေသနနေရာများ နေ့စဉ်ခိုးယူခံနေရဆဲ ယူနက်စကိုအားကိုးကား၍ ဂျော်ဒန်တိုင်းမ်သတင်းစာဖော်ပြ

အမ္မန် ဇူလိုင် ၈

အီရတ်နိုင်ငံတွင်အဓိကထိုးစစ်ဆင်တိုက်ခိုက်မှုကြီးများ ပြီးဆုံးသွားခဲ့သည့်နောက် နှစ်လအကြာတွင် ကျယ်ပြန့်သည့်အီရတ်နိုင်ငံ၏ ရှေးဟောင်းသုတေသနနေရာများသည် မသမာသူများ၏ နေ့စဉ်ရက်ဆက် ခိုးယူမှုကို ယနေ့ထက်တိုင် ခံနေရသေးကြောင်းဖြင့် ကုလသမဂ္ဂပညာရေး၊သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)အား ကိုးကား၍ ဂျော်ဒန်တိုင်းမ်သတင်းစာက တနင်္လာနေ့တွင်ဖော်ပြလိုက်သည်။

ပြဿနာပေါင်းသောင်းခြောက်ထောင်

အမေရိကန်ဦးဆောင်သည့် တပ်သားများထံမှ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှု လိုအပ်နေမှုကြောင့် ရှေးဟောင်းပစ္စည်းဆိုင်ရာ ကျွမ်းကျင်သူများက အီရတ်ရှိ စနစ်တကျ မှတ်ပုံတင်ထားသည့် ယဉ်ကျေးမှုနေရာ ၁၀၀၀၀ကျော်ကို ကာကွယ်စောင့်ရှောက်ရမည့် ပြဿနာပေါင်းသောင်းခြောက်ထောင်နှင့် ကြုံတွေ့လျက်ရှိကြောင်း ယူနက်စကိုညွှန်ကြားရေးမှူးချုပ် ဘောင်ချင်နာကီက ပြောကြားသည်။

မြေနှောက်တူးဖော်ရှာယူ

အချို့သောယဉ်ကျေးမှုသမိုင်းဝင် နေရာများကို အရပ်သားအခွင့်အရေးသမားလုယက်သူများက ကြိမ်ဖန်များစွာလာရောက်လုယက် သောင်းကျန်းကြသည်။ ၎င်းတို့က ရတနာများတွေ့လိုဇောဖြင့် ထင်တိုင်းကြဲမြေနှောက်တူးဖော်ရှာယူနေကြသည်။

ရင်ဆိုင်ကြုံတွေ့

အမေရိကန်ဦးဆောင်သည့် တပ်သားများထံမှ ကာကွယ်စောင့်ရှောက်မှု မရှိခဲ့မှုကြောင့် ရှေးဟောင်းပစ္စည်းဆိုင်ရာ ကျွမ်းကျင်သူများအနေဖြင့် နိုင်ငံ၏ အမျိုးသား ယဉ်ကျေးမှုလက္ခဏာ ထိန်းသိမ်းစောင့်ရှောက်ရမည့် ပြဿနာပေါင်းစုံဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ဘောင်ချင်နာကီကပြောကြားသည်။

လိုက်နာသင့်

အီရတ်ရှိ ကြားဖြတ်အာဏာပိုင်အဖွဲ့က အဓိကသုတေသနနေရာ၄၀ကို ကာကွယ်ရေးအတွက် အစောင့်တပ်သားများထားရန် ကတိကဝတ်ကို လိုက်နာသင့်သည်ဟု မိမိမျှော်လင့်ကြောင်း ၎င်းကပြောကြားသည်။

အီရတ်နိုင်ငံ၏ ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ ထိခိုက်ပျက်စီးမှုသည် ဘာဆရာတောင်ပိုင်းအထိ ပျံ့နှံ့သွားပြီး ဘာဆရာတွင် ရှေးဟောင်းသုတေသနပြတိုက် မရှိတော့ကြောင်း ဘောင်ချင်နာကီက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြို့မြောက်ဘက် အဇာမီယာဒေသတွင် ကားစစ်ဆေးရေးစခန်း၌ အီရတ်နိုင်ငံသား ဖခင်ဖြစ်သူအား အမေရိကန်တပ်သားတစ်ဦးက ဇူလိုင် ၇ ရက်၌ စစ်ဆေးရာ သားဖြစ်သူကလေးငယ်က စစ်ဆေးခံရန် သူ့အလှည့်ကို စောင့်ဆိုင်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်၌ ညပိုင်း တိုက်ခိုက်မှုဖြစ်ပွား အမေရိကန်တပ်သားနှစ်ဦး သေဆုံးဟုပြောကြား

ဘဂ္ဂဒက် ဇူလိုင် ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ညပိုင်း၌ အမေရိကန်စစ်သားနှစ်ဦးသည် နောက်ထပ် လောလောလတ်လတ်ဖြစ်ပွားသည့် တိုက်ခိုက်မှုတွင် သေဆုံးသွားကြောင်းဖြင့် အမေရိကန်စစ်ဘက်က တနင်္လာနေ့၌ ပြောကြားလိုက်သည်။

ဘဂ္ဂဒက်မြို့တော်ဝန်းကျင်ဒေသဖြစ်သည့် အဇာမီယာတွင် လှည့်ကင်းက အီရတ်နိုင်ငံသား လက်နက်ကိုင်တစ်ဦး၏နောက်သို့ နောက်ယောင်ခံလိုက်စဉ် အမေရိကန်စစ်သားတစ်ဦး သေဆုံးခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားစဉ် အီရတ်နိုင်ငံသားလက်နက်ကိုင်တစ်ဦးသေဆုံးပြီး အခြားတစ်ဦးထိခိုက်ဒဏ်ရာရရှိသည်။

ကာဒီဟီမီယာခရိုင်တွင် အမေရိကန်စစ်သားတစ်ဦး၏ ကားအား ဒုံးကန်အားသုံး လက်ပစ်ဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ဒုတိယမြောက်စစ်သားသေဆုံးသည်။

ဘဂ္ဂဒက်မြို့တော်မှ မိုင် ၆၀ ခန့်အကွာရှိ ရာမာဒီမြို့တွင် တနင်္ဂနွေနေ့ညက ဒုံးကန်အားသုံး လက်ပစ်ဗုံးဖြင့် ချောင်းမြောင်း တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်သားလေးဦး ထိခိုက်ဒဏ်ရာ ရရှိသွားသည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှားနိုင်ငံ ပိုင်နက်နယ်မြေအတွင်းသို့ ထပ်မံကျူးကျော်ဝင်ရောက်မှုမပြုရန် အမေရိကန်ကိုသတိပေး

ဂျကာတာ ဇူလိုင် ၈

အမေရိကန် စစ်လေယာဉ်များနှင့် စစ်သင်္ဘောများ အင်ဒိုနီးရှား၏ ပိုင်နက်နယ်မြေအတွင်းသို့ ထပ်မံကျူးကျော်ဝင်ရောက်ခြင်းမပြုရန် အင်ဒိုနီးရှားဒုတိယသမ္မတ အမ်ဇာဟက်ဇ်က အမေရိကန်ပြည်ထောင်စုအား တနင်္ဂနွေနေ့တွင် သတိပေးလိုက်သည်။

အင်ဒိုနီးရှားနှင့်အမေရိကန်တို့အကြား ပြဿနာအသစ်များ ထပ်မံမဖြစ်ပေါ်စေရေးအတွက် အင်ဒိုနီးရှား နယ်မြေများအား ကျူးကျော်ဝင်ရောက်မှုမပြုရန် မိမိတို့က အမေရိကန်တို့အား တိုက်တွန်းထားကြောင်း ၎င်းက ဂျကာတာရှိ ဒုတိယသမ္မတနန်းတော်တွင် သတင်းထောက်များအား ပြောကြားသည်။

အင်ဒိုနီးရှားပိုင်နက်နယ်မြေများ၏ စည်းမျဉ်းစည်းကမ်းများအား ချိုးဖောက်ခြင်းမပြုရန် အင်ဒိုနီးရှား ဒုတိယသမ္မတက အခြားနိုင်ငံများကိုလည်း သတိပေးလိုက်သည်။

အကယ်၍ အမေရိကန်စစ်လေယာဉ်များနှင့် သင်္ဘောများက အင်ဒိုနီးရှားနယ်မြေကို ချိုးဖောက် ဝင်ရောက်လျှင် အင်ဒိုနီးရှားက ဆန့်ကျင်ကန့်ကွက်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံရေးနှင့် လုံခြုံရေးရာ ညှိနှိုင်းရေးဝန်ကြီး ယူဟိုယွန်ဒိုက ပြောကြားသည်။အင်ဒိုနီးရှား လက်နက်ကိုင်တပ်ဖွဲ့များ(တီအင်အိုင်)က ပြုလုပ်နေသည့် စုံစမ်းစစ်ဆေးမှုများကို တစ်ရက်မှ နှစ်ရက်အထိ မိမိတို့ဝန်ကြီးဌာနက စောင့်ဆိုင်းမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

မိမိတို့သည် အမေရိကန်တို့၏ ချိုးဖောက်မှုများကို လေ့လာသုံးသပ်နေကြောင်းနှင့် ချိုးဖောက်မှုများကို တွေ့ရှိပါက အမေရိကန်အစိုးရထံသို့ သံတမန်ရေးနည်းလမ်းအရ ကန့်ကွက်လွှာတင်ပြမည်ဖြစ်ကြောင်း အင်ဒိုနီးရှားတီအင်အိုင်အကြီးအကဲ ဗိုလ်ချုပ်ကြီး အင်ဒရီယာတိုနိုဆူတာတိုကလည်း သတင်းထောက်များအား ပြောကြားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

အမေရိကန်ယာဉ်တန်းအတိုက်ခံရ၍ စစ်သားနှစ်ဦးသေဆုံး ၂၄နာရီအတွင်း အမေရိကန်စစ်သည်သုံးဦး ကျဆုံးခြင်းဖြစ်

ဘဂ္ဂဒက် ဇူလိုင် ၇

အမေရိကန်စစ်ယာဉ်တန်းနှစ်ခုကို တနင်္ဂနွေနှင့် တနင်္လာနေ့ နံနက်စောစောပိုင်းက သီးခြားစီ အတိုက်ခံခဲ့ရသဖြင့် အမေရိကန် စစ်သားနှစ်ဦးကျဆုံးသွားကြောင်း စစ်ဘက်သတင်းရပ်ကွက်က ဆိုသည်။

ပြောကြား

စစ်ဘက်မှပြောရေးဆိုခွင့်ရှိသူ တပ်ကြပ်ကြီး ပက်ထရစ်ကမ်တွန်က တနင်္ဂနွေနေ့ညနေပိုင်းက ဖြစ်ပွားသော ပစ်ခတ်မှုတွင် အမေရိကန် စစ်သားတစ်ဦး သေဆုံးသွားသည်ဟု ပြောကြားခဲ့သည်။

ဖမ်းဆီးထိန်းသိမ်း

ထိုပစ်ခတ်မှုတွင် သေနတ်သမားနှစ်ဦးက တိုက်ခိုက်ခြင်းဖြစ်သည်။ ပြန်လည်ပစ်ခတ်မှုများကြောင့် သေနတ်သမားတစ်ဦး သေဆုံးသွားပြီး တစ်ဦးဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရသွားသူကို ဖမ်းဆီးထိန်းသိမ်းထားသည်။

တိုက်ခိုက်

တနင်္လာနေ့ စောစောပိုင်းက ဖြစ်ပွားသော ဒုတိယတိုက်ခိုက်မှုတွင် တိုက်ခိုက်သူများက လက်လုပ်ဗုံးဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထိုတိုက်ခိုက်မှုတွင် အမေရိကန် စစ်သားတစ်ဦး သေဆုံးသွားသည်။ သေဆုံးသွားသော စစ်သည်နှစ်ဦးစလုံးမှာ ဂျာမနီတွင် အခြေစိုက်သောအမှတ်(၁) သံချပ်ကာတပ်မမှ ဖြစ်သည်။

ယခုအဖြစ်အပျက်ပါ ထည့်၍တွက်လျှင် ၂၄နာရီအချိန်အတွင်း ဘဂ္ဂဒက်မြို့၌ အမေရိကန် စစ်သားသုံးဦး သေဆုံးခဲ့ရခြင်းဖြစ်သည်။

အနီးကပ်ပစ်ခတ်

တတိယအဖြစ်အပျက်မှာ တနင်္ဂနွေနေ့တွင် နေ့ခင်းကြောင်တောင် တိုက်ခိုက်ခံရခြင်းဖြစ်သည်။ အမေရိကန်စစ်သားသည် ဘဂ္ဂဒက်တက္ကသိုလ်တွင် အချိုရည်ဝယ်ရန် စောင့်နေစဉ် အနီးကပ် ပစ်ခတ်ခံရခြင်း ဖြစ်သည်။ ထိုအဖြစ်အပျက်၏ လုပ်ပုံကိုင်ပုံသည် စနေနေ့က ဘဂ္ဂဒက်မြို့ ပြတိုက်တွင် ဗြိတိန်ဓာတ်ပုံသတင်းသမားအား သတ်သွားပုံနှင့် ဆင်တူသည်ဟုဆိုသည်။

စိုးရိမ်မကင်းဖြစ်

အီရတ်တွင် လက်နက်မဲ့သတင်းထောက်အား ပစ်သတ်ခြင်းနှင့် ကုလသမဂ္ဂဝင်းအတွင်း တိုက်ခိုက်ခြင်းများပါဖြစ်ပေါ်လာသည်။ ယခင်က လက်နက်ကိုင်တပ်ဖွဲ့များ၊ သိမ်းပိုက်ရေးတပ်များနှင့် ပူးပေါင်းသူအီရတ်များကိုသာ ဦးတည်တိုက်ခိုက်ခဲ့ကြရာမှ ယခုအခါ အနောက်တိုင်းသားများကိုပါ တိုက်ခိုက်လာခြင်းဖြစ်သလောဟု စိုးရိမ်မကင်း ဖြစ်လာကြသည်။ ***အင်တာနက်။***

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဇူလိုင် ၆ ရက်က ဘဂ္ဂဒက်မြို့တော်ရှိ ယာဉ်အသွားအလာရှုပ်ထွေးသည့် အဝိုင်းကြီးတွင် ကင်းလှည့် စောင့်ကြပ်နေသည့် အမေရိကန်တပ်သားနှစ်ဦးကို တွေ့ရစဉ်။ (အီရတ်ရှိ အမေရိကန်တပ်သားများမှာ နေ့စဉ်နှင့်အမျှဆိုသလို တိုက်ခိုက်ခံနေရသည်။) (ဓာတ်ပုံ-အင်တာနက်)

ကုလသမဂ္ဂဆိုင်ရာ အီရတ်သံအမတ်ကြီးဟောင်း နယူးယောက်တွင် သေဆုံး

နယူးယောက် ဇူလိုင် ၇

ကုလသမဂ္ဂဆိုင်ရာအီရတ်သံအမတ်ကြီးဟောင်းနှင့် အမေရိကန်ပြည်ထောင်စုဆိုင်ရာ အီရတ် သံအမတ်ကြီးဟောင်း နီဇာဟမ်ဒွန်းသည် ကင်ဆာရောဂါဝေဒနာအပြင်းအထန်ခံစားရပြီး နယူးယောက် ဆေးရုံတွင် ကွယ်လွန်သွားကြောင်း ၎င်း၏ ရောင်းရင်းများနှင့် အာရပ်သံတမန်များက ပြောကြားသည်။ ၎င်းသည် သေဆုံးချိန်တွင် အသက် (၅၉) နှစ်ရှိပြီဖြစ်သည်။

ဆက်ဒမ်ဟူစိန် အစိုးရလက်ထက်တွင် နီဇာဟမ်ဒွန်းသည် ဒုတိယနိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး လွန်ခဲ့သည့်နှစ်များစွာအတွင်းအီရတ်နိုင်ငံမှဆလိုအန်ကစ်တာရင်း ကင်ဆာကုဆေးရုံသို့ ခေါက်တုံ့ခေါက်ပြန် ဆေးကုသသွားခဲ့သည်။ ၎င်းမသေဆုံးမီ ရက်သတ္တပတ်ကြာမေ့မြောနေခဲ့ပြီး သောကြာနေ့ အနောင်းပိုင်းတွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် ပြည်ထောင်စုသို့ ဟမ်ဒွန်းသွားရောက်ခွင့်ကို လူသားချင်းစာနာရေးဆိုင်ရာ အကြောင်းကိစ္စများအရခွင့်ပြုခဲ့ကြောင်း အမေရိကန် တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***



ဘီဘီစီနှင့် ဝန်ကြီးချုပ်ရုံးအကြား တင်းမာနေဆဲ ဘက်လိုက်ရေးသားမှုမရှိဟု ဘီဘီစီကာကွယ်ပြောဆို

လန်ဒန် ဇူလိုင် ၇

အီရတ်နိုင်ငံ၏ အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်အခြေအနေ ဆန်းစစ်ချက်မှတ်တမ်းတွင် ဗြိတိသျှအစိုးရက ဆက်ဒမ်ဟူစိန်၏ ခြိမ်းခြောက်မှုကို ပုံကြီးချဲ့ကားခဲ့သည်ဆိုသော ဘီဘီစီသတင်းဌာန၏ သတင်းဖော်ပြခဲ့ခြင်းနှင့်ပတ်သက်၍ ဗြိတိသျှအစိုးရအဖွဲ့နှင့်တင်းမာမှု ဖြစ်ပေါ်နေသော်လည်း ဘီဘီစီအုပ်ချုပ်ရေးမှူးများသည် ဘီဘီစီသတင်းအဖွဲ့၏ ဆောင်ရွက်ခဲ့ပုံနှင့်ပတ်သက်၍ တနင်္လာနေ့တွင် ကာကွယ်ပြောကြားလိုက်သည်။

တောင်းဆို

ဘီဘီစီသတင်းဌာနသည် အီရတ်စစ်ပွဲနှင့်ပတ်သက်၍ သတင်းရေးသားဖော်ပြရာတွင် ဘက်လိုက်မှု ရှိသည်ဆိုသော ဝန်ကြီးချုပ်ရုံး ဆက်သွယ်ရေးညွှန်ကြားရေးမှူးအလာတဲယားကမ့်ဘဲလ်၏ စွပ်စွဲချက်ကို ပြန်လည်ရုပ်သိမ်းရန် ဘီဘီစီ အုပ်ချုပ်ရေးမှူးများက တောင်းဆိုလိုက်ကြသည်။

ထုတ်ပြန်

အီရတ်နိုင်ငံ၏ အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်ဆိုင်ရာ ဆန်းစစ်လေ့လာချက် မှတ်တမ်းကို ဗြိတိသျှအစိုးရက စက်တင်ဘာလက ထုတ်ပြန်ခဲ့ရာတွင် ကမ့်ဘဲလ်၏ ပန်ကြားချက်အရ ယင်းမှတ်တမ်း၌ ပြင်ဆင်မှုများ ရှိခဲ့သည်ဆိုသော ထောက်လှမ်းရေး အရာရှိတစ်ဦး၏ ပြောဆိုချက်နှင့်ပတ်သက်၍ ဘီဘီစီက ထုတ်လွှင့်ခဲ့မှုမှာ အမှားကျူးလွန်ခြင်း မဟုတ်ကြောင်း ဘီဘီစီအကြီးအကဲများက ပြောကြားကြသည်။

ပေါ်ထွက်လာ

ဗြိတိသျှ နိုင်ငံခြားရေး ကော်မတီသည် အီရတ် လက်နက်အစီအစဉ်ဆိုင်ရာ ဆန်းစစ်ချက်မှတ်တမ်းများ ထုတ်ပြန်ရာတွင် အစိုးရအဖွဲ့က ပုံကြီးချဲ့ကားမှုရှိ၊ မရှိ စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပြီးနောက် အစီရင်ခံစာ တစ်ရပ်ကို ကော်မတီက ထုတ်ပြန်ရန် ရှိနေစဉ် ဘီဘီစီအုပ်ချုပ်ရေးမှူးများ၏ ပြောကြားချက်ပေါ်ထွက်လာသည်။ ***အင်တာနက်။***

ဇူလိုင် ၆ ရက်က ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ဩစတြေးလျမှ မတ်ဖိလစ်ပေါဝစ်အား အနိုင်ရရှိပြီးနောက် ဝင်ဘယ်ဒန်ဆုဖလားကြီးနှင့်အတူ တွေ့ရသော နယူးဇီလန်မှ ရော်ဂျာဖီဒါရာ။ (နယူးဇီလန်အမျိုးသားတစ်ဦးအနေဖြင့် ဝင်ဘယ်ဒန်ပြိုင်ပွဲသမိုင်း၌ တစ်ဦးချင်းပွဲစဉ်တွင် ပထမဆုံးအကြိမ် ဗိုလ်စွဲခြင်းဖြစ်သည်။)
(ဓာတ်ပုံ-ဆင်ဟွာ)



အီရတ်စစ်ပွဲ ၁၂၅ ရက်ကြာမည် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲထုတ်ဖော်ပြော

လန်ဒန် ဇူလိုင် ၇

အီရတ်စစ်ပွဲမှာ ၁၂၅ ရက်ကြာမည်ဟု အမေရိကန်ဦးဆောင်သည့် တပ်များက ယုံကြည်ကြောင်းဖြင့် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက ပထမဆုံးအကြိမ် ထုတ်ပြောလိုက်သည်ဟု ဗြိတိသျှအော့ဗ်ဇားဗားသတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားလိုက်သည်။

အမေရိကန်တို့ ဦးဆောင်သည့် စစ်တပ်များက အီရတ်ပြည်တွင်းရေး ဝင်ရောက်ဆောင်ရွက်ခြင်းမှာ တပ်မှူးများသတ်မှတ်ထားသည့် မူလအချိန်ဇယား ၁၂၅ ရက်အတွင်း၌ပင်ရှိသေးကြောင်း ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲက ဗြိတိသျှအော့ဗ်ဇားဗားသတင်းစာသို့ ပြောကြားလိုက်သည်။

အစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များရှာဖွေခြင်းမှာ အချိန်ကြာကောင်းကြာမည်ဖြစ်သော်လည်း တွေ့လိမ့်မည်ဟု ဝန်ကြီးချုပ်တိုနီဘလဲက ယုံကြည်ယူဆလျက်ရှိသည်ဟုသိရသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

တောင်ကိုရီးယားသမ္မတ နိုမူးဟွန်နှင့်အဖွဲ့ တရုတ်ပြည်၌လည်ပတ်ရန် ဘေဂျင်းသို့ရောက်ရှိ

ဘေဂျင်း ဇူလိုင် ၇

တောင်ကိုရီးယားသမ္မတ နိုမူးဟွန်သည် တရုတ်သမ္မတ ဟူကျင်တောင်၏ ဧည့်သည်အဖြစ် တရုတ်ပြည်တွင် လေးရက်ကြာနေထိုင်လည်ပတ်ရန် ဘေဂျင်းမြို့သို့ တနင်္လာနေ့ကရောက်ရှိသည်။

— အမြင်ချင်းဖလှယ် —

သမ္မတဟူကျင်တောင်နှင့် သမ္မတနိုမူးဟွန်တို့သည် တနင်္လာနေ့နှောင်းပိုင်းတွင်တွေ့ဆုံပြီး နှစ်နိုင်ငံကိစ္စ၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအကျိုးတူပြဿနာများကို ဆွေးနွေးအမြင်ချင်းဖလှယ်ကြမည်ဖြစ်သည်။

တရုတ်သမ္မတဟူကျင်တောင်နှင့် တောင်ကိုရီးယားသမ္မတ နိုမူးဟွန်တို့သည် ရာထူးရယူလက်ခံပြီးနောက် ပထမဆုံးအကြိမ် တွေ့ဆုံကြခြင်းဖြစ်သည်။

တောင်ကိုရီးယားသမ္မတ နိုမူးဟွန်နှင့်အတူ ဇနီးဖြစ်သူ ခွန်ယန်ဆု၊ တောင်ကိုရီးယား တာဝန်ရှိပုဂ္ဂိုလ် ၁၅ ဦးနှင့် လုပ်ငန်းရှင် ၃၀ ဦး လိုက်ပါလာသည်။

— အစီအစဉ်ရှိ —

သမ္မတနိုမူးဟွန်သည် ဘေဂျင်း၌ အခြားသောတရုတ်အစိုးရခေါင်းဆောင်များနှင့် တွေ့ဆုံမည့်အပြင် ဆင်ဟွာတက္ကသိုလ်၌ ဟောပြောပွဲတက်ရောက်ဟောပြောမည့်အပြင် ဘေဂျင်းမြို့ရှိ တောင်ကိုရီးယားမော်တော်ကားစက်ရုံသို့ သွားရောက်လေ့လာမည်ဖြစ်သည်။ ထို့ပြင် ရှန်ဟဲမြို့သို့လည်း သွားရောက်လည်ပတ်ရန် အစီအစဉ်ရှိသည်ဟုသိရသည်။ ***အင်တာနက်။***

တူဝေသာ နျူကလီးယား သုတေသနစခန်းကို ကာကွယ်စောင့်ရှောက်ရန် ဂရင်းပိစ်အုပ်စုက တောင်းဆိုထားသည့် စာတန်းကို အမေရိကန်အုပ်ချုပ်ရေးအဖွဲ့ ရုံးထိုင်ရာ အီရတ်သမ္မတနန်းတော်ဟောင်း အနီးတွင် ထောင်ထားရာ အမေရိကန်တပ်သား တစ်ဦးက ရပ်လျက် စောင့်ကြည့်နေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ထောက်လှမ်းရေးသတင်းများ အိမ်ဖြူ ကြိုးကိုင်ခြယ်လှယ်ဆိုမှု လူသိထင်ရှားကြားနာမှု ပြုသင့်၊ မသင့် သဘောထားကွဲလွဲ

ဝါရှင်တန် ဇူလိုင် ၇

အီရတ်စစ်ပွဲဆင်နွှဲစေခဲ့သည့် ထောက်လှမ်းရေးသတင်းများအား အမေရိကန်အိမ်ဖြူတော်က ကြိုးကိုင်ခြယ်လှယ်သည်ဟူသော စွပ်စွဲချက်များနှင့် ပတ်သက်၍ အခြားလူသိထင်ရှား ကြားနာမှုတစ်ရပ် ပြုသင့်–မပြုသင့်ကိစ္စအပေါ် ရီပတ်ဗလီကင်ပါတီမှ ထိပ်တန်းအမတ်တစ်ဦးနှင့် အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များ ကော်မတီမှ ဒီမိုကရက်အမတ်တစ်ဦးတို့ တနင်္ဂနွေနေ့တွင် သဘောထားချင်း ကွဲလွဲကြကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန် သံအမတ်ကြီးဟောင်း ဂျိုးဇက်ဝီလ်ဆင်က အီရတ်နိုင်ငံသည် နိုင်ဂျာနိုင်ငံမှ ယူရေနီယံ ဝယ်ခဲ့သည်ဟူသည့် နောက်ထပ် စွပ်စွဲချက်အသစ်တစ်ရပ်က မိမိဌာနတွင်း စုံစမ်းစစ်ဆေးမှု ပြုလုပ်နေခြင်းကိစ္စကို မီးထိုးပေးသလိုဖြစ်ရကြောင်း မီချီဂန်ပြည်နယ် အထက်လွှတ်တော်အမတ် ကာလ်လီဗင်က အင်ဘီစီသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

အခွင့်အလမ်းပေးထား

သို့ရာတွင် ကော်မတီဥက္ကဋ္ဌဖြစ်သူ ဗာဂျီးနီးယားပြည်နယ် ရီပတ်ဗလီကင် အထက်လွှတ်တော်အမတ် ဂျွန်ဝါနာက အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီအား အမှုကိစ္စကို ဆက်လက်၍ နက်နက်ရှိုင်းရှိုင်း စူးစမ်းမှုပြုသင့်၊ မသင့် မဆုံးဖြတ်မီ စုံစမ်းစစ်ဆေးမှုကို ပြီးပြတ်အောင် ဆောင်ရွက်စေရန် အခွင့်အလမ်းပေးထားကြောင်း ပြောကြားသည်။

ယထာဘူတကျကျ

မိမိတို့အနေဖြင့် ယနေ့နံနက်ပိုင်း တစ်ချိန်တည်းတွင် တစ်မိနစ်တည်းဖြင့် ပြဿနာမဖြေရှင်းနိုင်ကြောင်း၊ အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီတွင် ၎င်းကိစ္စကို စေ့စေ့စပ်စပ် ယထာဘူတကျကျ ပြန်လည်သုံးသပ်လျက်ရှိကြောင်း၊ ဘုရှ်အစိုးရအနေဖြင့် လိုရာဆွဲ၍ ထောက်လှမ်းရေးသတင်း အချက်အလက်များကို ကလိမ်ကကျစ်ဖြင့် လှည့်စားနေသော ဆွဲဆောင်စရာကောင်းသည့် မည်သည့်သက်သေ အထောက်အထားမျှ မတွေ့ရှိမိကြောင်း ဝါနာက ပြောကြားသည်။

ယူရေနီယံ

ဂါဘွန်နိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီးဝီလ်ဆင်သည် အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ)၏ မေတ္တာရပ်ခံချက်အရ အီရတ်နိုင်ငံက နိုင်ဂျာနိုင်ငံမှ ယူရေနီယံ ဝယ်ယူရေးကိစ္စကို စုံစမ်းရန် အာဖရိကဒေသသို့ ၂၀၀၂ ခုနှစ်က ခရီးသွားလာခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာသို့ ပြောကြားသည်။

ယင်းကိစ္စဖြစ်ပွားခဲ့မှုသည် သံသယဖြစ်ဖွယ်ရှိခဲ့သောကြောင့် ယင်းကိစ္စအား သတင်းပေးပို့ခဲ့ပြီး စီအိုင်အေက ၎င်း၏ အကဲဖြတ်ချက်ကို အမေရိကန် ဒုတိယသမ္မတ ဒစ်ချေနီထံသို့ အစီရင်ခံခဲ့ကြောင်း ဝီလ်ဆင်က ပြောကြားသည်။

နက်နက်နဲနဲ

မီချီဂန်ပြည်နယ်မှ အမေရိကန် အထက်လွှတ်တော်အမတ် လီဗင်က နောက်ထပ် စွပ်စွဲမှုအသစ်သည် ပြဿနာကို နက်နက်ရှိုင်းရှိုင်း ပေါ်ပေါက်စေကြောင်း၊ မိမိအနေဖြင့် လက်နက်ကိုင်တပ်ဖွဲ့များ ကော်မတီအား ယူရေနီယံပြဿနာအပါအဝင် ပြဿနာ သောင်းခြောက်ထောင်တို့ကို နက်နက်နဲနဲ လေ့လာစစ်ဆေးရန် ညွှန်ကြားထားကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တူရကီမြို့လယ် ဓာတ်ဆီဆိုင် ပေါက်ကွဲမီးလောင်

အန်ကာရာ ဇူလိုင် ၇

တူရကီနိုင်ငံ အန်ကာရာမြို့လယ်ဓာတ်ဆီဆိုင် မီးလောင်ပေါက်ကွဲမှုတွင် ဒဏ်ရာရရှိသူ ၁၈၉ ဦးရှိသည်ဟု တူရကီကျန်းမာရေးဝန်ကြီးက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။ ဒဏ်ရာရသူ အများစုမှာ လက်ထပ်ပွဲတက်ရောက်လာသူများဖြစ်သည်။

ဒဏ်ရာရသူများအနက် ခုနစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိကြောင်း တူရကီကျန်းမာရေးဝန်ကြီး အက်ဒက်က ပြောဆိုသည်။

အခင်းဖြစ်ပွားစဉ်က လူ ၃၀၀ ဆံ့သည့် လက်ထပ်ပွဲကျင်းပသည့် အဆောင်တွင်း၌ လူအပြည့်ရှိသည်။

ဓာတ်ဆီဆိုင်မီးမှာ အနီးရှိ လူနေအိမ် ၁၀၀ ခန့်ကို ကူးစက်ပြီး နေအိမ်တစ်အိမ်မှာ လုံးဝပျက်စီးသွားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်ရေနံများ ဈေးကွက်သို့ စောစီးစွာပို့ရေး မသေမချာဖြစ်နေ

ဘဂ္ဂဒက် ဇူလိုင် ၇

အီရတ်သည် ရေနံများကို ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် ကြိုးစားအားထုတ်နေသည်။ ၎င်း၏ ဧရာမ ကယ်ကွတ် ရေနံမြေမှ တူရကီနိုင်ငံသို့ ဆက်သွယ်ထားသော ရေနံပိုက်လိုင်း ပြင်ဆင်ပြီးစီးရန် လုံးပန်းလျက်ရှိသည်။

အီရတ်မြောက်ပိုင်း ရေနံကုမ္ပဏီ (အင်အိုစီ)မှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ အဒယ်လ်ကွာဇာက မိမိတို့သည် တူရကီ–အီရတ် ရေနံပိုက်လိုင်းအား ပြင်ဆင်လျက်ရှိကြကြောင်း ရိုက်တာသတင်းဌာနကို ပြောကြားသည်။

— ရန်ပုံငွေများရရှိ —

တူရကီ–အီရတ် ရေနံပိုက်လိုင်းသည် ပြည်ပသို့ ရေနံတင်ပို့ရေးအတွက် အရေးပါသည်။ ထိုပိုက်လိုင်းသည် မြေထဲပင်လယ်ရှိ တူရကီသင်္ဘောဆိပ် စီဟန်အထိ ရောက်ရှိသည်။ ပြည်ပတင်ပို့ရာမှ ရသော ရေနံဝင်ငွေများမှာ နိုင်ငံပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေများရရှိစေမည်ဖြစ်သည်။

ထိုရေနံပိုက်လိုင်းသည် ပြီးခဲ့သော လအတွင်းက ဖြစ်ပွားသော ပေါက်ကွဲမှုများနှင့် မီးလောင်မှုများကြောင့် အကြီးအကျယ်ပျက်စီးခဲ့ရသည်။

— ပေးပို့ခဲ့ —

ကယ်ကွတ်ရေနံမြေမှ ရေနံထုတ်လုပ်ရေးလုပ်ငန်းသည် အီရတ်ရေနံကို ပြည်ပသို့လျင်မြန်စွာ တင်ပို့ရေးအစီအမံ တွင် အရေးကြီးသော အစိတ်အပိုင်းမှ ပါဝင်သည်။ စစ်မဖြစ်မီက ထိုပိုက်လိုင်းမှ နေ့စဉ်ရေနံစိမ်းစည် ၇၀၀၀၀၀ ပေးပို့ခဲ့သည်။

ဘဂ္ဂဒက်သည် ဇူလိုင်လလယ်လောက်တွင် နေ့စဉ်ရေနံစိမ်းပီပါတစ်သန်း တင်ပို့ရန် စီမံထားသည်။ ယင်းအနက် ကယ်ကွတ်ရေနံမြေမှ ပီပါပေါင်း ၄၀၀၀၀၀ နေ့စဉ်ထုတ်လုပ်ပေးမည်ဖြစ်သည်။ ***အင်တာနက်။***

အမျိုးသမီးဘဝကို လွမ်းတသသဖြစ်ကြရ အီရတ်ရောက် အမေရိကန်စစ်သမီးများ ပြောဆို

မိုဆူးလ် ဇူလိုင် ၇

အမေရိကန်တပ်ဖွဲ့ အီရတ်နိုင်ငံမှ ရုပ်သိမ်းမည့်နေ့ရက်ကို အတိအကျသတ်မှတ်နိုင်ခြင်းမရှိဘဲ တစ်လပြီးတစ်လ အချိန်ကုန်လွန်လာသည်နှင့်အမျှ အီရတ်ရောက် အမေရိကန်ကြည်းတပ်မှ စစ်သမီးများသည် ၎င်းတို့၏ မိခင်ဘဝနှင့် အမျိုးသမီးဘာသာဘာဝ နေထိုင်မှုတို့ကို လွမ်းတသသဖြစ်နေကြသည်။ အီရတ်တွင် တိုက်ခိုက်ရေး စစ်ဆင်မှုလုပ်ငန်းများ ပြီးဆုံးခဲ့ပြီဖြစ်သော်လည်း လုံခြုံရေးအခြေအနေ ဆက်လက်ဆိုးရွားနေပြီး ချုံခိုတိုက်ခိုက်မှုများ ဆက်လက်ပေါ်ပေါက်လျက်ရှိသဖြင့် အီရတ်တွင် နောက်ထပ်အချိန်ကာလ အကန့်အသတ်မရှိ ဆက်လက်နေထိုင်ရမည့်အရေးကို အမျိုးသမီးတပ်ဖွဲ့ဝင်များက စိုးရိမ်ပူပန်လျက်ရှိသည်။

စိတ်သောကဖြစ်

မိမိ၏ မိသားစုအကြောင်းကို စဉ်းစားမိတိုင်း မိမိအနေဖြင့် စိတ်သောကဖြစ်ရကြောင်း အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ စခန်းချ ထားသော အမေရိကန်အမှတ်(၁၀၁) လေကြောင်းချီတပ်မမှ တပ်ကြပ်ကြီး ဒီဖောရေးလ်က ပြောကြားသည်။ မိုဆူးလ်မြို့သည် မြို့တော်ဘဂ္ဂဒက်မှ မိုင် ၁၄၀ အကွာတွင် တည်ရှိသည်။

မိမိနှင့် မိမိ၏လုပ်ဖော်ကိုင်ဖက် အခြားအမျိုးသမီးတပ်ဖွဲ့ဝင်များ တွေ့ကြုံနေရသော ပြဿနာမှာ နေအိမ်နှင့် ကာလကြာရှည်စွာ ကင်းကွာနေရမည့်အရေးပင်ဖြစ်ကြောင်း ရေးလ်က ပြောကြားသည်။ သူမသည် အသက်(၃၇) နှစ်အရွယ်ရှိ မိခင်တစ်ဦးဖြစ်ပြီး ကလေးငယ်နှစ်ဦးရှိသည်။

အိမ်ပြန်ချင်ပြီ

မိမိသည် အိမ်ပြန်ချင်ပြီဖြစ်ကြောင်း၊ မိမိ၏ ကလေးနှစ်ဦးနှင့်အတူ ပျော်ရွှင်စွာ အတူနေထိုင်ချင်ပြီဖြစ်ကြောင်း မစ္စစပီပြည်နယ် ရီပလေမြို့မှ အသက်(၃၁) နှစ်အရွယ်ရှိ စစ်သမီးတစ်ဦးဖြစ်သူ တပ်ကြပ်ကြီး ရေချယ်အီရီဇာရီက ပြောကြားသည်။

ထိုနည်းတူ အသက်(၂၀) အရွယ်ရှိ အမျိုးသမီးတပ်ဖွဲ့ဝင် တစ်ဦးဖြစ်သူ ရှော်နာအာကွက်ကလည်း သူမ၏ ခံစားချက်ကို ထုတ်ဖော်ခဲ့သည်။

အမျိုးသမီးတစ်ဦးပီပီ မိတ်ကပ်လိမ်းခြင်း၊ ဆံပင်ပြုပြင်ခြင်း၊ ကလပ်သွားခြင်းတို့ကို မိမိလွမ်းဆွတ် တမ်းတမိကြောင်း သူမက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်စစ်ပွဲ သတင်းယူနေသော ဩစတြေးလျသတင်းထောက် သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၇

ပြီးခဲ့သော သီတင်းပတ်အတွင်းက အီရတ်နိုင်ငံတွင် ဖြစ်ပွားသော ပေါက်ကွဲမှုတစ်ခုတွင် ဩစတြေးလျနိုင်ငံသား သတင်းသမားတစ်ဦး ဒဏ်ရာရသွားသည်။ ၎င်းမှာ ဂျာမနီရှိ ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ရသည်ဟု ဆိုသည်။

၎င်းသည် အသက်(၂၇)နှစ်ရှိ ဂျယ်ရမီလစ်ကယ်လ် ဆိုသူဖြစ်သည်။ ၎င်းသေဆုံးသွားသော သတင်းကို နိုင်ငံခြားရေးရာနှင့် ကုန်သွယ်ရေးဌာနက အသိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

လစ်ကယ်လ်သည် ဘဂ္ဂဒက်မြို့အနောက်ဘက်ရှိ ဖော်လူဂျာမြို့၌ အင်ဘီစီ သတင်းဌာနအတွက် သတင်းယူနေစဉ် ၎င်းစီးလာသော ကားကို ဒုံးကန်အားသုံး လက်ပစ်ဗုံး ထိမှန်ပေါက်ကွဲသဖြင့် ဒဏ်ရာရသွားခြင်းဖြစ်သည်။

ဒဏ်ရာရသွားစဉ်က ၎င်းအား ဘဂ္ဂဒက်မြို့ရှိ စစ်ဆေးရုံတွင် ကုသမှုခံယူစေပြီး နောက်ပိုင်းတွင်မှ ခွဲစိတ်ကုသမှုများ ဆက်လက်ပြုလုပ်ရန် ဂျာမနီနိုင်ငံသို့ သယ်ဆောင်သွားခြင်းဖြစ်သည်။ သူသည် ပေါက်ကွဲမှုကြောင့် ကိုယ်အောက်ပိုင်းတွင် ပြင်းထန်သော ဒဏ်ရာရရှိခဲ့သည်။ ***အင်တာနက်။***

တရုတ်ပြည် အနောက်မြောက်ပိုင်း ရှန်စီပြည်နယ်၏ မြို့တော် စီယန်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေကြီးခဲ့ရာ ဇူလိုင် ၇ ရက်က မိန်းကလေးငယ်နှစ်ဦး ရေထဲတွင် လိုရာခရီးကို ဤသို့ ခက်ခက်ခဲခဲ လမ်းလျှောက်သွားကြစဉ်။

(ဓာတ်ပုံ–ဆင်ဟွာ)

အီရတ်တွင် အမေရိကန်တပ်ဖွဲ့အား ခုခံတိုက်ခိုက်မှုအခြေအနေ ဆိုးရွားလာ အနောက်နိုင်ငံသား အရပ်သားများအား တိုက်ခိုက်လာမည့်အရေး စိုးရိမ်ရ

ဘဂ္ဂဒက် ဇူလိုင် ၇

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ တက္ကသိုလ်တစ်ခုတွင် လုံခြုံရေးတာဝန်ကျနေသော အမေရိကန်စစ်သည်တစ်ဦး တက္ကသိုလ်စားသောက်ဆိုင်၌ အအေးပုလင်းဝယ်နေစဉ် နောက်ကျောဘက်မှနေ၍ ဦးခေါင်းကို အနီးကပ်သေနတ်ဖြင့် ပစ်ခတ်ခံရမှုဖြစ်ရပ်၊ ဗြိတိသျှ ဓာတ်ပုံသတင်းထောက်တစ်ဦးကို အလားတူ သွေးအေးအေးဖြင့် ပစ်ခတ်သွားသည့်ဖြစ်ရပ်၊ ကုလသမဂ္ဂ ခြံဝင်းတစ်ခုအတွင်းသို့ လက်ပစ်ဗုံးပစ်သွင်းကာ တိုက်ခိုက်ခဲ့သည့်ဖြစ်ရပ်တို့သည် အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့အား ခုခံတိုက်ခိုက်မှုအခြေအနေ တစ်စတစ်စ ပိုမိုဆိုးရွားလာနေပုံကို ဖော်ပြနေကြောင်း၊ ယခုအချိန်အထိ အမေရိကန် ဦးဆောင်သောတပ်ဖွဲ့နှင့် ယင်းတပ်ဖွဲ့နှင့်အတူ ပူးပေါင်းဆောင်ရွက်နေသော အီရတ်လူမျိုးများကိုသာ ပစ်မှတ်ထားကာ တိုက်ခိုက်မှုများ ဖြစ်ပေါ်နေသော်လည်း အနောက်တိုင်းသားများအား ပစ်မှတ်ထားသည့်တိုက်ခိုက်မှုများ ပေါ်ပေါက်လာမည်ကို စိုးရိမ်ပူပန်မှုဖြစ်ရကြောင်း အီရတ်နိုင်ငံတွင် သတင်းယူနေသည့် အမေရိကန်သတင်းဌာနတစ်ခုမှ သတင်းထောက်တစ်ဦးက ရေးသားသည်။

ဆန္ဒပြ

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် တူရကီတပ်သား ၁၁ ဦး အဖမ်းခံရမှုနှင့်ပတ်သက်၍ ဇူလိုင် ၆ ရက်က တူရကီနိုင်ငံ အန်ကာရာမြို့တော်ရှိ အမေရိကန်သံရုံးရှေ့တွင် တူရကီနိုင်ငံသားများ မကျေမနပ်အော်ဟစ်ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပေါ်ပေါက်

အီရတ်နိုင်ငံတွင် မြို့တော်ဘဂ္ဂဒက်နှင့် အခြားသော မြို့ရွာများ၌ ကင်းလှည့်စောင့်ကြပ်နေသော အမေရိကန်စစ်သည်များအား ပစ်မှတ်ထားသည့် တိုက်ခိုက်မှုများနေ့စဉ်ဆိုသလို ပေါ်ပေါက်နေကြောင်း၊ အမေရိကန်တပ်ဖွဲ့နှင့်အတူ လုံခြုံရေးတာဝန် ပူးတွဲထမ်းဆောင်နေသည့် အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် အရပ်သားများကိုလည်း ပစ်မှတ်ထားလာနေသည်ကို တွေ့မြင်ရကြောင်း အေပီသတင်းဌာန သတင်းထောက်က ရေးသားဖော်ပြသည်။

အရပ်သားပစ်မှတ်

အီရတ်နိုင်ငံတွင် လက်နက်ကိုင်ဆောင်ထားခြင်းမရှိသည့် သတင်းထောက်ကဲ့သို့သော နိုင်ငံခြားသား အရပ်သားများကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုများ တိုးပွားလာမည်ဟု ယခုလောလောဆယ်တွင် ပြောဆိုနိုင်ခြင်းမရှိသော်လည်း နိုင်ငံခြားသား အရပ်သားများကို ပစ်မှတ်ထားသည့် ဗျူဟာကို အီရတ် ခုခံရေးသမားများတို့က ကိုင်စွဲလာမည်ဆိုပါက သတင်းစုဆောင်းခြင်း လုပ်ငန်းနှင့် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ လုပ်ဆောင်ရန် အခက်အခဲများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း အမေရိကန်ကြည်းတပ်မှ ဗိုလ်မှူး ဝီလျံသာမွန်းက ပြောကြားသည်။

အင်တာနက်။

ဘုရှ်၏ အာဖရိကခရီးစဉ်ကို ဆန္ဒပြကန့်ကွက်

ဂျိုဟန်နက်စဘတ် ဇူလိုင် ၇

အမေရိကန်သမ္မတ ဂျော့ဂ်ျ၊ ဒဗလျူ၊ ဘုရှ်အား အိမ်ရှင်အဖြစ် ဧည့်ဝတ်မပြုရန် တောင်အာဖရိကနိုင်ငံသမ္မတ သာဘိုအမ်ဘီကီအား တောင်းဆိုလျက် လူပေါင်း ၅၀၀ ခန့်သည် ဂျိုဟန်နက်စဘတ်မြို့ လိုင်ဘရီဂါးဒင်း၌ ဆန္ဒပြပွဲတစ်ရပ်ကို စနေနေ့က ကျင်းပကြသည်။

"ဘုရှ် . . . သင့်ကို တောင်အာဖရိကနိုင်ငံက မကြိုဆို" ဟူသော ပိုစတာစာတန်းကို ဆန္ဒပြသူအချို့က ကိုင်ဆောင်ထားပြီး "အမ်ဘီကီ . . . ဘုရှ်ကို ဖက်လဲတကင်း မကြိုဆိုနဲ့" ဟူသော စာတန်းကို ဆန္ဒပြသူအချို့ ကိုင်ဆောင်ထားကြသည်။

ဘုရှ်သည် အမေရိကန်သမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ် အတောအတွင်း ပထမဆုံး အာဖရိကခရီးစဉ်၌ အင်္ဂါနေ့နှင့် ဗုဒ္ဓဟူးနေ့တွင် တောင်အာဖရိကနိုင်ငံသို့ ဝင်ရောက်လည်ပတ်ရန် စီစဉ်ထားသည်။

ဘုရှ်သည် ပရီတိုးရီးယားမြို့ရှိ ယူနီယံအဆောက်အအုံတွင် ဗုဒ္ဓဟူးနေ့၌ အမ်ဘီကီနှင့် တွေ့ဆုံဆွေးနွေးမည်ဟု မျှော်လင့်ရသည်။

ဆန္ဒပြသမားများကလည်း ခေါင်းဆောင်နှစ်ဦး တံခါးပိတ်ဆွေးနွေးစဉ်အတွင်း အဆိုပါနေရာ၌ ဆန္ဒပြပွဲ ကျင်းပရန်စီစဉ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးအမြင် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံ ထုတ်ဖော်ပြောဆို

ဒါကာ ဇူလိုင် ၇

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ခါလီဒါဇီယာနှင့် ဒါကာမြို့သို့ အလည်အပတ်ရောက်ရှိနေသည့် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင်တို့သည် နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး တူညီသည့်အမြင်များကို တနင်္ဂနွေနေ့တွင် ထုတ်ဖော်ပြောဆိုကြသည်။

ခါလီဒါဇီယာနှင့် ဦးဝင်းအောင်တို့ တွေ့ဆုံဆွေးနွေးစဉ် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့ ရရှိခဲ့သည့် သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာတို့ကို ပုံမှန်အနေအထားအရ အကောင်အထည်ဖော်လျှင် အိမ်နီးချင်း နှစ်နိုင်ငံအကြား ခေတ်သစ်တံခါးများ ပွင့်လာမည်ဆိုသည့်အချက်ကို တူညီသည့် ယူဆချက်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်ဟု တရားဝင် ဘင်္ဂလားဒေ့ရှ်သတင်းဌာနက ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သုံးရက်ကြာ အလည်အပတ်ခရီးစဉ်အဖြစ် ဒါကာမြို့သို့ စနေနေ့က ရောက်ရှိလာသည့် ဦးဝင်းအောင်က မြန်မာနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဘင်္ဂလားဒေ့ရှ်ခရီးစဉ်နှင့် ခါလီဒါဇီယာ၏ မြန်မာနိုင်ငံ ခရီးစဉ်တို့ကို ပြန်ပြောင်းပြောကြားပြီး အဆိုပါ ခရီးစဉ်နှစ်ခုသည် နှစ်နိုင်ငံဆက်ဆံရေးအတွက် နောက်ထပ်တွန်းအားဖြစ်စေလိမ့်မည်ဟု ပြောကြားသည်။

ခါလီဒါဇီယာသည် ယခုနှစ် မတ်လအတွင်းက အလည်အပတ်သွားရောက်ခဲ့သည့် အဆိုပါ ခရီးစဉ်အတွင်း ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာတို့သည် အိမ်နီးချင်း နှစ်နိုင်ငံအကြား တိုက်ရိုက် ကုန်းလမ်းခရီးဆက်သွယ်ရေးကိစ္စများ စတင်ဆောင်ရွက်ရန် သဘောတူညီခဲ့ပြီး နှစ်နိုင်ငံစီးပွားရေး ဆက်ဆံမှုများတိုးမြှင့်ရန် သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ အများအပြားကို လက်မှတ်ရေးထိုးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး အပြင်ဘက် ဒုက္ခသည်စခန်းတစ်ခု၌ ပျက်စီးသွားသည့် ရွှံ့ဖျင်တဲရှေ့တွင် ဝမ်းနည်းပက်လက်ဖြစ်နေသည့် အာဖဂန်အမျိုးသမီးကြီးတစ်ဦးအား ဇူလိုင် ၇ ရက်တွင် တွေ့ရစဉ်။ (ကဘူးမြို့တွင် နှစ်ရက်ဆက်တိုက် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ဒုက္ခသည်မိသားစုအများအပြား အကြီးအကျယ် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်စေခဲ့သည်။) *(ဓာတ်ပုံ-ဆင်ဟွာ)*

နိုင်ငံတကာ သတင်းများ

ခေါင်းချင်းဆက်အမြွှာညီအစ်မနှစ်ဦးစလုံး ကွယ်လွန်ရှာပြီ ခွဲစိတ်ကုသမှု၏ နောက်ဆုံးအဆင့်တွင် သွေးများစွာဆုံးရှုံးခဲ့ရ

စင်ကာပူ ဇူလိုင် ၇

စင်ကာပူနိုင်ငံမှ ဆရာဝန်များက အီရန်နိုင်ငံသူ ခေါင်းချင်းဆက် အမြွှာညီအစ်မနှစ်ဦး၏ ဦးနှောက်ပိုင်းဆီသို့ ပေးပို့လျက်ရှိသည့် ပင်မသွေးကြောအား ဖြတ်တောက်ရန် ကြိုးပမ်းနေရာ ခေါင်းချင်း ဆက်သည့်နေရာအား တစ်ခုစီဖြစ်စေရန် ခွဲစိတ်မှုသည် မကြုံစဖူးထူးကဲသည့် ခွဲစိတ်ကုသမှုတစ်ရပ်ဖြစ်ပြီး တနင်္လာနေ့တွင် အရေးကြီးဆုံးစိုးရိမ်ရသည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိနေပြီဖြစ်သည်။

အသက် (၂၉) နှစ်အရွယ်ရှိ လာလေနှင့် လာဒန်ဘီဂျနီ အမြွှာညီအစ်မနှစ်ဦး၏ ခေါင်းချင်းဆက်ရာနေရာကို တစ်ခုစီဖြစ်စေရန် ခွဲစိတ်ကုသမှုတွင် ဒါဇင်ချီရှိသည့် ဆရာဝန်များနှင့် အထောက်အကူပြု ဆရာမများသည် ကူညီအားပေးလျက်ရှိကြသည်။ ခွဲစိတ်မှုသည် နှစ်ရက်မှသုံးရက်အထိ ကြာနိုင်ဖွယ်ရှိသည်ဟု မှန်းဆထားကြသည်။

ခွဲစိတ်ကုသမှုကို တနင်္ဂနွေနေ့ မွန်းလွဲပိုင်းနှင့် တနင်္လာနေ့ နံနက် ၃ နာရီတွင် စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လာဒန်ဘီဂျနီ၏ ယာဘက်ပေါင်မှ သွေးပြန်ကြောကို ဖြတ်ထုတ်ခဲ့ခြင်းဖြင့် အရေးပါသည့် သွေးကြောပိုင်းဆိုင်ရာ ခွဲစိတ်မှုလုပ်ငန်းကို စတင်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ခွဲစိတ်မှုပြုရာတွင် အသက်အန္တရာယ်နှင့်နီးစပ်သော်လည်း ခွဲစိတ်ခံရန် ထက်သန်နေသည့် အဆိုပါဥပဒေဘွဲ့ရ ခေါင်းချင်းဆက် အမြွှာညီအစ်မနှစ်ဦး၏ ဦးနှောက်နှစ်ခုကြားတွင် ပင်မသွေးကြောတစ်ခုတည်းသာရှိသည်။ အဆိုပါ ညီအစ်မနှစ်ဦး၏ ဦးခေါင်းအား တစ်ခုစီ မခွဲစိတ်မီ ညီအစ်မနှစ်ဦးအနက် တစ်ဦးဦး၏ ခြေထောက်မှသွေးပြန်ကြောကိုယူ၍ သွေးကြောအသစ်တစ်ခုအဖြစ် ခွဲစိတ်ဆရာဝန်များက ဖန်တီးပေးရန်လိုအပ်လျက်ရှိသည်။

မည်သူ့ထံမှ သွေးကြောကိုယူ၍ အစားထိုး ခွဲစိတ်ပေးရမည်ဆိုခြင်းနှင့်ပတ်သက်ပြီး မည်သည့်ဆုံးဖြတ်ချက်မျှ မချမှတ်ရသေးကြောင်း ရေဖယ် ဆေးရုံ၏ ပြောရေးဆိုခွင့်ရှိသူ ဆရာဝန် ပရမ်ကူးမာနိုင်ရာက ပြောကြားသည်။ ဖော်ပြပါ ခွဲစိတ်ကုသမှုသည် အရေးကြီးသည့် ခွဲစိတ်ကုသမှုများတွင် ပါဝင်သည်။

ကွယ်လွန်ရှာ

နောက်ဆက်တွဲ သိရှိရသော သတင်းအရ ခေါင်းချင်းဆက် အမြွှာညီအစ်မသည် ခွဲစိတ်မှုအပြီး အင်္ဂါနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် နှစ်ဦးစလုံး ကွယ်လွန်သွားရှာပြီဟု သိရသည်။ ၎င်းတို့နှစ်ဦးသည် ခွဲစိတ်ကုသမှု၏ နောက်ဆုံးအဆင့်တွင် ခန္ဓာကိုယ်တွင်းမှ သွေးအများအပြား ဆုံးရှုံးခဲ့ရပြီးနောက် လာဒန်ဘီဂျနီမှာ ဦးစွာကွယ်လွန်ခဲ့ပြီး မကြာမတင် အချိန်တွင် လာလေမှာလည်း ကွယ်လွန်သွားခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန်   ဇူလိုင်   ၈

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပေါင်းငူဉာဏရပ်ကွက် ရွှေနံ့သာကျေးရွာ နဝင်းကျောင်းတိုက်ကြီးတွင် နဝင်းဆရာတော် အရှင်ခေမာစာရအားအမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့က စုပေါင်း၍ ဇူလိုင် ၁၂ရက် နံနက်၈နာရီတွင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ဝါဆိုလပြည့်နေ့တွင် စုပေါင်း၍ ဆရာတော်ကြီးများအား ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဟုသိရသည်။ (က–ပ)

ပြုံးခြင်းချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ပန်းစကား . . . . . .

ကပ္ပိယကံကောင်း

“ပန်းစကား”ဆိုတဲ့ အမည်သညာဝေါဟာရ သတ်မှတ်ချက်တစ်ခုကို ကပ္ပိယကတော့ မှတ်မှတ်ရရ ရှိနေတုန်းပါပဲ။ ငယ်ငယ်တုန်းက ကြည့်ခဲ့ဖူးတဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားရဲ့ နာမည်လေ။ မှတ်မိကြမလားတော့ မသိဘူး။ အဲဒီ ရုပ်ရှင်ဇာတ်လမ်းထဲမှာ မင်းသားလုပ်တဲ့သူက သူနဲ့ဂုဏ်မတူတဲ့ မင်းသမီးကိုချစ်တဲ့အကြောင်း ဘယ်လိုပြောတယ်မှတ်လဲ။ ပန်းလေးတစ်ပွင့် လှမ်းပေးရင်း “လူတွေဟာ တစ်ခါတစ်ရံမှာ ကိုယ်ပြောချင်တဲ့ စကားကို ကိုယ်တိုင်ပါးစပ်ကနေ ထုတ်ဖော်မပြောဘဲ ပန်းပေးပြီးပြောတတ်တယ်”တဲ့။

ပရိသတ်တစ်ယောက်အနေနဲ့ နားလည်မိတာကတော့ တစ်စုံတစ်ယောက်က တစ်စုံတစ်ယောက်ကိုပေးလိုက်တဲ့ ပန်းတစ်ပွင့်မှာဖြစ်စေ၊ ပန်းကုံးတစ်ကုံးမှာဖြစ်စေ၊ ပန်းစည်းတစ်စည်းမှာဖြစ်စေ၊ ပန်းခြင်းတစ်ခြင်းမှာဖြစ်စေ၊ ပန်းခွေတစ်ခွေမှာဖြစ်စေ ရင်ထဲကစကားလုံးတွေ အများကြီး အဓိပ္ပာယ်သက်ဝင်နေတယ်ဆိုတဲ့သဘော။

ပန်းစကားဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကိုကြည့်ပြီး ကပ္ပိယတို့နဲ့ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက် အရူးထရင်းစွဲသွားတာကိုလည်း မှတ်မိသေးတယ်။ သူကြိုက်နေတဲ့ ကောင်မလေးအတွက် နေ့တိုင်းနေ့တိုင်း သူ့အိမ်ကနေ နှယ်သာကီပန်းလေးတစ်ပွင့်ကို ခူးခူးလာပြီး ယုယုယယမြတ်မြတ်နိုးနိုးနဲ့ သူ့ကောင်မလေးရဲ့ စာသင်ခုံအံဝှက်ထဲကို ကျောင်းဖွင့်ရက်တိုင်း အစောကြီး အစောကြီး သွားသွားထားလေ့ရှိတယ်။ ဒီလိုနဲ့ ပြေလည်သွားကြတာ။

တစ်ရက်တော့ သူတို့နှစ်ယောက် အင်းယားလမ်းပေါ် လမ်းလျှောက်ရင်း သူ့ကောင်မလေးက ကံ့ကော်ပင်ပေါ်က ကံ့ကော်ပွင့်လေးတစ်ပွင့်ကို ပန်ချင်တဲ့အကြောင်း ပူဆာလာတယ်ဆိုရင်ပဲ ဆရာသမားက ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘူး။ သူစီးလာတဲ့ ကတ္တီပါဖိနပ်နဲ့ ချွတ်ပေါက်ပြီး ကံ့ကော်ပန်းကို ပစ်ချသတဲ့လေ။ နှစ်ချက်၊ သုံးချက်၊ လေးချက်လောက် လည်းကျရော ကံ့ကော်ပန်းက ပြုတ်ကျလာသတဲ့။ အမြတ်တနိုး ဆွတ်ချူး ခူးယူတဲ့ ပန်းလိုတော့ ဘယ်ဟုတ်ပါ့မလဲ။ အဲဒီမှာတင် ချစ်သူပန်ချင်လွန်းတဲ့ပန်းကို ဒီလိုနည်းနဲ့ ခူးယူပေးရကောင်းမလားဆိုပြီး စိတ်ကောက်သွားလိုက်တာ နောက်ဆုံးခွာပြဲတဲ့အဆင့်အထိ ဖြစ်ကြပါလေရော။

တကယ်ကျတော့–

အောင်မြင်မှုကို ဂုဏ်ပြုတဲ့သဘောနဲ့ပဲဖြစ်ဖြစ်၊ အမှတ်တရ သဘောနဲ့ပဲ ဖြစ်ဖြစ်၊ ဝမ်းနည်းခြင်း အထိမ်းအမှတ်သဘောနဲ့ပဲဖြစ်ဖြစ် ပန်းတစ်ပွင့်ချင်း၊ တစ်ကုံးချင်း၊ တစ်စည်းချင်း၊ တစ်ခြင်းချင်း၊ ပန်းခွေတစ်ခွေချင်းကအစ အရေအတွက် ကန့်သတ်ချက်မရှိ တစ်ယောက်ကနေတစ်ယောက်၊ တစ်ဖွဲ့ကနေ တစ်ဖွဲ့ ပေးကြတာဟာ ယဉ်ကျေးမှုတစ်ခုလို့လည်း ဆိုနိုင်တာပ။

မကြာခင်ရက်ပိုင်းအတွင်း ရန်ကုန်မြို့လယ်ကောင် ဟိုတယ်ကြီးတစ်ခုမှာ နိုင်ငံကြီးတစ်နိုင်ငံရဲ့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတစ်ခု ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီအခမ်းအနားကို တက်ရောက်ခွင့်ရတဲ့သူတွေ၊ အဖွဲ့အစည်းတွေ၊ သံရုံးတွေက လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြု ပန်းစည်းတွေ၊ ပန်းခြင်းတွေပေးအပ်ပြီး ဂုဏ်ပြုကြတယ်ပေါ့ဗျာ။

တတ်နိုင်လို့ ကောင်းပေ့ညွှန့်ပေ့ဆိုတဲ့ ပန်းတွေကို အလှအပဆုံးဖြစ်အောင် ဆင်ယင်ပြင်ဆင်ပြီး ဘယ်သူက ဘာအတွက် ဘာညာဆိုတဲ့ စာတန်းတွေ ချိတ်ပြီးပေးတဲ့ ပန်းစည်းတွေ၊ ပန်းခြင်းတွေပါသလို သံရုံးက ဖိတ်ကြားတဲ့ပွဲမို့လို့ ဟန်လုပ်ရှိုးထုတ်ချင်တာကြောင့် မရှိမဲ့ရှိမဲ့နဲ့ ဝယ်သွားပြီးပေးတဲ့ တော်ရိလျော်ရိ ပန်းစည်းမျိုးတွေလည်း အစုံပေါ့လေ။

အခမ်းအနားပြီးသွားပြီလဲဆိုရော အဲဒီအမှတ်တရ ဂုဏ်ပြုပန်းစည်းတွေ၊ ပန်းခြင်းတွေက အစီအရီနဲ့ ဘယ်မှာထားလို့ ထားရမှန်းမသိတဲ့ အရာတွေ ဖြစ်ကုန်ပြီ။ တချို့သံရုံးတွေကျတော့လည်း တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် သံရုံးထဲမှာ အခြားခင်းကျင်းပြသမှုတွေနဲ့အတူ ဆက်လက်ပြသတတ်တယ်။ တချို့ကျတော့လည်း ချက်ချင်းစွန့်ပစ်တတ်ကြတယ်။

ဟိုတယ်ကြီးတစ်ခုမှာ လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပပြီး ဂုဏ်ပြု ပန်းစည်းတွေ၊ ပန်းခြင်းတွေ တစ်ပွေ့တစ်ပိုက်ကြီးရခဲ့တဲ့ သံရုံးကြီးတစ်ရုံးရဲ့ အမှိုက်စွန့်ပစ်မှု ပုံစံသစ်အကြောင်း ပြောရဦးမယ်။ ဘာလုပ်တယ်မှတ်လဲ။ စွန့်ပစ်ရမဲ့အတူတူ စည်ပင်သာယာကိုလည်း အမှိုက်ခွန်မဆောင်ရအောင်၊ သံရုံး အတွက်လည်း ဘောအမြင်မှာ အမြင်ကောင်းအောင်ဆိုပြီး ဆေးရုံတစ်ရုံကို အစုလိုက် အပြုံလိုက်သွားပြီးပေးသတဲ့လေ။

သက်ဆိုင်ရာ သံရုံးက စီးပွားရေးကောင်စစ်ဝန်တစ်ဦးနဲ့ အဲဒီသံရုံးမှာ အလုပ်လုပ်နေတဲ့ မြန်မာအမျိုးသမီးတစ်ဦးတို့ဟာ စွန့်ပစ်ရမယ့်ပန်းခြင်းတွေကို အမှိုက်ပုံမပို့ဘဲ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)မှာရှိတဲ့ မွတ်စလင် ကုသိုလ်ဖြစ်ဆေးရုံက လူနာတွေအတွက်ဆိုပြီး လာပို့ခဲ့ပါတယ်။ ဒါကို ဆေးရုံမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာဝန်လင်မယားစုံတွဲက လက်ခံပြီး ဆေးရုံတက်နေတဲ့ လူနာတွေကို ဖြန့်ဝေပေးခဲ့တယ်ဆိုပဲဗျ။

အဲဒီကိစ္စနဲ့ ပတ်သက်လို့ ဘီဘီစီတို့၊ ဗွီအိုအေတို့၊ အာရ်အက်ဖ်အေတို့က ကျေးဇူးရှင်တွေ အော်နိုင်အောင် သတင်းတစ်ပုဒ်လောက်တော့ ရေးလိုက်ချင်သေးရဲ့။

“…အီရတ်နိုင်ငံတွင် အပြစ်မဲ့ မွတ်စလင်ဘာသာဝင် ပြည်သူများကို ခိုကိုးရာမဲ့ဘဝရောက်အောင် စစ်ခင်းခဲ့သော ဒီမိုကရေစီနိုင်ငံကြီးအနေဖြင့် မွတ်စလင်ဘာသာဝင်များအပေါ် မည်ရွေ့မည်မျှ မေတ္တာ၊ ကရုဏာ ထားကြောင်း၊ နိုင်ငံတကာမျက်နှာစာတွင် မှတ်ကျောက်အတင်ခံနိုင်ရန် အတွက် ၎င်းတို့နိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သံရုံးကပြုလုပ်သော အခမ်းအနားတွင် လက်ခံရရှိခဲ့သည့် ပန်းခြင်းများကို အမှိုက်ပုံတွင် စွန့်ပစ်ရမည့်အစား ရန်ကုန်မြို့လယ်ကောင်ရှိ မွတ်စလင်ကုသိုလ်ဖြစ် ဆေးရုံမှာ လူနာများအတွက် မည်သူမည်ဝါပေးပို့ကြောင်း အမည်လိပ်စာ ကတ်မပါဘဲ သံရုံးစီးပွားရေး ကောင်စစ်ဝန်ကိုယ်တိုင် ဦးဆောင်၍ လာရောက်ပေးပို့ခဲ့ပါသည်။”

အဲသည်လို ရေးသားပေးပို့ချက်ကို မောင်မင်းကြီးသားတွေ ဖတ်၊ မဖတ်တော့ ကပ္ပိယလည်း မပြောတတ်ဘူး။

တကယ်တော့ ဒီကိစ္စဟာ ဘာမှမဖြစ်လို့ ဘာမှမဖြစ်ခဲ့တာပါ။ ဖြစ်နိုင်စရာ နည်းလမ်းတွေကအများကြီး၊ မွတ်စလင်ကုသိုလ်ဖြစ်ဆေးရုံကို လာပို့သွားတဲ့ ပန်းခြင်းတွေဟာ နံပါတ်အဖြူတပ်ထားတဲ့ သံရုံးကားတစ်စီးက ဦးဆောင် ယူလာတာမှန်ပေမယ့် ပန်းခြင်းတွေပေါ်မှာ ဘယ်သူဘယ်ဝါက ပေးပို့တယ်ဆိုတဲ့ စာတန်းကတ်ပြားတွေ မပါလာဘူး။ ဘယ်သူကမှလည်း စစ်ဆေးပြီး လက်ခံယူတာမျိုး မရှိခဲ့ဘူး။ နိုင်ငံတကာမှာ ဖြစ်ပျက်နေတဲ့ အကြမ်းဖက်သတ်ဖြတ် ဗုံးဖောက်ခွဲဖျက်ဆီးမှုတွေကို လေ့လာကြည့်ရင် မသမာသူအကြမ်းဖက်သမားတွေအနေနဲ့ ချိန်ကိုက်ဗုံးအမျိုးမျိုးကို ပန်းခြင်းတွေထဲထည့်ပြီး အသုံးချတာတွေ ရှိနေပါတယ်။

နောက်ဆုံးပြောချင်တာလေးတစ်ခုက…

ပန်းခြင်းတွေ လာရောက်ပေးပို့တဲ့ သံရုံးအနေနဲ့ ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ပဲပို့ပို့ အမြင်အားဖြင့်တော့ အပြစ်ဆိုဖွယ်မရှိပေမယ့် ထင်စရာတွေကတော့ တစ်အုံကြီး။ ဘာသဘောလဲ။ အခမ်းအနားသုံးပြီးသား အဟောင်းတွေနဲ့ပဲ တန်တယ်ဆိုတဲ့ သဘောလား။ စွန့်ပစ်ရမယ့်အတူတူ မထူးပါဘူးကွာ၊ မင်းတို့ပဲသင့်လျော်သလို သုံးလိုက်ကြပါဆိုတဲ့သဘောလား။ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ အထင်သေး အမြင်သေးစိတ်နဲ့ ချိုးချိုးနှိမ်နှိမ်လုပ်တယ်ဆိုတာကတော့ ပေါ်လွင်နေပါတယ်။ ဘာသာရေးအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ မသင့်တော်တဲ့ ကိစ္စတစ်ခုပါပဲ။

ပန်းခြင်းလာပို့သူတွေရဲ့ ပန်းစကားကို ကြားနိုင်ပါစေ…။ ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉–၇–၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၀ ၆။ ပိုင်ကျုံရေထိန်းတံခါး
- ၈း၂၀ ၇။ တေးဂီတအစီအစဉ်
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ English For Everyday Use.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice in Reading.
- ၄း၄၀ ၄။ တေးဂီတအစီအစဉ်
- ၄း၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ–ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၅း၀၅ ၆။ သီချင်းကြီးပဒေသာ
- ၅း၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅း၃၅ ၈။ တေးဂီတအစီအစဉ်
- ၅း၄၅ ၉။ နိုင်ငံ့အဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆း၀၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆း၁၅ ၁၁။ Discovery.
- ၆း၃၀ ၁၂။ ညနေခင်းသတင်း
- ၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၄။ တေးဂီတအစီအစဉ်
- ၇း၁၅ ၁၅။ မြန်မာ့ရိုးရာကျီးသဲစည်းလုံချည်အလှ
- ၇း၂၅ ၁၆။ **အာဆီယံ–ဂျပန်ဆက်ဆံရေးနှစ် (၂၀၀၃)အာရှပညာရှင်များပါဝင်သည့် သံစုံတီးဝိုင်းဖျော်ဖြေမှုတွင် တင်ဆက်ခဲ့သည့် မြန်မာ့ဆိုင်းဝိုင်းဖျော်ဖြေမှုအစီအစဉ်**
- ၇း၃၅ ၁၇။ ယဉ်ကျေးလိမ္မာမျိုးမြန်မာစာတမ်းဖတ်ပွဲအကြောင်း သိကောင်းဖွယ်ရာ (ပထမပိုင်း)
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲသစ္စာ(အပိုင်း–၆)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

ကျန်းမာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးအတွင်းရှိ သားဖွားမီးယပ်ဆောင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ–သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉–၇–၂၀၀၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး

ပြိုင်ပွဲအစီအစဉ်

- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၄း၁၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၂၅ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၅ ၆။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
- ၄း၄၅ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်
  (က) ဒုတိယနှစ်(ဒဿနိကဗေဒ)
  (ခ) ဒုတိယနှစ်(ဘောဂဗေဒ)
- ၅း၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်းနှလုံးလှဆရာဝန် (အပိုင်း–၈)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်းမုန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း–၄)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

စက်မှုစွမ်းအား ခေတ်ကျော်လွှား

❀ **ရှေ့ဖုံးမှ**

သရုပ်ပြများ၊ သင်ကြား/စီမံဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့များ၊ မြန်မာအကအဖွဲ့များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရွှေဦးစွာ ရတနာပုံတက္ကသိုလ်ဆိုင်းဘုတ်ဖွင့်ပွဲကို တက္ကသိုလ်အဝင်မုခ်ဦး၌စတင်ကျင်းပရာ ရတနာပုံတက္ကသိုလ်မှ ပညာရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၁၄ဦးတို့က ရွှေကြိုးဆွဲ၍ ရတနာပုံတက္ကသိုလ် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

ကမ္ပည်းမော်ကွန်းဖွင့်လှစ်

ထို့နောက် ရတနာပုံ တက္ကသိုလ် မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်းကို ရတနာပုံတက္ကသိုလ် ပင်မဆောင်ရှေ့၌ ကျင်းပရာ ရတနာပုံတက္ကသိုလ်မှ ပညာရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၁၄ဦးတို့က ရွှေကြိုးဆွဲ၍ ရတနာပုံ တက္ကသိုလ် မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရတနာပုံ တက္ကသိုလ် ပင်မဆောင်ဖွင့်ပွဲကို ပင်မဆောင်ရှေ့၌ ကျင်းပရာ ဓာတုဗေဒ မဟာသိပ္ပံပထမနှစ် ကျောင်းသား မောင်နေဝင်းနိုင်နှင့် မြန်မာစာ မဟာဝိဇ္ဇာပထမနှစ်ကျောင်းသူ၊ မအေးမွန်မွန်အောင်တို့က ဖဲကြိုးဖြတ်၍ ရတနာပုံတက္ကသိုလ် ပင်မဆောင်ကို ဖွင့်လှစ်ပေးကြသည်။

ကံ့ကော်ပင်စိုက်ပျိုး

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရတနာပုံတက္ကသိုလ် ပင်မဆောင်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ပင်မဆောင်ရှေ့၌ ကံ့ကော်ပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရတနာပုံတက္ကသိုလ် ပင်မဆောင် ကမ္ပည်း မော်ကွန်း ကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ပင်မဆောင် ကမ္ပည်းမော်ကွန်းကြေးပြားကို နံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး အစီအစဉ် ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပင်မဆောင်ဖွင့်ပွဲအထိမ်းအမှတ် စာအုပ်ပြပွဲတွင် ခင်းကျင်းပြသထားသော အနှစ်(၃၀) နှစ်ရှည်စီမံကိန်းစာအုပ်များ လှူဒါန်းထားသော မဟာကျမ်းများ၊ ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ၊ သုတေသနစာတမ်းများ၊ ရှားပါးစာအုပ်စာတမ်းများ၊ ရည်ညွှန်းစာအုပ်များ၊ အရှင်ဇနကာဘိဝံသ၏ စာစုများ၊ အမရပူရခေတ် စာဆိုများ၏ စာစုများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် နှစ်လည်မဂ္ဂဇင်းများ၊ မြန်မာနိုင်ငံထုတ် ရှားပါးသတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများကို ကြည့်ရှုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Information Communication Technology (ICT) ပြပွဲတွင် IT ကုမ္ပဏီများက ခင်းကျင်းပြသထားသော ကွန်ပျူတာနှင့် ဆက်စပ်သည့် နည်းပညာ အသစ်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် သက်ဆိုင်သည့် Softwareနှင့် Hardwareများကို ကြည့်ရှုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရတနာပုံတက္ကသိုလ် ပြတိုက်၌ မြန်မာစာဌာနပြခန်း၊ သမိုင်းဌာနပြခန်း၊ ရှေးဟောင်းသုတေသနပညာဌာနပြခန်း၊မနုဿဗေဒဌာနပြခန်း၊ ဓာတုဗေဒဌာနပြခန်းနှင့် ရုက္ခဗေဒဌာနပြခန်းများ၌ ခင်းကျင်းပြသထားသော စာပေရေးရာများ၊ လူမှုရေးအသုံးအဆောင်များ၊ ယဉ်ကျေးမှုပစ္စည်းများ၊ သမိုင်းဝင် ဓာတ်ပုံများနှင့် သုတေသနဆိုင်ရာ မှတ်တမ်းများကို ကြည့်ရှုကြသည်။

ထို့နောက် ရတနာပုံတက္ကသိုလ် ပင်မဆောင်ဖွင့်ပွဲအခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ပင်မဆောင်သစ်၏ အပေါ်ဆုံး၌ ဆက်လက်ကျင်းပသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ရတနာပုံ တက္ကသိုလ် ပင်မဆောင်ဖွင့်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း အစီအစဉ်အရ ပညာရေးဝန်ကြီးဌာနသည် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အသစ်ဖွင့်လှစ်ခြင်းနှင့် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

၁၉၈၈ခုနှစ်တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ကောလိပ်၂၇ခုတည်ရှိခဲ့ရာမှ ယခုအခါ ပညာရေးဝန်ကြီးဌာနအောက်တွင် တက္ကသိုလ်၊ဒီဂရီကောလိပ်၊ ကောလိပ် ၆၄ခု ရှိနေပြီဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးမှာ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၄ခု ရှိနေပြီဖြစ်ကြောင်း။

အခွင့်အလမ်းပွင့်

၁၉၈၈ ခုနှစ်တွင် အဆင့်မြင့်ပညာသင်ကြားနိုင်သည့် ကျောင်းသားဦးရေမှာ ၁၃၄၃၂၅ ဦး ရှိပြီး ယခုအခါ ၇၇၇၁၇၄ဦး အဆင့်မြင့်ပညာများ သင်ကြားလျက်ရှိနေပြီး ဝိဇ္ဇာ၊ သိပ္ပံ အထူးပြုဘာသာရပ်များ၊ ဘွဲ့ကြိုပေါင်းစပ် ဘာသာရပ်များကိုလည်း သင်ကြားလျက်ရှိကြောင်း၊ မြန်မာ့ပညာရေးမှာ သင်ကြား သင်ယူနိုင်မှု အခွင့်အလမ်းများ ပွင့်လန်းနေကြောင်း။

၁၉၈၈ခုနှစ်တွင် ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ ၅၉မျိုးသာ အပ်နှင်းနိုင်ခဲ့သော်လည်း ယခုအခါ ဘွဲ့၊ဒီဂရီ၊ဒီပလိုမာ ၁၅၀မျိုးထိ အပ်နှင်းနိုင်ပြီဖြစ်ကြောင်း။

ယနေ့ခေတ်ကာလတွင် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး ရည်မှန်းချက်ဖြင့် အရည်အသွေး မြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရေးအတွက် ဘာသာရပ်အလိုက် မဟာဘွဲ့သင်တန်းများ တိုးချဲ့ ဖွင့်လှစ်ပေးသည့်အပြင် ပါရဂူဘွဲ့ သင်တန်းများကိုလည်း တက္ကသိုလ်ကြီးများတွင် ဖွင့်လှစ်ခဲ့ရာ ပါရဂူဘွဲ့ရဦးရေ မြောက်မြားစွာ တိုးတက် မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

ပညာရေးမြှင့်တင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းမှု၊ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားမှု၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာရှိရှိ တင့်တယ်ဝင့်ကြွားလာနိုင်စေရေးအတွက် မြန်မာနိုင်ငံ၏ ပညာရေးကို အားသွန်ခွန်စိုက် မြှင့်တင်ပေးနေခြင်းဖြစ်ကြောင်း။

ရတနာပုံတက္ကသိုလ်မှာ ရတနာပုံကောလိပ်ကို အဆင့်တိုးမြှင့် ဖွင့်လှစ်သည့် တက္ကသိုလ်ဖြစ်ပြီး မန္တလေးတိုင်း အမရပူရမြို့နယ် တောင်သမန်အနီးမှာ တည်ရှိကြောင်း။ ၂၂-၂-၂၀၀၀ရက်တွင် ရတနာပုံကောလိပ်အဆင့်မှ ရတနာပုံတက္ကသိုလ်အဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း၊ ၂၀၀၃ခု ပညာသင်နှစ်အတွင်းမှာ နေ့သင်တန်းကျောင်းသားဦးရေ ၂၂၉၈၆ဦး၊ အဝေးသင် ကျောင်းသားဦးရေ ၅၄၂၈၃ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း၊ ရတနာပုံတက္ကသိုလ်၏ ပထမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလမှာကျင်းပခဲ့ပြီး ဘွဲ့ရကျောင်းသား ၄၁၄၈ဦးကို ဘွဲ့အပ်နှင်းခဲ့ပြီးဖြစ်ကြောင်း။

အမျိုးသားပညာရည် မြင့်မားရေးအစီအစဉ်ဖြင့် e-Education Centers များကိုလည်း အပြည့်အစုံ ဖွင့်လှစ်ထားရှိပြီး ဖြစ်ကြောင်း၊ Language Lab လေးခုတွင်လည်း ကျောင်းသား၊ ကျောင်းသူ ၁၉၂ ဦးကို တစ်ပြိုင်တည်း လေ့ကျင့်သင်ကြားပေးနိုင်ပါကြောင်း။

VSAT၊ e-mail၊ internetတို့ကိုလည်း ချိတ်ဆက်အသုံးပြုနေပြီ ဖြစ်ကြောင်း၊ ICT ageမှာ နိုင်ငံတကာသုံးဘာသာစကားနှင့် ကွန်ပျူတာကျွမ်းကျင်မှုကို အထူးဦးစားပေးပြီး သင်ကြားလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို ဘက်ပေါင်းစုံ၊ ထောင့်ပေါင်းစုံမှ ဖြည့်ဆည်းပေးပြီး Online education နှင့် Virtual University အဆင့်သို့ ရောက်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

ရတနာပုံတက္ကသိုလ် တည်ဆောက်ဆဲကာလမှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နှစ်ကြိမ်လာရောက်လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁)သည် မြေစတင်ရွေးချယ်သည့်မှ ယခုပင်မဆောင်ကြီး ဖွင့်တဲ့အချိန်အထိ သုံးနှစ်ကျော်ကာလအတွင်းမှာ ကိုးကြိမ် ကြွရောက်ပြီး အမြဲမပြတ် ကြီးကြပ်စစ်ဆေးပြီး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်တို့ကလည်း အမြဲမပြတ် ကူညီစောင့်ရှောက်ခဲ့သည့်အတွက် ဝန်ကြီးဌာန ကိုယ်စား၊ တက္ကသိုလ်ကိုယ်စား ဂုဏ်ယူကျေးဇူးတင်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ဆရာ၊ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများကို ရည်ညွှန်းပြောကြားလိုကြောင်း၊ ခံ့ညားထည်ဝါသည့် ရတနာပုံတက္ကသိုလ်ကြီးကို နိုင်ငံတော်က ဖွဲ့စည်းတည်ဆောက်ပေးခဲ့ကြောင်း၊မြန်မာ့သမိုင်းမှာ ထင်ရှားခဲ့ပြီး အင်းဝခေတ်နှင့် အမရပူရခေတ်၏ အငွေ့အသက်များဖြင့် အစဉ်အလာရှိသည့် ဤနေရာဌာနမှာ ရတနာပုံတက္ကသိုလ်ကြီး ဖွဲ့စည်းတည်ရှိနေကြောင်း၊ နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်ကြီးဖြစ်ထွန်းလာအောင် မြန်မာ့လူ့ဘောင်ဖြစ်သော မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့၏ အကျိုးကို သယ်ပိုးထမ်းရွက်ကြမည့် ပညာရှင်များပေါ်ထွန်းလာအောင် ဖန်တီး တည်ဆောက်ပေးကြပါရန် အလေးအနက် တိုက်တွန်းရင်း နိဂုံးချုပ် ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ရတနာပုံတက္ကသိုလ် မြန်မာစာ မဟာဝိဇ္ဇာ ဒုတိယနှစ် ကျောင်းသူ မသန္တာအောင်က ဂါရဝပြုကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ ရွှေနန်းသစ် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဇီသုကာ ဦးမြင့်ဟန်က ရတနာပုံတက္ကသိုလ်အတွက် ငွေကျပ်သိန်း ၃၀၀ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင်နှင့် ရွှေနန်းသစ်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဇီသုကာ ဦးမြင့်ဟန်တို့က ရတနာပုံတက္ကသိုလ် ပင်မဆောင်ဖွင့်ပွဲ အထိမ်းအမှတ် ဂါရဝပြု လက်ဆောင်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ရတနာပုံ တက္ကသိုလ် ပင်မဆောင် ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ရတနာပုံ တက္ကသိုလ် ပင်မဆောင်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ပင်မဆောင်ရှေ့၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဦးမောင်ညိုအား ခန့်အပ်

ရန်ကုန် ဇူလိုင် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးမောင်ညိုအား ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏သံအမတ်ကြီးအဖြစ်ခန့်အပ်လိုက်ပြီးဖြစ်သည်။(သတင်းစဉ်)

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ (၅)

မောင်ရင်မှိုင်း

မှန်းချက်နဲ့ နှမ်းထွက်

မေလ ၈ ရက်နေ့။

ခင်ဦးမြို့နယ် "အင်န်အယ်လ်ဒီ" ဥက္ကဋ္ဌ ဒေါက်တာဝင်းအောင် နေအိမ်အပေါ်ထပ်ကနေ "အန်တီစု"တစ်ယောက် ဟောတာတွေ၊ ပြောတာတွေပြီးတော့ ခရီးဆက်ထွက်ဖို့ စီစဉ်ကြ တယ်။ ညနေ ၄ နာရီခွဲကျော်ကျော်မှာ ခင်ဦးမြို့ကစထွက်ပြီ။

တစ်ရွာကျော်၊ တစ်ရွာဖြတ်နဲ့ ခရီးဆက်လာရင်း ကန့်ဘလူမြို့နယ်အတွင်းက မိုင်တိုင် ၃၇ အနားကိုရောက်တော့ ကျွန်တော်တို့ယာဉ်တန်း ခဏနားတယ်။ ဘဘ ဦးတင်ဦးရဲ့ ရေဒီယို ကလိသံက တကျိကျိ တကွိကွိနဲ့။ ည ၉ နာရီကျော်နေပြီဆိုတော့ VOA မြန်မာပိုင်းအစီအစဉ်ကို နားထောင်တာပဲ ဖြစ်လိမ့်မယ်။

ည ၁၀ နာရီ ထိုးခါနီးလောက်မှာ ခဏနားတဲ့ နေရာကနေ ဆက်ထွက်ကြတယ်။ မှောင်မှောင်မည်းမည်းနဲ့ သွားရတာမို့ ဘေးပတ်ဝန်းကျင်ကို ဘာမှမမြင်ရဘူး။ ကားပေါ်ပါလာသူ အများစုကလည်း ခရီးပန်းတော့ အပြိုင်အဆိုင် ငိုက်မျဉ်းနေကြလေရဲ့။ ကျွန်တော်ကတော့ ခေါင်းထဲကို အတွေးစတွေ တစ်ခုပြီးတစ်ခု ဝင်ရောက်နေတာမို့ မငိုက်ဖြစ်ခဲ့ဘူး။ မကြာခဏဆိုသလို သက်ပြင်းကိုပဲ တိုးတိုးတိတ်တိတ် ချမိနေတယ်။

ည ၁၁ နာရီကျော်ကျော်လောက်မှာ ကန့်ဘလူမြို့ကို ဝင်တယ်။ ကျွန်တော်တို့ ခရီးတစ်ထောက်နားမယ့်အိမ်က အမှတ်(၅)ရပ်ကွက် ဦးအောင်ဇေယျလမ်းမှာရှိတဲ့ ဦးစိုးမြင့်ရဲ့နေအိမ်။ အဲဒီ ဦးစိုးမြင့်ဆိုတာက ပါတီဝင်အဖြစ်ကနေ တရားဝင်နုတ်ထွက်ပြီးသား။ ဝိုင်းအုံတဲ့ ပရိသတ်ကတော့ လင်းလင်းထင်းထင်း မဟုတ်တဲ့အတွက် ရှုပ်ရှုပ်ထွေးထွေး မရှိလှဘူး။ ပြောက်တိပြောက်ကျားပဲ။ ပါတီဝင် စစ်စစ်တောင် ငါးယောက်လောက်ပဲ ရှိတယ်။

အခြေအနေအရပ်ရပ်ကို "အန်တီစု" သိပ်ပြီး ဘဝင်တွေ့ပုံ မရဘူး။ သူ့စိတ်ထဲမှာ ဒီမြို့က ကြိုတယ်ဆိုတာ ဒီလောက်ပဲလား၊ ဒီပုံစံလားဆိုတဲ့ မကျေနပ်မှုတစ်ခုရှိနေပုံပဲ။ အဲဒီမှာတင် ကောက်ကာငင်ကာနဲ့ ဟောတဲ့ ပြောတဲ့အလုပ် ထလုပ်ပါလေရော။ "အန်တီစု" ဘာတွေဖွင့်အန်တယ်မှတ်လဲ။ ကန့်ဘလူမြို့နယ် လူတွေကြောက်နေတဲ့အကြောင်း။ အဲဒါကြောင့် ရည်မှန်းချက် မအောင်မြင်တာဖြစ်တဲ့အကြောင်း၊ မိမိတို့ နိုင်ငံရေးလုပ်နေတာ အပျော်လုပ်နေတာမဟုတ်ကြောင်း၊ ၁၉၈၈ ခုနှစ်ကနေ ဒီကနေ့ အချိန်အထိဖြစ်ကြောင်း၊ ဒီလိုလုပ်လို့ မိမိတို့အဖွဲ့ထဲက ထောင်ကျသူကျ၊ မိသားစုနဲ့ ကွဲသူကွဲ၊ စီးပွားပျက်သူ ပျက်တာတွေ ရှိသလို အတ္တများတဲ့ နိုင်ငံရေးသမားတွေလည်း ပါကြောင်း၊ ဒီလူတွေက လမ်းတစ်ဝက်မှာပဲ လက်တွဲဖြုတ်ဆက်မလုပ်တော့ကြောင်း ဆိုတာတွေ ထည့်ပြောသွားတယ်။

"အန်တီစု"ပြောတဲ့ စကားတွေက ဘယ်သူ့ကို ဘယ်လိုရည်ညွှန်းတယ်ဆိုတာ ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ကျွန်တော်တို့ဖြင့် မျက်နှာပူလိုက်တာ လွန်ရော၊ ဟုတ်တယ်လေ။ အိမ်ရှင် ဦးစိုးမြင့်လည်း မျက်စိမျက်နှာပျက်နေပြီ။ တချို့စကားလုံးတွေက ပါတီကနေ နုတ်ထွက်ပြီးသားဖြစ်နေတဲ့ ဦးစိုးမြင့်ရဲ့ အရှိက်ကို ဖြောင့်လက်သီး ပစ်သွင်းလိုက်သလို ဖြစ်နေတာကိုး။

ဒါပေမယ့် တော်ပါသေးရဲ့။ "အန်တီစု"က သူပြောချင်တာတွေလည်း ပြောပြီးရော ထွက်မယ်၊ ထွက်မယ်နဲ့ ဆက်ထွက်ဖြစ်ခဲ့ကြတယ်။ ဦးစိုးမြင့်တစ်ယောက်တော့ တောက်တခေါက်ခေါက်နဲ့ ကျန်ခဲ့လေမလားဘဲ။ ကျွန်တော်တို့အဖွဲ့ မှောင်မှောင်မည်းမည်းထဲ ဆက်ပြီး ခရီးနှင်လိုက်ကြတာ မေလ ၉ ရက်နေ့ မနက် ၃ နာရီကျော်လောက်မှာ ဗီးကုန်းရွာကို ရောက်တယ်။ ဗီးကုန်းရွာက နီလာဝင်းဆန်စက်ပိုင်ရှင် ဦးခင်မောင်ကြီးရဲ့ နေအိမ်မှာ ခရီးတစ်ထောက် နားဖြစ်ခဲ့တယ်။

မနက်မိုးလင်းတော့ ကျွန်တော်တို့အဖွဲ့ကို ကောလင်းမြို့နယ် အရွေးချယ်ခံ ကိုယ်စားလှယ် ဦးသိန်းဇံက လာကြိုပါတယ်။ ဒါနဲ့ ကျွန်တော်တို့ အဖွဲ့ ကောလင်းမြို့ကို ဆက်ထွက်လာလိုက် ကြတာ ည ၈ နာရီဝန်းကျင်မှာ ကောလင်းကို ရောက်ပြီး ဈေးရုံ ဗိုလ်တဲရပ်ကွက် (၉)လမ်းမှာရှိတဲ့ ဒေါ်ဖြူဖြူဝင်း အိမ်ကို ရောက်ပါတယ်။ ခရီးရောက်မဆိုက်ညစာကို ကသုတ်ကရက်စားပြီး ဝန်းသိုကို ဆက်ထွက်ရပြန်ရော။ ဝန်းသိုကိုရောက်တော့လည်း ရောက်ရောက်ချင်း လူငယ်အဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာ ကိစ္စတွေနဲ့ ဟောတာ၊ ပြောတာတွေလုပ်ပြီး ချက်ချင်း ကောလင်းကို ပြန်လာခဲ့ကြတယ်။ ကျွန်တော်တို့ အဖွဲ့တွေကို မောင်းပို့ရတဲ့ ကားသမားတွေ ကွမ်းတပျစ်ပျစ်၊ လေတချွန်ချွန်၊ ဒူးတန့်နှံ့ မလုပ်နိုင်ကြတော့ဘူး။

"မင်းတို့ စည်းရုံးရေးဆင်းတာကလည်း ညကြီးသန်းခေါင်မရှောင် ပျာယာခတ်နေကြတာပဲ။ တကယ်ဆိုရင် အေးအေးလူလူ နားနားနေနေနဲ့ လုပ်သင့်တယ်။ ဒီလောက် အရေးမကြီးတဲ့ ကိစ္စတွေကို ရေးကြီးခွင့်ကျယ် စွန့်စားမှုတစ်ခုလို လုပ်နေကြတာဟာ လုပ်နည်းလုပ်ဟန် မှားယွင်းတာ တစ်ခုတည်းမဟုတ်တော့ဘူး။ မလုပ်တတ် မကိုင်တတ်ဘူးဆိုတာလည်း ထင်ရှားတယ်။"

အဲဒီစကား ဘယ်သူပြောသလဲ ဆိုတာတော့ ကျွန်တော် မပြောချင်ပါဘူး၊ ပြန်စဉ်းစားကြည့်လိုက်တော့ သူပြောလိုက်တဲ့စကားက သဘာဝကျနေတယ်။ ဟုတ်တယ်လေ။ "အန်တီစု" ခေါင်းဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ရဲ့ လှုပ်ရှားမှုက လူသိမခံရဲလို့ ပုန်းလျှိုးဝှက်လျှိုး လုပ်ကြတဲ့ပုံစံဖြစ်နေတယ်။ ကျွန်တော်တို့အတွက် မှတ်သားစရာ စကားတစ်ခွန်းကတော့ "မင်းတို့ လုပ်နေကြတာ မှောင်ခိုပါတီနိုင်ငံရေးလားတဲ့။ အဲဒီလို စကားသံတွေကို 'အန်တီစု' ကြားစေချင်လိုက်တာ။"

ဒေါ်စုကြည်နှင့် သူ၏ ပရိသတ်

ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာလမ်းပေါ်ရှိ အင်းတော်မြို့နယ် အိုင်းမကျေးရွာ လမ်းတစ်နေရာတွင် ကြိုတင်စီစဉ်ထားသည့် ရှက်ဖျင်တဲအတွင်း ဟောပြောနေသော ဒေါ်စုကြည်နှင့် တက်ရောက်နားထောင်ကြသူ လူထုပရိသတ်။

မေလ ၁၀ ရက်နေ့မှာတော့ "အန်တီစု" ခေါင်းဆောင်တဲ့ ကျွန်တော်တို့အဖွဲ့တွေဟာ ပါတီဝင် အချို့နဲ့ ဒေသခံ အရပ်သားအချို့ လိုက်ပါပြီး ကောလင်းမြို့ အနောက်ဘက်မှာရှိတဲ့ လွယ်မောက်တောင်(ခ)ခမောက်တောင် တစ်ဝက်က ဗျာဒိတ်ပေးဘုရားကို ဘုရားဖူးထွက်ခဲ့ကြတယ်။ ဘုရားဖူးပြီးလို့ ကောလင်းကိုအပြန် ကားလမ်းဘေးက ညောင်ပင်သာ ရွာကိုရောက်တော့ ခရီးတစ်ထောက် နားဖြစ်ပြန်တယ်။

ကြားဖူးတာ တစ်ခုကတော့ "ဘုရားလည်းဖူးရင်း၊ လိပ်ဥလည်း တူးရင်း"တဲ့။ ကျွန်တော်တို့ "အန်တီစု"ကတော့ ဘုရားလည်းဖူးရင်း၊ စကားလည်း ပြောရင်းပေါ့။ ညောင်ပင်သာရွာထိပ် ဇရပ်မှာနားတုန်း ရွာထဲကလူတွေ အုံလာတာနဲ့ "အန်တီစု"က ပေးစမ်း Hand Speaker (လက်ကိုင် အသံချဲ့စက်)ဆိုပြီး စကားတွေပြော၊ တရားတွေ ဟောတော့တာပဲ။ လူစုရင် စကားထပြော၊ တရားထဟော လုပ်ချင်တာဟာ "အန်တီစု"ရဲ့ အကျင့်လား၊ စရိုက်လား၊ ဝါသနာလား ဆိုတာကိုတော့ ကျွန်တော်လည်း မပြောတတ်။

ရွာထိပ် လမ်းဘေးဇရပ်ပေါ်ကနေ လက်ကိုင်အသံချဲ့စက်တကားကားနဲ့ ပြောလိုက်တဲ့ စကားတွေထဲမှာ "ဒီမိုကရေစီရမှ စိတ်ချမ်းသာမယ်ဆိုတာ ဦးနှောက်ကို သုံးရမှာဖြစ်တယ်၊ အလုပ်လုပ်ရမယ်၊

ကြိုးစားရမယ်၊ အချင်း
ရှိရမှာဖြစ်တယ်"လို့ ပ
ပြောတာ ဝိုင်းအုံနေကြတဲ့
တက်ရပ်နေတာကြောင့်
လမ်းပိတ်မိပြီး ဒုက္ခခံ
"အန်တီစု" မသိရှာခဲ့ဘူး
"အန်တီစု" ပြောပြီး
အဖွဲ့ ညောင်ပင်သာရွာ
လောက်မှာ ခရီးဆက်ထွ
နီးပါးလည်း မောင်းပြီး
မဲဇာတံတားထိပ်ကို ရော
အင်းတော်မြို့နယ် အင်န်
ကိုယ်စားလှယ် ဦးစောလှို
နေတယ်။ ကျွန်တော်
ကျော်ပြီးတာနဲ့ လမ်းဘေ
ကားတွေထိုးရပ်ပြီး ထမ
စားပြီး ဆက်ထွ
ဦးစောလှိုင်တို့ အဖွဲ့တွေ
"အန်တီစု" နောက်မှာ
လမ်းဘေးကရွာတွေကို
ရွာသားတွေ ထွက်ကြည့်
ရွာကို ဖြတ်တော့ ထွ
ရွာသားတွေကို မြင်သွား
အတိုင်း ပြောဖို့ ဟောဖို့လုပ်
မှာပဲရပ်၊ လမ်းလယ်ကော
မှာ စုဝေးဝိုင်းအုံ။ "အန်
ရပ်ပြီး ပြောပေါ့။
ကျွန်တော်တို့အဖွဲ့
ဟောနေ၊ ပြောနေမှုကြေ
ဒီဘက်ထိပ်မှာ လမ်းသွား
ကုန်တင်ယာဉ် နှစ်စီးစီ
ဖြစ်ကုန်ရော။ အဲဒီမှာ
လောက်ရှိတဲ့ ရပ်ရည်ခပ်
တစ်ဦးက ကျွန်တော်တို့
ရည်ရွယ်ပြီး ဘာပြောသ
ဗိုလ်ချုပ်အောင်ဆန်းတုန်း
အကြောင်းပြုပြီး လမ်းပေါ်
ပြောသွားတယ်။ အခု သူ့
ကို အကြောင်းပြုပြီး ကိုယ
ခံချပြီး လမ်းပိတ် တရား
ကွာ..."တဲ့။ ကျွန်တော်တို့
လိုက်ကြည့်ရုံကလွဲပြီး
"အန်တီစု"ကလည်း "အ
ကိစ္စဝိစ္စတွေပြီးပြန်
ဆက်ထွက်ကြပြန်တယ်။
ကျေးရွာကိုဖြတ်တယ်။ ရွေ
ဆော်ဩမှုအရ ရွာခံအချ

ကြိုးစားရမယ်၊ အချင်းချင်း ကိုယ်ချင်းစာစိတ် ရှိရမှာဖြစ်တယ်”လို့ ပါနေပေမယ့် “အန်တီစု” ပြောတာ ဝိုင်းအုံနေကြတဲ့ရွာသားတွေ ကားလမ်းပေါ် တက်ရပ်နေတာကြောင့် ခရီးသည်တင်ကားအချို့ လမ်းပိတ်မိပြီး ဒုက္ခခံ ရပ်စောင့်နေရတာကိုတော့ “အန်တီစု” မသိရှာခဲ့ဘူး။

“အန်တီစု” ပြောပြီးပြီဆိုတာနဲ့ ကျွန်တော်တို့ အဖွဲ့ ညောင်ပင်သာရွာကနေ မွန်းလွဲ ၂နာရီခွဲ လောက်မှာ ခရီးဆက်ထွက်ကြတယ်။ တစ်နာရီခွဲ နီးပါးလည်း မောင်းပြီးရော အင်းတော်မြို့နယ် မဲဇာတံတားထိပ်ကို ရောက်တယ်။ တံတားထိပ်မှာ အင်းတော်မြို့နယ် အင်န်အယ်လ်ဒီ အရွေးချယ်ခံ ကိုယ်စားလှယ် ဦးစောလှိုင် ဦးစီးတဲ့အဖွဲ့က လာကြို နေတယ်။ ကျွန်တော်တို့အဖွဲ့ မဲဇာတံတားကို ကျော်ပြီးတာနဲ့ လမ်းဘေးသစ်ပင်တွေ အောက်မှာ ကားတွေထိုးရပ်ပြီး ထမင်းစားကြတယ်။

စားပြီး ဆက်ထွက်တော့ လာကြိုနေတဲ့ ဦးစောလှိုင်တို့ အဖွဲ့တွေက ရှေ့ကနေ ကြိုထွက်ပြီး “အန်တီစု” နောက်မှာ ပါလာတဲ့အကြောင်း လမ်းဘေးကရွာတွေကို ဆော်ဩသွားတာကြောင့် ရွာသားတွေ ထွက်ကြည့်ကြတယ်။ ကျောင်းကုန်း ရွာကို ဖြတ်တော့ ထွက်ကြည့်နေကြတဲ့ ရွာသူ၊ ရွာသားတွေကို မြင်သွားတဲ့ “အန်တီစု”က ထုံးစံ အတိုင်း ပြောဖို့ ဟောဖို့လုပ်ပြီ။ ကားတွေကို လမ်းပေါ် မှာပဲရပ်၊ လမ်းလယ်ကောင် ခုံချ၊ လူတွေက လမ်းပေါ် မှာ စုဝေးဝိုင်းအုံ။ “အန်တီစု”က ခုံပေါ်မတ်တတ် ရပ်ပြီး ပြောပေါ့။

ကျွန်တော်တို့အဖွဲ့ လမ်းမပေါ်မှာ လူအုပ်စုနဲ့ ဟောနေ၊ ပြောနေမှုကြောင့် လမ်းဟိုဘက်ထိပ်၊ ဒီဘက်ထိပ်မှာ လမ်းသွားလမ်းလာ ခရီးသည်တင်၊ ကုန်တင်ယာဉ် နှစ်စီးစီလောက် လမ်းပိတ်ဆို့မှုတွေ ဖြစ်ကုန်ရော။ အဲဒီမှာတင် အသက် ၅၀ အရွယ် လောက်ရှိတဲ့ ရုပ်ရည်ခပ်သန့်သန့် အမျိုးသားကြီး တစ်ဦးက ကျွန်တော်တို့အဖွဲ့ ကြားအောင် တမင် ရည်ရွယ်ပြီး ဘာပြောသလဲဆိုတော့ရင် “အေး… ဗိုလ်ချုပ်အောင်ဆန်းတုန်းကတော့ လွတ်လပ်ရေးကို အကြောင်းပြုပြီး လမ်းပေါ်တက် ဆေးရိုးလှန်းတာကို ပြောသွားတယ်။ အခု သူ့သမီးကျတော့ ဒီမိုကရေစီ ကို အကြောင်းပြုပြီး ကိုယ်တိုင် လမ်းလယ်ကောင် ခုံချပြီး လမ်းပိတ် တရားဟောတယ်။ ကောင်းရော ကွာ…”တဲ့။ ကျွန်တော်တို့တစ်တွေ ပေစောင်းစောင်း လိုက်ကြည့်ရုံကလွဲပြီး ဘာပြန်ပြောလို့ရမှာလဲ။ “အန်တီစု”ကလည်း “အန်တီစု”ပါပဲ။

ကိစ္စဝိစ္စတွေပြီးပြန်တော့ ကျွန်တော်တို့အဖွဲ့ ဆက်ထွက်ကြပြန်တယ်။ ညနေစောင်းမှာ နန်းသဲ ကျေးရွာကိုဖြတ်တယ်။ ရှေ့ကသွားနှင့်တဲ့ အဖွဲ့တွေရဲ့ ဆော်ဩမှုအရ ရွာခံအချို့ ရပ်စောင့်နေကြတယ်။ ဖြစ်ချင်တော့ နန်းသဲကျေးရွာက ရွာသူ၊ ရွာသားတွေ ရပ်စောင့်တဲ့နေရာက မဟာစေတီဘုရားကြီး ဘက်စုံ ပြုပြင်မွမ်းမံဖို့အတွက် အလှူခံနေတဲ့မဏ္ဍပ်နားမှာ။ တစ်ချိန်တစ်ခါဆီက တက္ကသိုလ်ရိပ်သာလမ်းဘေး စနေ၊ တနင်္ဂနွေ ဟောပြောပွဲတွေမှာ လမ်းဘေး အလှူခံ မဏ္ဍပ်တွေဟာ ခရီးသွားပြည်သူတွေကို စိတ်အနှောင့်အယှက်ပေးသလိုဖြစ်နေတာ မကောင်း ဘူးလို့ ဟောခဲ့၊ ပြောခဲ့ဖူးတဲ့ “အန်တီစု” တစ်ယောက် ဘာလုပ်တယ်မှတ်လဲ။

အဲဒီ အလှူခံမဏ္ဍပ်ရှေ့မှာ ကားကိုရပ်ပြီး ကားပေါ်ကဆင်း၊ မဏ္ဍပ်တွင်းက အလှူခံ စာရင်းရေး တဲ့ ခုံပေါ်ကိုတက်။ နိဗ္ဗာန်ဆော်သုံးတဲ့ မိုက်ကရိုဖုန်း ကို ကောက်ကိုင်ပြီး ဟောတော့၊ ပြောတော့တာပဲ။ ကျွန်တော့်မျက်စိထဲမှာ မြင်ရသမျှ ဘဝင်မကျတာ တွေက တစ်နေ့တစ်နေ့ ပိုများလာသလို ဖြစ်နေတယ်။ ဟုတ်တယ်။ မြန်မာဆန်ဆန် ဝတ်ဆင်ထားတဲ့ အသက် ၅၀ ကျော် အမျိုးသမီးကြီးတစ်ယောက်က စာရေးစားပွဲခုံပေါ် မတ်တတ်တက်ရပ်တဲ့ မြင်ကွင်းဟာ ဣန္ဒြေသိက္ခာပိုင်းအရ တော်တော်လေးကို ရုပ်ပျက် ဆင်းပျက်နိုင်လွန်းတယ်။ စာရေးစားပွဲတို့၊ ထမင်းစားပွဲ တို့ဆိုတာ အထွတ်အမြတ်ပစ္စည်း မဟုတ်ပေမယ့် ခြေနင်းခုံလိုတော့ ခြေထောက်စုံတက်ရပ်ဖို့ မသင့်တဲ့ ပစ္စည်းတွေပါ။

ဒီတစ်ခေါက် ခရီးစဉ်တစ်လျှောက် “အန်တီစု” ပြောသမျှ၊ ဆိုသမျှ၊ လုပ်သမျှ၊ ကိုင်သမျှတွေကို ကြည့်ပြီး ကျွန်တော့်စိတ်ထဲ ဘဝင်မကျမှုတွေ ဖြစ်ဖြစ်နေတာဟာ ဘာဖြစ်လို့လဲဆိုတာကို ကျွန်တော် ပြန်စဉ်းစားမိခဲ့တယ်။ အပြင်ပန်းက ကြည့်မယ် ဆိုရင်တော့ ကျွန်တော့်အနေနဲ့ “အန်တီစု”ကို အရိုအသေ မဲ့ချင်လာတယ်။ ယုံကြည်ထောက်ခံမှု နည်းပါးချင်လာတယ်လို့ ယူဆစရာ ရှိကောင်း ရှိနိုင်ပါတယ်။ အမှန်က ဒီလိုမဟုတ်ဘူး။ ကျွန်တော့်လို စိတ်ထဲက ဘဝင်မကျမှုမျိုးတွေ လူတိုင်းစိတ်ထဲ ရောက်သွားမှာကို စိုးရိမ်လို့ဖြစ်ရတာ။

နန်းသဲကျေးရွာ အလှူခံ မဏ္ဍပ်ထဲကနေ “အန်တီစု” တရားဟောကောင်း၊ မကောင်းတော့ မသိဘူး။ လမ်းတစ်ဖက်တစ်ချက်မှာ သွားစရာ မရှိလို့ ရပ်စောင့်နေရတဲ့ ခရီးသည်တင်၊ ကုန်တင် ယာဉ်တွေဆီကတော့ ဟွန်းသံတွေ ပေါ်လာပြီ။ ကားဟွန်းသံတွေ ကြားရတော့ ကျွန်တော်တို့ အဖွဲ့ထဲက ခပ်စွာစွာငနဲက ဘာထပြောတယ်မှတ်လဲ။ “တော်တော်အလိုက်မသိတဲ့လူတွေပဲ။ ဒီမှာ ‘အန်တီစု’ စကားပြောနေတာကို နားမလည်ဘူးလား ”တဲ့။

တကယ်လို့သာပေါ့လေ၊ ကားတစ်စီးစီးပေါ်က လူတစ်ယောက်ယောက် ဆင်းလာပြီး “ဟေ့ကောင် တွေ၊ မင်းတို့က ဘာကောင်တွေလဲ။ ဒီလမ်းက အများသူငါ သွားလာနေတဲ့လမ်း၊ အချိန်နဲ့သွား၊ အချိန်နဲ့လာဆိုတဲ့ စကားရှိတယ်။ အချိန်နဲ့လုပြီး လုပ်ရတာတွေရှိတယ်။ မင်းတို့ လွတ်လွတ်လပ်လပ် ပြောချင်ရင် ဟိုးလယ်ကွင်းထဲ သွားပြောလို့” ပြောလာတဲ့သူများ ပေါ်လာခဲ့ရင် ကျွန်တော်တို့ ဘယ်လမ်းကို ရွေးချယ်ရမလဲ။ ဘယ်လမ်းကို ရွေးချယ်သင့်သလဲ။

- ခရီးသွားပြည်သူတွေကို ကျွန်တော်တို့ပြီးတဲ့ အထိ ဆက်ပြီး ရပ်စောင့်ခိုင်းမလား။
- ချက်ချင်းလက်ငင်း ကျွန်တော်တို့ရဲ့ ဟော ပြောမှုကိုရပ်ပြီး လမ်းဖယ်ပေးသင့်သလား။
- သို့တည်းမဟုတ် ကျွန်တော်တို့အုပ်စု လယ်ကွင်းထဲသွားပြီး လွတ်လွတ်လပ်လပ် ဆက်လုပ်သင့်သလား။

အဲဒီနည်းလမ်း သုံးခုအနက်က ဘယ်နည်းလမ်း ဟာ ဒီမိုကရေစီကျသလဲ ဆိုတာကို မိမိတို့ဘာသာ စဉ်းစားဆင်ခြင် ကြည့်ကြပါတော့။ လောလောဆယ် မှာတော့ ကျွန်တော်တို့က လမ်းပိတ်အောင်လုပ်နေတဲ့ သူတွေပါ။

နန်းသဲကျေးရွာ အလှူခံမဏ္ဍပ်ရှေ့ ဟောပြောပွဲ ပြီးတာနဲ့ ကျွန်တော်တို့အဖွဲ့တွေ ခရီးဆက်ကြပြန်ပြီ။ ည၉နာရီကျော်မှာ အင်းတော်မြို့ကို ရောက်တယ်။ ကျွန်တော်တို့ တည်းကြမယ့် နေရာက အင်းတော် မြို့လယ် အောင်ချမ်းသာရပ်ကွက်က ဦးစောလှိုင်ရဲ့ နေအိမ်။ မီးရောင်ကတော့ ခပ်မှိန်မှိန်ပဲ။

အင်းတော်မြို့ အဝင်မှာ မထင် မှတ်တဲ့ ကြိုဆိုမှုတစ်ခုကို ဘွား ခနဲ မြင်လိုက်ရတယ်။ အစိမ်း ရောင် ပိတ်စပေါ်မှာ စာလုံးအဖြူ နဲ့ ရေးထားတဲ့ စာတန်းတစ်ခု။ “ပြည်ပအားကိုးပုဆိန်ရိုး၊ အဆိုး မြင် ဝါဒီများအား ဆန့်ကျင်ကြ” တဲ့။ တကယ်တော့ ဒီစာလုံးဟာ ကျွန်တော်တို့နဲ့ မစိမ်းပါဘူး။ နေ့စဉ်ထုတ်လွှင့်နေတဲ့ ရေဒီယိုနဲ့ ရုပ်မြင်သံကြား အစီအစဉ်တွေ မှာ မြင်တွေ့ ကြားသိနေကျပါ။ ဒါပေမယ့်… ဒေသခံအချို့က ကျွန်တော်တို့လာမယ့် လမ်းဘေး မှာ အဲဒီပိတ်စ စာတန်းကိုကိုင်ပြီး ရပ်စောင့်နေတာ ဆိုတော့… ကျွန်တော် သဘောပေါက်လိုက် ပြီ။ အင်း…နေရာတိုင်းမှာတော့ ကျွန်တော်တို့ကို ထောက်ခံတဲ့သူ ဘယ်ရှိနိုင်ပါ့မလဲ…။

(ဆက်လက်ဖော်ပြပါမည်။)



အများသူငါ သွားလာအသုံးပြုနေသော လမ်း/တံတားများပေါ်တွင် “ဒေါ်စုကြည်”ကို အကြောင်းပြု၍ ထင်တိုင်းကြဲကာ စည်းမဲ့ကမ်းမဲ့ အုပ်စုဖွဲ့ ဗရုတ်ကျမှုများကို ဒီမိုကရေစီရပိုင်ခွင့်များဟု မှတ်ယူသူများလည်း ရှိနေသေး၏။

(၁၀-၅-၂၀၀၃ ရက်နေ့ မော်တော်ဆိုင်ကယ်ပေါင်းများစွာ ခြံရံလျက် မဲဇာ တံတားကို ဖြတ်ကူးနေစဉ်။)



အင်းတော်မြို့ အဝင်မှာ မထင်မှတ်တဲ့ ကြိုဆိုမှု တစ်ခုကို ဘွားခနဲ မြင်လိုက်ရတယ်။ အစိမ်းရောင် ပိတ်စပေါ်မှာ စာလုံးအဖြူနဲ့ ရေးထားတဲ့ စာတန်း တစ်ခု။ “ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီ များအား ဆန့်ကျင်ကြ”တဲ့။

ဒေသခံအချို့က ကျွန်တော်တို့လာမယ့်လမ်းဘေး မှာ အဲဒီပိတ်စ စာတန်းကို ကိုင်ပြီး ရပ်စောင့်နေတာ ဆိုတော့… ကျွန်တော် သဘောပေါက်လိုက်ပြီ။ အင်း… နေရာတိုင်းမှာတော့ ကျွန်တော်တို့ကို ထောက်ခံတဲ့သူ ဘယ်ရှိနိုင်ပါ့မလဲ…။

ဟာန်ရေးပြ

ဒေါ်စုကြည် ခရီးစဉ်ကို အကြောင်းပြု၍ နယ်ခံ၊ မြို့ခံပါတီဝင် အကြွင်းအကျန်များ အနေဖြင့် ရှိသမျှအင်အားကို စုဖွဲ့၍ ဟန်ရေး ပြကာ လူစုလူဝေးအသွင် ဖန်တီးပုံဖော်ခဲ့ခြင်း သည် ပုံမှန်အခြေအနေတစ်ခုကို ရှုတ်ရှုတ်သဲသဲ ဖြစ်အောင် ကြံစည်အားထုတ်သည့်အလား…။

(၁၀-၅-၂၀၀၃ ရက်နေ့ အင်းတော်မြို့နယ်၊ မဲဇာတံတားအနီး။)

[illegible]

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်လုပ်ငန်း စီမံခန့်ခွဲမှု သင်တန်းဆင်းပွဲ၌ အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော ပုံနှိပ်လုပ်ငန်း စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၁/၂၀၀၃) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်းမြို့ရှိ ဂျီတီစီ ပုံနှိပ်စက်ရုံသင်တန်းခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအိုကြည်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ယခုသင်တန်းတွင် သင်တန်းသားများအနေဖြင့် ဤသင်တန်း၌ ပုံနှိပ်လုပ်ငန်း စီမံခန့်ခွဲရေး၊ ဝန်ထမ်း စီမံခန့်ခွဲရေး၊ ငွေစာရင်း စီမံခန့်ခွဲရေး၊ စတိုထိန်းသိမ်းရေးနှင့် ပုံနှိပ်လုပ်ငန်းနှင့်ဆက်နွှယ်သည့် လုပ်ငန်းများကို စာတွေ့လက်တွေ့ သင်ကြားခဲ့ရသဖြင့် သင်တန်းသားများအနေဖြင့် မိမိတို့ [illegible]

[illegible]

ကိုယ့်အားကိုယ်ကိုး၍ ကျုံးရုန်းကြိုးပမ်းမှုဖြင့် ရရှိထားသော အခြေအနေကောင်းများကို အခြေခံ၍ ပြည်သူများ၏ အကျိုးစီးပွားကို ပိုမိုတိုးတက်မြင့်မားစွာ သယ်ပိုးဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမ အဆောက်အအုံ၌ ဖွင့်လှစ်ထားသည့် မြို့တော်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဂျီတီစီ ပုံနှိပ်စက်ရုံ၌ ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မက်ဆီဒိုးနီးယားသမ္မတနိုင်ငံတို့ သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ပြုလုပ်

ရန်ကုန် ဇူလိုင် ၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် မက်ဆီဒိုးနီးယားသမ္မတနိုင်ငံတို့သည် တန်းတူညီတူရှိခြင်း၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ခြင်း၊ လွတ်လပ်ရေးနှင့် နယ်မြေတည်တံ့မှုကို လေးစားခြင်း စသည့် မူကြီးများကို အခြေပြုလျက် ချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို တည်ဆောက်လိုသည့် ဆန္ဒရှိသည့်အားလျော်စွာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူကြီးများနှင့်အညီ ၂၀၀၃ခုနှစ် ဇူလိုင် ၉ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ပြုလုပ်လိုက်သည်။

(သတင်းစဉ်)

သြစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

ရန်ကုန် ဇူလိုင် ၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဝင်းအား သြစတြေးလျ ဓနသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၈

[illegible]

လှည့်လည်ကြည့်ရှု

[illegible] ကြောင်း ပြောကြားသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၂၁) အခြေခံပညာ အထက်တန်းကျောင်း သင်ကြားမှုသင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအပြီးတွင် ကျောင်းခန်းမအတွင်း လှည့်လည်ကြည့်ရှု အားပေးစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာဗီယိုဆိုပရိုဂျိုဝါလ်စီတိုအား ခန့်အပ်ရန် သဘောတူ

ရန်ကုန် ဇူလိုင် ၉

[illegible]

ကြည့်ရှုစစ်ဆေး

Computer Skills Room၊ Computer Aided Instruction Room၊ Printed Media Room၊ Projected Media Room နှင့် Language Lab [illegible]

ရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုအားပေး

မှာကြားဖြည့်ဆည်း

[illegible]

* မြှောက်တိုင်းလည်း မမြှောက်နဲ့

(က-ပ)

(သတင်းစဉ်)

❍ စာမျက်နှာ ၁၀ မှ

ဆက်လက်၍ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာ အထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ် အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်းများ၏ သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မမေဖြူစိုးက ဂါရဝပြုစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျောင်းအုပ်ဆရာမကြီးဒေါ်တင်တင်ရီက သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်သင်ကြားရခြင်း၏ ရည်ရွယ်ချက်၊ ခေတ်မီသင်ထောက်ကူပစ္စည်းများဖြင့် ဘက်စုံပညာထူးချွန်သူများ ပေါ်ထွန်းလာစေရန် ဆောင်ရွက်သွားမည့် ရည်မှန်းချက်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်နီက သင်ကြားမှု သင်ယူမှု အထောက်အကူပြုစာသင်ခန်းများ ပေါ်ထွန်းလာစေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်မှုများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းမများအတွက် ကျောင်းအကျိုးတော်ဆောင်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ကျောင်းသားမိဘများက စုပေါင်းလှူဒါန်းငွေကျပ် ၃၈၈၀၀၀၀နှင့် ကွန်ပျူတာနှစ်လုံး စုစုပေါင်း ၄၈၈၀၀၀၀ကို အလှူရှင်များကိုယ်စား ကျောင်းသားဟောင်း ဦးဖိုးတစ်ကလည်းကောင်း၊ အောင်မြေသာစံမြို့နယ်အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ဦးသာဌေး- ဒေါ်သန်း၊ သမီး ဒေါ်မြင့်မြင့်တို့ကို အမှူးထား၍ မြေး ဦးအေးကိုကို-ဒေါ်သက်သက်ထွန်း မိသားစုက ငွေကျပ် ၄၈၀၀၀၀တန်ဖိုးရှိ ကွန်ပျူတာတစ်လုံးနှင့် ကျောင်း၏ ဓာတ်ပုံမှတ်တမ်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံသည်။

သင်ထောက်ကူပစ္စည်းများပေးအပ်

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ရီအားလည်းကောင်း၊ အောင်မြေသာစံမြို့နယ် အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများကို ကျောင်းအုပ်ဆရာကြီး ဦးကိုကိုအားလည်းကောင်း ပေးအပ်သည်။

အမှာစကားပြောကြား

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်း၊ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းများ၏ သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းမများ ဖွင့်ပွဲအခမ်းအနားများ ဖြစ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဝိုင်းဝန်းပံ့ပိုးခဲ့ကြသည့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ အလှူရှင်များကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိသည်ဟု ပြောကြားလိုကြောင်း။

ယနေ့အခမ်းအနားကျင်းပသည့် ကျောင်းနှစ်ကျောင်းမှာ ထူးခြားသော သမိုင်းဖြစ်စဉ်များရှိခဲ့ကြကြောင်း၊ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အခြေခံပညာအထက်တန်းကျောင်းမှ ထူးချွန်ထက်မြက်သောပုဂ္ဂိုလ်များ မွေးထုတ်ပေးခဲ့ရာ ထိုအစဉ်အလာကောင်းမှာ မျိုးဆက်သစ် ကျောင်းသား၊ကျောင်းသူများအနေဖြင့် အတုယူဖွယ်၊ ဂုဏ်ယူဖွယ်ဖြစ်ကြောင်း။

ကြိုးစားအားထုတ်

နောင်တစ်ချိန်တွင် မိမိတို့လည်း အလားတူ ထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်ရမည်ဟူသော ရည်မှန်းချက်၊ယုံကြည်ချက်တို့ဖြင့် ကြိုးစားအားထုတ်ကြလျှင် နိုင်ငံအတွက် အကျိုးရှိသကဲ့သို့ မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများအတွက်လည်း ရည်မှန်းချက်ရှိရှိဖြင့် ကြိုးစားဆောင်ရွက်မှု၏အကျိုးကြောင့် အောင်မြင်မှုများ မလွဲမသွေရမှာဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဤအစဉ်အလာကောင်းများနှင့်အညီ ကြိုးစားဆောင်ရွက်နိုင်ကြစေရန် ဆရာ၊ ဆရာမ၊ ကျောင်းအကျိုးတော်ဆောင်များက အားပေးပံ့ပိုးဆောင်ရွက်ပေးကြဖို့လိုကြောင်း။

မှတ်တမ်းတင်

ကျောင်းတိုင်းကျောင်းတိုင်းသည် မိမိတို့ကျောင်းမှ မွေးထုတ်ပေးသည့် ထူးချွန်ထက်မြက်သည့် ပုဂ္ဂိုလ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များကို မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများ အတုယူဖွယ်ဖြစ်အောင် မှတ်တမ်းမှတ်ရာများ ပြုစုမှတ်တမ်းတင်ထားဖို့လိုကြောင်း။

ယခုအချိန်သည် ကမ္ဘာ့နိုင်ငံများတွင် သိပ္ပံနှင့်နည်းပညာရပ်များ အလွန်တိုးတက်နေကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသည် ထိုနိုင်ငံများ တိုးတက်နေသကဲ့သို့ မိမိနိုင်ငံလည်း တိုးတက်ရမည်ဟု ခံယူချက်၊ ယုံကြည်ချက်ဖြင့် လုံ့လ၊ ဝီရိယ စိုက်ထုတ်ကြိုးစားကြလျှင် ထိုတိုးတက်နေသော နိုင်ငံများနှင့် ဖွံ့ဖြိုးမှုကွာဟမှု မရှိ ယှဉ်တွဲလိုက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တိုးတက်သောနိုင်ငံများ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရခြင်းမှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရခြင်း၊ ယခင်နိုင်ငံရေးအစိုးရ လက်ထက်တွင် အချင်းချင်း ပဋိပက္ခ ဖြစ်မှု၊ နေရာလုမှု၊ အာဏာလုမှုများ ရှိခဲ့ကြသည့်အတွက် နှစ်ပေါင်း ၄၀ကျော် တည်ငြိမ်အေးချမ်းမှုမရှိ ဖြစ်ခဲ့ရခြင်းတို့ကြောင့်ပင် ဖြစ်ကြောင်း။

ဤသို့ နိုင်ငံတည်ငြိမ်အေးချမ်းမှု မရှိ၍ စီးပွားဖွံ့ဖြိုးမှုလည်း နောက်ကျနေခဲ့ရကြောင်း၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်အစိုးရအပိုင်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောလုပ်ငန်းများ ဆောင်ရွက်ပြီးသည်နှင့် အဖျက်လုပ်ငန်းလုပ်သူတွေက နောက်ကယှဉ်တွဲပါလာကြကြောင်း၊ အပြုလုပ်သူက လုပ်ပြီး အဖျက်လုပ်သူက နောက်ကလိုက်ဖျက်ဆီးနေလျှင် တိုင်းပြည် မည်သည့်အခါမျှ တိုးတက်မှာမဟုတ်ကြောင်း၊ အပြုနှင့်အဖျက်မှာ ယခုတိုင်ရှိနေဆဲပင်ဖြစ်ကြောင်း၊ ပြုသူကိုအားပေးကူညီရမလား၊ ဖျက်သူကို အားပေးကူညီရမလား ဆိုသည်မှာ ပြည်သူများက ဆုံးဖြတ်ကြရမှာဖြစ်ကြောင်း၊ အဖျက်ကိုအားပေးလျှင် တိုင်းပြည် နစ်နာဆုံးရှုံးမှာဖြစ်သလို အပြုကိုအားပေးလျှင် တိုင်းပြည်တိုးတက်မှာဖြစ်သည်မှာ အမှန်တရားပင်ဖြစ်ကြောင်း။

ဤမှန်ကန်သော သဘောထားများ ကျောင်းသား၊ ကျောင်းသူများအတွင်း ဖြစ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်နိုင်ပါက အနာဂတ်ကာလတွင် ကောင်းမွန်မှန်ကန်သော သဘောထားရှိသူများက လွှမ်းမိုးနိုင်မည်ဖြစ်သလို လူငယ်များကို မှန်ကန်စွာ လေ့ကျင့်ပျိုးထောင်မှုမရှိပါကလည်း အနာဂတ်ကာလတွင် တိုင်းပြည်အတွက် အပြုသဘောမဆောင်သူများ များပြားလာမှာဖြစ်ကြောင်း။

အဓိကအကျဆုံး

သို့ဖြစ်၍ တိုင်းပြည်၏အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးရာဖြစ်သော အခြေခံပညာကျောင်းများသည် တိုင်းပြည်၏ အနာဂတ်အတွက် အဓိကအကျဆုံး ဌာနများပင်ဖြစ်ကြောင်း။

ကောင်းမွန်သော အစဉ်အလာကိုသာ ကျောင်းသူ၊ကျောင်းသားများက အတုယူနိုင်ရေးတွင် ဆရာ၊ဆရာမများတွင် တာဝန်အရှိဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်ရေးသာမက စိတ်ဓာတ်ရေးရာ မှန်ကန်စွာ ဖြစ်ထွန်းရေးအတွက်ကိုပါ ရည်မှန်းပြီး မိမိတို့၏ တပည့်ကျောင်းသူ၊ ကျောင်းသားလူငယ်များကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးကြရန်မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စုပေါင်းဓာတ်ပုံရိုက်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင် ၇ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ တိုင်း၊ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒုတိယမြို့တော် မန္တလေးမြို့ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

✳ ခြောက်တိုင်းလည်း မကြောက်နဲ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧရာဝတီတိုင်း ဟင်္သာတမြို့တွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

⇨ ဧရာဝတီတိုင်းမှ

အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဧရာဝတီတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ဟင်္သာတခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ခရိုင်၊မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ပြုံးက ဟင်္သာတခရိုင်အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အခြေခိုင်မာနေသည့် အခြေအနေများ၊ ခရိုင်အတွင်း စိုက်ပျိုးမြေ အသုံးချနိုင်မှုများ၊ ကဏ္ဍအလိုက် စီမံကိန်း လျာထားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ချက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စီးပွားရေးအထောက်အကူပြု

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးက ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနေသည့် တိုင်းများတွင် ရှေ့တန်းမှ ပါဝင်သည့်တိုင်းတစ်တိုင်းဖြစ်ကြောင်း။

ရေသယံဇာတ၊ မြေသယံဇာတ ကောင်းစွာ တည်ရှိမှုအပေါ် ဧရာဝတီတိုင်းသားတို့က အားကြိုးမာန်တက် အကျိုးရှိစွာ ဆောင်ရွက်မှုများကြောင့် မိမိတို့တိုင်းသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ဟင်္သာတခရိုင်သည် ဧရာဝတီတိုင်း၌ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများရှိသည့် ဖွံ့ဖြိုးတိုးတက်နေသော ခရိုင်တစ်ခုဖြစ်၍ ဖွံ့ဖြိုးသည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစီမံဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ဧရာဝတီအထက်ပိုင်းတွင် အဓိကဖြစ်သော ဟင်္သာတဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လေ့လာကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့ ယခုကဲ့သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

ဟင်္သာတမြို့နှင့် ရန်ကုန်မြို့သည် မိုင် ၉၀ ကျော်သာ ဝေးကွာကြောင်း၊ ရန်ကုန်မှဟင်္သာတသို့ ယခင်က လာလိုလျှင် ရေကြောင်းဖြင့်ဖြစ်စေ၊ သာရဝေါမှတစ်ဆင့် ရထားဖြင့်ဖြစ်စေ လာရကြောင်း၊ မော်တော်ကားဖြင့်ဆိုပါက ဟင်္သာတ-နိဗ္ဗာန်-ရှားခဲ-အထောင်-ကျုံပျော်-ဓနုဖြူအထိသာ တစ်ဝက်တစ်ပျက် သွားလာ၍ ရခဲ့ကြောင်း၊ ခရီးဆုံးအထိ ကားလမ်းမပေါက်ဘဲ ရေကြောင်းခရီးဖြင့်ပင် ဆက်လက်သွားလာရကြောင်း။

ထို့ကြောင့် ဟင်္သာတနှင့် ရန်ကုန်သည် ခရီးတာမကွာလှသော်လည်း သွားလာရေး ခက်ခဲခဲ့ကြောင်း၊ တန်ဖိုးရှိသည့် အချိန်များ ကုန်ခဲ့ရကြောင်း။

ကျော်ဖြတ်နိုင်ပြီ

မိမိတို့ လက်ထက်တွင် ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်း ကားလမ်း ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ လမ်းခရီးတွင်ကြီးမားသည့် အဟန့်အတားဖြစ်သည့် ဧရာဝတီမြစ်ကိုလည်း ဗိုလ်မြတ်ထွန်းတံတား တည်ဆောက်၍ ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

(၁၅-၁၁-၁၉၉၉)ရက်တွင် ဗိုလ်မြတ်ထွန်းတံတား ဖွင့်လှစ်ပြီးနောက် ဟင်္သာတမှ ရန်ကုန်သို့ လေးနာရီခန့်အတွင်း လွယ်ကူမြန်ဆန်စွာ အပြန်အလှန် ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း၊ ဟင်္သာတဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံများ တည်ဆောက်ပေးနိုင်သည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှုအရှိန် ပိုမိုရရှိလာကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❒

(၃၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲဆက်

ရန်ကုန် ဇူလိုင် ၈

၂၀၀၃ခုနှစ် (၃၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက် ကျင်းပသည်။

အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို ၅၈မှတ်၊ ၅၁မှတ်ဖြင့် နိုင်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)က မကွေးတိုင်းကို ၁၀၀ မှတ်၊ ၆၁မှတ်ဖြင့် အနိုင်ရရှိသွားသည်။ အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)က စစ်ကိုင်းတိုင်းကို ၅၈ မှတ်၊ ၄၃မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲများ

အမျိုးသားပွဲ

ရန်ကုန်တိုင်းနှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)။

အမျိုးသမီးပွဲ

ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်း။

အမျိုးသားပွဲ

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် စစ်ကိုင်းတိုင်း။

အမျိုးသမီးပွဲ

ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်း။

အမျိုးသားပွဲ

ပဲခူးတိုင်းနှင့် ကယားပြည်နယ်။ (ကြေးမုံ)

❒ စာမျက်နှာ ၁၁ မှ

လမ်း၊ တံတားတစ်ခု၊ စီမံကိန်းတစ်ခုကို ပါးစပ်ဖြင့် တည်ဆောက်ရသည်မှာ လွယ်ကူသော်လည်း လက်တွေ့ အကောင်အထည်ဖော်ရာ၌ အခက်အခဲများစွာရှိသည့်အပြင် အားလုံးညီညီ ညွတ်ညွတ် ပေါင်းစပ်အားထုတ် လုပ်ကိုင်ကြရကြောင်း၊ စီမံကိန်းလုပ်ငန်းတစ်ခု ပြီးစီးရန် ထိုက်သင့်သည့် အချိန်ကာလ ပေးရသကဲ့သို့ ဒေသတာဝန်ခံများနှင့် ပြည်သူများကလည်း အသိစိတ်ဓာတ်ရှိရှိဖြင့် ပူးပေါင်း အထောက်အကူပြု ဆောင်ရွက်ကြရကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း ပုသိမ်မြို့ မြို့တော်ခန်းမ၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ သူနာပြုသင်တန်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပုသိမ်မြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်မှ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရေရရှိရေး

ယင်းပူးပေါင်းဆောင်ရွက်မှု အင်အားတို့ဖြင့် လမ်းပန်းဆက်သွယ်မှုသာမက ဟင်္သာတဒေသ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ရေရရှိရေးလုပ်ငန်းများကို မိမိတို့ ဖြည့်ဆည်းအကောင်အထည်ဖော်ပေးလျက်ရှိကြောင်း၊ ဟင်္သာတဒေသ၌ နန်ကသူရေလွှဲဆည်ကို ၁၉-၆-၉၇ တွင် လည်းကောင်း၊ နန်ကသူ ရေလှောင်တမံကို ၂၉-၁၁-၂၀၀၀ပြည့်နှစ်တွင် လည်းကောင်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့ပြင် ကြံခင်းမြို့နယ်၌ ကွန်ချောင်းရေလှောင်တမံ၊ မြန်အောင်မြို့နယ်၌ မမြရေလှောင်တမံနှင့် အင်္ဂပူမြို့နယ်၌ ကညင် ရေလှောင်တမံ တို့ကိုလည်းကောင်း၊ မြန်အောင်မြို့နယ်၌ ငပိဆိပ်နှင့် ကဖွန်းခုံ မြစ်ရေတင်စီမံကိန်းနှစ်ခုနှင့် ဟင်္သာတမြို့နယ်၌ မြို့ကွင်း(ခမ္ဘီ)မြစ်ရေတင် စီမံကိန်းတို့ကိုလည်းကောင်း အရှိန်အဟုန်မြှင့်တင်၍ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိကြောင်း။

ယင်းစီမံကိန်းများ ပြီးစီးပါက သီးနှံစိုက်ဧရိယာနှင့် သီးထပ်စိုက်စွမ်းအား ပိုမိုတိုးတက်လာပြီး တောင်သူလယ်သမားများ ဝင်ငွေတိုးပွားလာမည့်အပြင် ဒေသလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ဒေသကြီးသုံးခု

ဧရာဝတီတိုင်းရှိ ဟင်္သာတဒေသ အပါအဝင် ပုသိမ်၊ မအူပင် စသည့် အချက်အချာကျသောဒေသကြီးသုံးခု တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက် လာအောင်၊ ဧရာဝတီတိုင်း တစ်တိုင်းလုံး ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်လာအောင် ဖိဖိစီးစီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ပုသိမ်ဒေသကဲ့သို့ပင် ဟင်္သာတဒေသ၊ မအူပင်ဒေသတို့၌တက္ကသိုလ်၊ကောလိပ်များ၊ ခုတင် ၂၀၀ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးများ တည်ရှိနေပြီဖြစ်ကြောင်း။

ယခင်က သွားရေးလာရေးခက်ခဲပါသည်ဆိုသော ဧရာဝတီတိုင်းသည် ယခု တည်ဆောက်ပြီးသော လမ်း၊ တံတားများကြောင့် ဆက်သွယ်သွားလာမှု လွယ်ကူလျင်မြန်လာပြီဖြစ်ကြောင်း၊ ဆည်တမံများ၊ မြစ်ရေတင်လုပ်ငန်းများ၏ အကျိုးပြုမှုကြောင့်လည်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့မှာလည်း မြင့်မား တိုးတက်လာနေသည်မှာ မျက်မြင်ပင်ဖြစ်ကြောင်း၊ ဤသည်မှာ နိုင်ငံတော်အစိုးရနှင့် ပြည်သူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် ရရှိလာသည့် အသီးအပွင့်ရလဒ်များဖြစ်ကြောင်း။

ရှင်းလင်းစွာနားလည်

နိုင်ငံတော်အစိုးရ၏ မွန်မြတ်သော ရည်မှန်းချက်များဖြင့် ယခုကဲ့သို့ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများက ရှင်းလင်းစွာ နားလည်သဘောပေါက်ပြီး မိမိတို့ ပါဝင်ဆောင်ရွက်ရမည့် အရေးကြီးသောအခန်းကဏ္ဍကို ဆက်စပ်မြင်တတ်လုပ်ကိုင် တတ်ရန်လိုကြောင်း။

ယခုရရှိခဲ့သော အောင်မြင်မှုများသည်လည်း ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အဆင့်ဆင့်၏ ပူးပေါင်းအထောက်အကူပြုမှုများကြောင့်ပင် ဖြစ်သည်ဟု ဆိုနိုင်ကြောင်း။

လုပ်ငန်းများအောင်မြင်ရေးအတွက် အထောက်အကူပြုပံ့ပိုးခြင်း၊ ညှိနှိုင်းပေါင်းစပ်ပေးခြင်းတို့ ပြုလုပ်ပေးရာ၌ ကျယ်ပြန့်သောအမြင်၊ မှန်ကန်သော စေတနာများဖြင့် တက်တက်ကြွကြွ လုပ်ကိုင် ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း၊ စေတနာဖြင့် လုပ်ကိုင်ဆောင်ရွက်ရာ၌လည်း ဝေဒနာပါသော စေတနာမျိုး၊ ဖိစီးမှုပေးသည့် လုပ်နည်းလုပ်ဟန်မျိုးမဖြစ်ရန် အထူးသတိပြုရမှာ ဖြစ်ကြောင်း။

အရှိန်မြှင့်တင်

မိမိတို့ အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် နိုင်ငံတော်က တာဝန်ပေးအပ်ထားသည့် တာဝန်ရှိအဖွဲ့အစည်းများဖြစ်သည်ကိုလည်းကောင်း၊ ဒေသအေးချမ်းတည်ငြိမ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ညှိနှိုင်းပေါင်းစပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် အထောက်အကူပြု အားဖြည့်ပေးသော အုပ်ချုပ်ရေးအဖွဲ့များဖြစ်သည်ကို လည်းကောင်း၊ မှန်မှန်ကန်ကန် ကျယ်ကျယ်ပြန့်ပြန့် ခံယူ၍ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏အား၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုစွမ်းအားတို့ကိုရယူပြီး လုပ်ငန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ကြရန်မှာကြားသည်။

အကောင်အထည်ဖော်ရန်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး သူရရွှေမန်းက မှာကြားရာ၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟင်္သာတဒေသသို့ ဇွန်လအတွင်း ရောက်ရှိခဲ့စဉ်က ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် လမ်းညွှန်ခဲ့သည်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်နှင့် ဒေသ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဟင်္သာတမြို့သို့ မိမိတို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာ၌ နိုင်ငံတော်၏ လက်ရှိအခြေအနေအရ စိုက်ပျိုးရေးကဏ္ဍကို ပြည်ပအဖွဲ့အစည်း၊ မည်သည့် နိုင်ငံကိုမျှ အားကိုးအားထားပြု၍ နိုင်ငံတော်ကို ထူထောင်နေ၍လည်း မဖြစ်နိုင်ကြောင်း။

အားပေးပျိုးထောင်နေရ

စိုက်ပျိုးရေးကဏ္ဍကို အခြေခံ၍ တိုးတက်အောင်လုပ်ကိုင်ဆောင်ရွက်ရာ၌ နိုင်ငံတော်အတွက် အားထားရသော သားငါးကဏ္ဍ၊ သစ်တောကဏ္ဍနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်ဖွံ့ဖြိုးလာအောင် တစ်ပြိုင်တည်း အားပေးပျိုးထောင်နေရကြောင်း။

စိုက်ပျိုးရေးကို အခြေခံသော စက်မှုလုပ်ငန်း၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် အလေးထား လုပ်ကိုင်ဆောင်ရွက်နေရကြောင်း။

နိုင်ငံတော်ကြီးကို ဘက်စုံကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်လာအောင် ဘက်စုံပြုပြင်ပြောင်းလဲမှုများကို တစ်ပြိုင်တည်း ဆောင်ရွက်နေရခြင်းဖြစ်ရာ သာမန်ပုံစံမျိုးဖြင့် မိမိတို့ အလုပ်လုပ်နေ၍ မဖြစ်ကြောင်း၊ ဌာနအလိုက် တီထွင်ကြံဆ ကြိုးစားရမှာဖြစ်သကဲ့သို့ ဌာနတစ်ခုနှင့်တစ်ခု ညှိနှိုင်းပေါင်းစပ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ယခုထက် ပိုမိုတိုးမြှင့်ရယူသွားရမှာဖြစ်ကြောင်း။

တွန်းအားပေးဆောင်ရွက်

အထူးသဖြင့်ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားကိုရယူ၍ လုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်နှင့်ပြည်သူ ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့၍လည်း ရပ်ရွာဒေသတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုတို့ကို ပြည်ထောင်စုတစ်ဝန်း၌ ရပ်လုံးပေါ်လာအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ ရှေ့ဆက်လက်၍လည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်သိသိစေတနာရှိရှိ ညှိနှိုင်းပူးပေါင်း ဆက်လက်အကောင်အထည်ဖော် သွားကြရမှာဖြစ်ကြောင်း။

လုပ်နည်းလုပ်ဟန်မှန်ရန်လို

လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရာတွင် စိတ်ကောင်းစေတနာမှန်ဖြင့် ဆောင်ရွက်ရန်ဖြစ်သကဲ့သို့ လုပ်နည်းလုပ်ဟန်မှန်ကန်ရန် လည်းလိုကြောင်း၊ စေတနာမှန်သော်လည်း လုပ်နည်းလုပ်ဟန် မှားယွင်းပါက မိမိကိုယ်စားပြုသည့် ရပ်ရွာ၊ မြို့နယ်၊ ခရိုင်အဆင့်သာမက နိုင်ငံတော်အဆင့်ထိတိုင် ရောင်ပြန်ဟပ် ထိခိုက်နိုင်သည်ကို အလေးထား၍ သတိပြုဆောင်ရွက်ရန်ဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲ တာဝန်ပေးသွားသည့် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ တစ်ဆင့်မြင့်မားတိုးတက်ရေးလုပ်ငန်းစဉ်များကိုလက်တွေ့ဖြစ်မြောက်အောင်မြင်လာအောင် ပိုင်းဝန်းအကောင်အထည်ဖော်ပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများကို အထောက်အကူပြု သွားနိုင်ရန် လိုကြောင်းဖြင့် အကျယ်တဝင့်ရှင်းလင်း ပြောကြားပြီး တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံ

ဒုတိယ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၅ရက် မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများ၊ တိုင်း၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ သူနာပြု သင်တန်းသူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ပုသိမ်မြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်မှ ရပ်ကွက်/ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးက ဧရာဝတီတိုင်း၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို လည်းကောင်း၊ ၂၀၀၃-၂၀၀၄ ခုနှစ် စီမံကိန်းလျာထားချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာ၌ ပသွယ်တံတား၊ ကျောင်းကုန်းတံတား၊ ကျုံကနောင်တံတား၊ ဘောမိတံတား၊ မဲဇလီတံတား၊ ဗိုလ်မြတ်ထွန်းတံတား စသည့်တံတားများ၏ အကျိုးပြုမှုကြောင့် ရေခြားမြေခြားနေသည့် အခြေအနေကို ကျော်လွှားကာ ရန်ကုန်-ပုသိမ် လမ်းမကြီး ပေါ်ထွက်လာခဲ့ကြောင်း။

ထို့အတူ ဧရာဝတီတိုင်း၏ မြို့နယ်များသည် တိုင်းမြို့တော်ပုသိမ်နှင့် လည်းကောင်း၊ ရန်ကုန်မြို့တော်နှင့် လည်းကောင်း ကူးလူးဆက်သွယ်နိုင်သည့် မော်တော်ကား လမ်းသစ်များလည်း ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း။

တည်ထောင်ဖွင့်လှစ်

နိုင်ငံတော်အစိုးရသည် တစ်ဖက်က လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများကို တည်ဆောက်ပြီး သွားလာမှု လွယ်ကူလျင်မြန်လာအောင် လုပ်ဆောင်ပေး နေသကဲ့သို့ ဧရာဝတီတိုင်းအတွင်း၌ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ မြင့်မားတိုးတက်လာအောင် လူ့အရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်များကိုလည်း တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း။

ထို့အတူ ဆည်တမံလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်းများကိုလည်း တည်ဆောက်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်လျက်ရှိကြောင်း၊ ငွေကြေး အရင်းအနှီးရှိသည့် တိုင်းရင်းသား လုပ်ငန်းရှင်များကိုလည်း တိုင်းအတွင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ခွင့်ပြုအားပေးခဲ့ကြောင်း။

သိသိသာသာတိုးတက်

ထို့ကြောင့် ဧရာဝတီတိုင်းသည် စိုက်ပျိုးရေးရော မွေးမြူရေးပါ သိသိသာသာ တိုးတက်လာကြောင်း၊ ယခင်က စပါးသီးနှံစိုက်ဧက သုံးသန်းကျော်ရှိနေရာမှ ယခုမိုးစပါး၊ နွေစပါးစိုက်ဧက ၄ဒသမ၇သန်းကျော်အထိ တိုးတက်ဖြစ်ပေါ်နေကြောင်း၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းနေကြောင်း။

ခြုံ၍ တင်ပြရလျှင် နိုင်ငံတော်အစိုးရ၏ အခြေအနေဖန်တီးပေးမှု၊ ပြည်သူများ၏ ကြိုးစားမှုတို့ကြောင့် ဧရာဝတီတိုင်း၏ စီးပွားရေး အခြေအနေသည် အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မား လာလျက်ရှိကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ➪

ဟင်္သာတဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
နိုင်ငံတော်ကဆောင်ရွက်ပေးထားသော တည်ဆောက်ရေးလုပ်ငန်းများ

၁။ ကျန်းမာရေး

(က) ၂၅-၉-၂၀၀၁ရက်နေ့တွင် ခုတင်(၅၀)ဆံ့ဟင်္သာတဆေးရုံကို ခုတင်(၂၀၀)အထူးကုဆေးရုံအဖြစ်အဆင့်မြှင့်ဆောင်ရွက်ပေးခဲ့သည်။

(ခ) ၂-၇-၂၀၀၁ ရက်နေ့တွင် သူနာပြုသင်တန်းကျောင်း ဖွင့်လှစ်ပေးခဲ့သည်။

၂။ ပညာရေး

(က) ၂၁-၁-၂၀၀၁ရက်နေ့တွင် ဟင်္သာတကောလိပ်ကို ဟင်္သာတဒီဂရီကောလိပ်အဖြစ် အဆင့်မြှင့်တင်ခဲ့ပြီး ၂၈-၉-၂၀၀၁ရက်နေ့၌ ဟင်္သာတတက္ကသိုလ်အဖြစ် ထပ်မံအဆင့်မြှင့်တင်ခဲ့သည်။

(ခ) ၁၂-၈-၁၉၉၉ရက်နေ့တွင် ဟင်္သာတစက်မှုသိပ္ပံကို အစိုးရနည်းပညာကောလိပ်အဖြစ် အဆင့်မြှင့်တင်ခဲ့သည်။

(ဂ) ၃-၉-၂၀၀၁ရက်နေ့တွင် အစိုးရ ကွန်ပျူတာကောလိပ် အသစ်ဖွင့်လှစ်ခဲ့သည်။

၃။ ရေရရှိရေးလုပ်ငန်းများ

(က) အင်္ဂပူမြို့နယ်၌ နန်ကသူရေလွှဲဆည်ကို ၁၉၉၇ခုနှစ်၌လည်းကောင်း၊ နန်ကသူရေလှောင်တမံကို ၂၀၀၀ပြည့်နှစ်၌ လည်းကောင်း တည်ဆောက်ပေးခဲ့သည်။

(ခ) ကျုံတွမ်၊ ဒူးယား၊ ကျက်ခတ်တွင်း၊ မြေခြား၊ လှည်းလမ်းတက်၊ သရက်ချောင်း၊ မဲဇလီကုန်း၊ သရက်တော၊ လမိုင်းမြစ်ရေတင် လုပ်ငန်းကိုးခုကို ဆောင်ရွက်ပေးခဲ့သည်။

(ဂ) မမြရေလှောင်တမံစီမံကိန်း၊ ကွန်ချောင်းရေလှောင်တမံစီမံကိန်း၊ ကညင်ချောင်းရေလှောင်တမံစီမံကိန်းများကိုလည်းကောင်း၊ ကန်ဖွန်ခုံ၊ ငပိဆိပ်နှင့် မြို့ကွင်း(ခမ္ဘီ) လျှပ်စစ်မြစ်ရေတင်စီမံကိန်းများကို လည်းကောင်း အမြန်ပြီးစီးအောင် အကောင်အထည်ဖော်လျက် ရှိသည်။

* ချော့တိုင်းလည်း မပျော့နဲ့

➪ စာမျက်နှာ ၁၂မှ

ယခုအခါ ဈေးကွက်စီးပွားရေးစနစ်အတွက် အဖုအထစ်အဖြစ် ကျန်ရှိနေသည့် ဆန်စပါးကန့်သတ်ရောင်းဝယ်မှုကို ပယ်ဖျက်၍ လွတ်လပ်စွာ ရောင်းဝယ်ခွင့် ပြုလိုက်ပြီဖြစ်ရာ ဧရာဝတီတိုင်း၏ ဆန်စပါးစိုက်ပျိုးမှုမှာ ပိုမိုဖြစ်ထွန်း တိုးတက်အောင်မြင်လာပြီး မိမိတို့ရည်မှန်းထားသည့် စပါးတင်းသန်း ၁၂၀၀ ထွက်ရှိရေးကို ဖြစ်မြောက်အောင်မြင်စေမှာ ဖြစ်ကြောင်း။

နိုင်ငံခေါင်းဆောင်ပိုင်း၏ ဦးဆောင်ဦးရွက်ပြုနိုင်မှု၊ စေတနာဖြူစင်မှု၊ ကြိုးပမ်းဆောင်ရွက်မှုတို့ဖြင့် ချမှတ်ထားသည့် ကောင်းမွန်မှန်ကန်သည့် မူဝါဒများကို အုပ်ချုပ်ရေးအဖွဲ့အစည်းများရော၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများကပါ တက်တက်ကြွကြွ အကောင်အထည်ဖော်ကြရန်လိုကြောင်း၊ အောက်ခြေအဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် နိုင်ငံတော်၏ မွန်မြတ်သော ရည်မှန်းချက်များ၊ မူဝါဒများကို မထိခိုက်စေသင့်ကြောင်း။

ပြည်နယ်၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်၊ ကျေးရွာအဆင့်အဆင့်လိုက် တာဝန်ရှိသူအားလုံး တက်တက်ကြွကြွ ညီညွတ်ပေါင်းစပ်လုပ်ကိုင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

အထူးသဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများသည် နိုင်ငံတော်၏ ရည်မှန်းချက်လုပ်ငန်းစဉ်နှင့် စီမံကိန်းများကို ကြပ်မတ် အကောင်အထည်ဖော်သွားကြရမှာ ဖြစ်ကြောင်း။

ဒေသတွင်းရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ဆောင်ရွက်ရန်ရှိသည့် ဌာနဆိုင်ရာ လုပ်ငန်းများကို တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်းများ ပြုလုပ်ရန် တာဝန်ရှိကြောင်း။

ခြုံလိုက်လျှင် နိုင်ငံတော်ကို စနစ်တစ်ခုမှ စနစ်တစ်ခုသို့ အသွင်ကူးပြောင်းရာ၌ အသွင်ကူးပြောင်းနေသည့် ကာလ၏ လိုအပ်ချက်များကို နယ်မြေဒေသအလိုက် ပေါင်းကူး ဆက်စပ်ပေးနိုင်ရန် တာဝန်ရှိကြောင်း။

မိမိတို့၏ လုပ်ငန်းတာဝန်များကို လုပ်ကိုင် ဆောင်ရွက်ရာ၌ ရည်ရွယ်ချက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ပြည်သူများအပေါ် အာဏာပြမိသည့်သဘော၊ ဝန်ထုပ်ဝန်ပိုးပေးမိသည့် သဘောမဖြစ်အောင် သတိထား ရှောင်ကြဉ်ကြရန်လည်း လိုအပ်ကြောင်း။

ပြည်သူများကို စေတနာနှင့်ယှဉ်၍ ထိတွေ့ ဆက်ဆံသွားရာ၌ နှလုံးသားထဲမှ စေတနာမှန်များဖြင့် ကိုယ်ချင်းစာနာစွာ လုပ်ကိုင်ဆောင်ရွက်သွားရန် လိုကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ မြင့်မားအောင်၊ ဒေသတစ်ခုနှင့် တစ်ခုအကြား စီးပွားရေး ကွာဟချက်၊ လူမှုရေး ကွာဟချက်များ လျော့နည်းကျဆင်းလာပြီး မျှတစွာ ဖွံ့ဖြိုးတိုးတက်လာအောင်၊ ပြည်သူတို့၏ဘဝကို ပို၍ပို၍ စောင့်ရှောက်နိုင်အောင် ကြိုးစားလုပ်ကိုင် ဆောင်ရွက်လျက်ရှိရာ၌ အောက်ခြေအဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် အခက်အခဲပြဿနာများ မဖြစ်ပေါ်စေရန် တည့်မတ် ထိန်းကျောင်းသွားကြရန် လိုကြောင်း။

မိမိတို့၏ ကြိုးပမ်းဆောင်ရွက်ချက်များသည် တိုးတက်ဖွံ့ဖြိုးမှု နောက်ကျခဲ့သော တိုင်းပြည်၏ သမိုင်းကြွေးကို ပြန်ဆပ်နေရခြင်း ဖြစ်သကဲ့သို့ နောင်လာ နောက်သားများအတွက် ကောင်းသောအမွေအနှစ်များ ပေးနိုင်အောင် လုပ်ကိုင် ဆောင်ရွက်နေခြင်းဖြစ်ရာ အားလုံးက ချမှတ်ထားသည့် လမ်းကြောင်းမှန်အတိုင်း ကြိုးကြိုးစားစား အလုပ်လုပ်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက အမှာစကားပြောကြားရာ၌ ဒါးကတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန်၊ ဧရာဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် ဧရာဝတီတိုင်းသို့ မိမိတို့ လာရောက်ခြင်း ဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး ဖွံ့ဖြိုးရေး၊ ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း ပြည့်စုံမြင့်မားရေး၊ တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်မှု ရှိရေးတို့အတွက် စေတနာထားပြီး နယ်မြေဒေသအလိုက် လိုအပ်ချက်များကို သုံးသပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဧရာဝတီတိုင်း အတွင်း၌လည်း အချက်အချာကျသည့် ဒေသကြီးသုံးခုဖြစ်သော ပုသိမ်၊ ဟင်္သာတ၊ မအူပင်ဒေသတို့၌ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက် ကောင်းမွန်လာအောင် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖွင့်လှစ်တော့မည့် ဒါးကတံတားသည် ဧရာဝတီတိုင်းအတွင်း ၃၉စင်းမြောက် တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်သည့် တံတားကြီး ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲက ယခုဆိုလျှင် ငဝန်မြစ်ကူး(ပုသိမ်) တံတားကြီးကို တည်ဆောက်ရန် တာဝန်ပေး စီမံဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော် အကြီးအကဲ၏ အမြော်အမြင်ကြီးစွာဖြင့် စေတနာမှန်စွာ ဦးဆောင်ဦးရွက်ပြုနိုင်မှု၊ နိုင်ငံတော်အစိုးရ၏ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပြည်ထောင်စုအတွင်းရှိ ဖွံ့ဖြိုးမှုအားနည်းသည့် ဒေသများနှင့် မဖွံ့ဖြိုးမတိုးတက်သေးသော ဒေသများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်မှာ ထင်သာမြင်သာနေကြောင်း၊ ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေမှာ သိသာထင်ရှားစွာ ရုပ်လုံးပေါ်လျက်ရှိကြောင်း။

မိမိတိုင်းပြည်ကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေလိုလျှင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဖိဖိစီးစီး ဝီရိယထား ဆောင်ရွက်ရမှာဖြစ်သကဲ့သို့ နိုင်ငံတော်၏ မှန်ကန်သော ဦးဆောင်မှုကိုခံယူပြီး လုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ တွန်းအားပေး လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံနှင့် လူမျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်တို့ဖြင့် မိမိဒေသ၊ မိမိနိုင်ငံကို ပိုမိုဖွံ့ဖြိုးတိုးတက်စေလိုသော်လည်း ယခုရေတွင်းတူး ယခု ရေကြည်သောက်၍ မဖြစ်နိုင်သည်ကို သတိပြုကြရမှာဖြစ်ကြောင်း၊ ထိုက်တန်သည့် အချိန်ကာလပေး၍ အရင်းအနှီးနှင့် လုပ်အားများ စိုက်ထုတ်ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဌာနဆိုင်ရာများ၊ ပြည်သူများအနေဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ညီညီညွတ်ညွတ် နားလည်မှုရှိရှိဖြင့် အလုပ်လုပ်ကြရမှာ ဖြစ်ကြောင်း။

ဧရာဝတီတိုင်း၏ အောင်မြင်တိုးတက်မှုများ၊ ရိုးသားကြိုးစားမှုများသည် ဧရာဝတီတိုင်းအတွက်သာမက နိုင်ငံတော်တစ်ရပ်လုံးအတွက် ဖြစ်ရမည်ဟူသည့် ကျယ်ပြန့်သော အမြင်ဖြင့် လုပ်ငန်းတိုင်းကို ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

တိုင်းပြည်၌ ငွေကြေးနှင့် ပစ္စည်းအင်အား မပြည့်စုံသည့်ကြားက ကိုယ့်အားကိုယ်ကိုး၍ ကျုံ့ရုန်းကြိုးပမ်းမှုဖြင့် ရရှိထားသော အခြေအနေကောင်းများကို အခြေခံ၍ ပြည်သူများ၏ အကျိုးစီးပွားကို ပိုမိုတိုးတက်မြင့်မားစွာ သယ်ပိုးဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမ အဆောက်အအုံ၌ ဖွင့်လှစ်ထားသည့် မြို့တော်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုံနှိပ်လုပ်ငန်း စီမံခန့်ခွဲမှု သင်တန်းဆင်းပွဲ၌ အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သော ပုံနှိပ်လုပ်ငန်း စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၁/၂၀၀၃) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဆန်းမြို့ရှိ ဂျီတီစီ ပုံနှိပ်စက်ရုံသင်တန်းခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ယခုသင်တန်းတွင် သင်တန်းသားများအနေဖြင့် ဤသင်တန်း၌ ပုံနှိပ်လုပ်ငန်း စီမံခန့်ခွဲရေး၊ ဝန်ထမ်း စီမံခန့်ခွဲရေး၊ ငွေစာရင်း စီမံခန့်ခွဲရေး၊ စတိုထိန်းသိမ်းရေးနှင့် ပုံနှိပ်လုပ်ငန်းနှင့်ဆက်နွယ်သည့် လုပ်ငန်းများကို စာတွေ့လက်တွေ့ သင်ကြားခဲ့ရသဖြင့် သင်တန်းသားများအနေဖြင့် မိမိတို့ တတ်မြောက်သည့်ပညာနှင့် ကျွမ်းကျင်မှုများကို စေတနာနှင့်ပေါင်းစပ်၍ ဌာနအသီးသီး၌ လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ကြရေး၊ တတ်ကျွမ်းပြီးသားဖြစ်သော ပုံနှိပ်ပညာရပ်ကို စနစ်ကျနသည့် စီမံခန့်ခွဲမှုပညာရပ်များနှင့် ပေါင်းစပ်၍ စွမ်းရည် ပိုမိုမြင့်မားအောင် ဆောင်ရွက်ကြရေး၊ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လေလွင့်ဆုံးရှုံးမှုများ လျော့နည်းအောင် စေတနာထား၍ လုပ်ဆောင်ကြရေး၊ မီဒီယာလုပ်ငန်းသည် တစ်ဦးကောင်း တစ်ယောက်ကောင်းနှင့် လုပ်ဆောင်၍ မရသည့်အတွက် အထက်အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ စုပေါင်း၍ စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းသားများကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကိုကိုဝင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မကွေး ကိုယ်ပွားသတင်းစာတိုက်မှ စာတည်း ဦးဝေလင်းနှင့် ကချင်ပြည်နယ် မြစ်ကြီးနား ကိုယ်ပွားသတင်းစာတိုက်မှ ကြီးကြပ်ရေးမှူး ဦးတင်လှိုင်တို့အား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

သင်တန်းဆင်းပွဲအပြီးတွင် ဝန်ကြီးသည် ဂျီတီစီပုံနှိပ်စက်ရုံ၌ ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးကျော်သူက လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဂျီတီစီ ပုံနှိပ်စက်ရုံ ရှေ့မျက်နှာစာတွင် ဝန်ထမ်းသက်သာဆိုင်ခန်းများ ဆောက်လုပ်ရန်နေရာများကို ကြည့်ရှုစစ်ဆေး၍ ဆိုင်ခန်းမြေနေရာများကို အတည်ပြုရွေးချယ်ပေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဂျီတီစီ ပုံနှိပ်စက်ရုံ၌ ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မက်ဆီဒိုးနီးယားသမ္မတနိုင်ငံတို့ သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ပြုလုပ်

ရန်ကုန် ဇူလိုင် ၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် မက်ဆီဒိုးနီးယားသမ္မတနိုင်ငံတို့သည် တန်းတူညီတူရှိခြင်း၊ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက်မစွက်ဖက်ခြင်း၊ လွတ်လပ်ရေးနှင့် နယ်မြေတည်တံ့မှုကို လေးစားခြင်း စသည့်မူကြီးများကို အခြေပြုလျက် ချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကို တည်ဆောက်လိုသည့် ဆန္ဒရှိသည့်အားလျော်စွာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ မူကြီးများနှင့်အညီ ၂၀၀၃ခုနှစ် ဇူလိုင် ၉ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ပြုလုပ်လိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာဗီယိုဆိုပရိုဂျိုဝါလ်စီတိုအား ခန့်အပ်ရန် သဘောတူ

ရန်ကုန် ဇူလိုင် ၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာဗီယိုဆိုပရိုဂျိုဝါလ်စီတိုအား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာဗီယိုဆိုပရိုဂျိုဝါလ်စီတိုသည် ၁၉၄၄ခုနှစ်တွင် မွေးဖွားခဲ့ပြီး အင်ဒိုနီးရှားတက္ကသိုလ်မှ စီးပွားရေးပညာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၇၄ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာန၌ စတင်အမှုထမ်းခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာနှင့် နယူးယောက်ရှိ ကုလသမဂ္ဂဆိုင်ရာ အင်ဒိုနီးရှားအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးများ၌ ရာထူးအဆင့်အမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာ ဗီယိုဆို ပရိုဂျို ဝါလ်စီတိုသည် ၂၀၀၀ပြည့်နှစ်မှ ယခုအထိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ အင်ဒိုနီးရှားသံရုံး၌ သံရုံးဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဗီယိုဆို ပရိုဂျို ဝါလ်စီတိုသည် အိမ်ထောင်ရှိသူ တစ်ဦးဖြစ်ပြီး သားသမီးသုံးယောက်ရှိသည်။

(သတင်းစဉ်)

ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

ရန်ကုန် ဇူလိုင် ၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးဝင်းအား ဩစတြေးလျ ဓနသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်း ခရမ်းမြို့ ကံသာကျောင်းတိုက်ကြီးတွင် ၁၃၆၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက်၌ ကျောင်းတိုက်အတွင်း ဝါဆိုတော်မူကြမည့် သံဃာတော်များအား တပည့်၊ ဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်းများ ကပ်လှူပူဇော်ရန် စီစဉ်ထားသည်ဖြစ်ရာ ကံသာကျောင်းတိုက်ကြီး၏ ကျောင်းသား၊ ကျောင်းသူဟောင်းများ ပါဝင်ဆက်ကပ် လှူဒါန်းနိုင်ရန် အကျိုးတော်ဆောင်အဖွဲ့က နှိုးဆော်ထားသည်။

ၾငင်းအပြင် ကံသာကျောင်းမွှာရုံကြီး၌ ဝါတွင်းလေးလပတ်လုံး ဥပုသ်သတင်းသီလ ဆောက်တည်လိုကြသည့် ပုဂ္ဂိုလ်များအား ရှစ်ရက် လပြည့်လကွယ်နေ့တိုင်းတွင် ဆရာတော် ဦးဇောတိကက သီလပေး တရားများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်–သန်လျင်တံတားအမှတ်(၂)ကို ပဲခူးမြစ်ကိုဖြတ်၍ တည်ဆောက် စက်မှုဇုန် ထုတ်ကုန်ပစ္စည်းတင် ကွန်တိန်နာယာဉ်ကြီးများ ဖြတ်သန်းမောင်းနှင်နိုင်ရန် ရည်ရွယ်

သတင်းဆောင်းပါး–သိန်းဝင်းလတ်
ဓာတ်ပုံ–သွင်အေး(ကြေးမုံ)

မြစ်ကိုမြင်လျှင်တံတားဆင် ပြည်ခွင်သာဖို့လမ်းခင်းစို့ ဆောင်ပုဒ်နှင့်အညီ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးကြီးဆုံးသည် လမ်းပန်းဆက်သွယ်ရေးဖြစ်သည်။ လွယ်လင့်တကူသွားလာနိုင်မှသာ စီးပွားရေး၊လူမှုရေး ဖွံ့ဖြိုးတိုးတက်လာပေမည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် မြန်မာပြည်တစ်ဝန်း တံတားကြီး၊ တံတားငယ်ပေါင်း မြောက်မြားစွာကို တည်ဆောက်အကောင်အထည်ဖော်ပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးမှုနည်းပါးရခြင်း၊ တိုးတက်မှုကွာဟရခြင်းတို့ကို မဖြစ်စေလိုသည့်အတွက် တံတားကြီး၊ ငယ်များကို တည်ဆောက်ပေးနေခြင်းဖြစ်သည်။

အပါအဝင်

တည်ဆောက်အကောင်အထည်ဖော်ပေးနေသည့် တံတားကြီး၊ တံတားငယ်ပေါင်းများစွာတွင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁) ရန်ကုန်–သန်လျင်တံတား အမှတ်(၂)တည်ဆောက်ရေးစီမံကိန်း သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။



ရန်ကုန်–သန်လျင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်းကို အင်ဂျင်နီယာမှူးကြီး(စီမံကိန်း)ဦးမြင့်လွင် ဦးဆောင်သော ဝန်ထမ်း ၅၆၄ ဦးဖြင့် ၂၀၀၀ပြည့်နှစ် မေလ ၂၈ရက်တွင် ပန္နက်တင်ခဲ့သည်။

ရန်ကုန်–သန်လျင် တံတားအမှတ်(၂)သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် တည်ရှိသည်။ တံတားအမျိုးအစားသည် ခြောက်လမ်းသွား သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အပေါ်တွင်သံကူကွန်ကရစ်၊ အောက်ပိုင်းတွင် သံကူကွန်ကရစ်များဖြစ်သည်။ အုတ်မြစ်သည်လည်း သံကူကွန်ကရစ်များဖြစ်သည်။ တံတားအရှည်ပေ ၄၅၄၀ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၇၂ပေဖြစ်ပြီး၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီရှိသည်။

တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေသည် အကျယ်ပေ ၁၃၀နှင့်အမြင့် ၁၈ပေရှိသည်။ တံတား၏ ခွင့်ပြုသည့် အလေးချိန်သည် ၇၅တန်ဖြစ်သည်။ ခြောက်လမ်းသွား တံတားကြီးဖြစ်ပြီး တစ်ပြိုင်တည်း ကားခြောက်စီး ဖြတ်သန်းမောင်းနှင်နိုင်သော တံတားကြီးတစ်စင်းဖြစ်သည်။

ချဉ်းကပ်တံတား

ရန်ကုန်–သန်လျင်တံတား အမှတ်(၂) စီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို သန်လျင်ဘက်ကမ်းတွင် ဤသို့ပြီးစီးနေသည်ကို တွေ့ရသည်။

ဓာတ်ပုံ–သွင်အေး(ကြေးမုံ)

ရေလယ်တိုင်တည်ဆောက်ပြီးစီးမှု

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်လျက်ရှိသည့် ရန်ကုန်–သန်လျင်တံတား အမှတ်(၂)ကို ရန်ကုန်ဘက်ကမ်းမှ တွေ့ရသည့် ရေလယ်တိုင်များတည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

ဓာတ်ပုံ–သွင်အေး (ကြေးမုံ)

တံတားကြီးသည် ပဲခူးမြစ်ကိုဖြတ်ပြီး တည်ဆောက်ထားသည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ သန်လျင်–ကုလားဝဲကျေးရွာသို့ ဖောက်လုပ်ထားသော တံတားကြီးတစ်စင်းဖြစ်သည်။ ရန်ကုန်–သန်လျင် တံတားအမှတ်(၂)မှ ဘော့ချောင်းအထိ နှစ်မိုင်၊ ဘော့ချောင်းမှာ အမှတ်(၆) လမ်းမကြီးလမ်းဆုံအထိ သုံးမိုင်ခြောက်ဖာလုံရှိသည်။ အမှတ်(၆)လမ်းမကြီးလမ်းဆုံမှ သီလဝါစက်မှုဇုန်လမ်းမကြီးအထိ လေးမိုင်လေးဖာလုံရှိရာ စုစုပေါင်း ၁၀မိုင်နှစ်ဖာလုံရှိသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)မှ သန်လျင်ဘက်ကမ်းအထိ မြစ်အကျယ်ပေ ၂၆၀၀ရှိသည်။ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ သန်လျင်မြို့နယ်သို့ ပေါင်းကူးဆက်သွယ်ထားသည့် တံတားကြီးတစ်စင်းဖြစ်သည်။

ရည်ရွယ်ချက်

ရန်ကုန်–သန်လျင်တံတားအမှတ်(၂)ကို အဓိကတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ ရန်ကုန်တိုင်းအတွင်းရှိ လှိုင်သာယာစက်မှုဇုန်၊ တောင်ဒဂုံစက်မှုဇုန်၊ ရွှေပြည်သာစက်မှုဇုန်အစရှိသည့် စက်မှုဇုန်အသီးသီးမှ ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ကွန်တိန်နာယာဉ်ကြီးများဖြင့် တင်ဆောင်မောင်းနှင်ဖြတ်သန်းနိုင်ပြီး သန်လျင်ရှိ သီလဝါဆိပ်ကမ်းသို့ တင်ပို့နိုင်ရေးဖြစ်သည်။

၎င်းအပြင် ငမိုးရိပ်ရေလှောင်တမံမှ ပိုက်လိုင်းသွယ်၍ သန်လျင်ဘက်ကမ်းသို့ ရေဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။ ။ **(ဆက်လက်ဖော်ပြပါမည်။)**

ရေအားလျှပ်စစ်ဖြန့်ဖြူးမည့် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ခပေါင်းချောင်းပေါ်တွင် တည်ဆောက်ထားသော ခပေါင်းရေလှောင်တမံသည် ဆည်ရေပေးဝေနိုင်ရန်နှင့် ရေအားလျှပ်စစ်ဖြန့်ဖြူးရန်အတွက် ဘက်စုံရေလှောင်တမံတစ်ခုဖြစ်သည်။

ဆည်ရေသောက်ဧရိယာ ဧက ၁၃၅၀၀၀ကို ဆည်ရေဖြန့်ဖြူးပေးမည့် ရေလှောင်တမံဖြစ်ပြီး ရေအားလျှပ်စစ်ပေးရန်အတွက် သံကူကွန်ကရစ် ရေလွှဲဥမင်လိုဏ်ကို တည်ဆောက်ထားသည်။ သတ်မှတ်သည့်အချိန်တွင် ပြီးစီးရန်အတွက် ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိသည်။

(ဓာတ်ပုံမှတ်တမ်းတင်–ခင်မောင်ဝင်း–ရွှေအင်းသား)



နိုင်ငံတော်က ယနေ့အထိ ဆည်မြောင်း ရေလှောင်တမံ ၁၄၈ ခု တည်ဆောက်ဖွင့်လှစ်ခဲ့ ကျပ်ငွေသန်းပေါင်း ၆၂၆၀၀ ကျော် သုံးစွဲပြီး လယ်မြေဧက နှစ်သန်းကျော် အကျိုးပြုလျက်ရှိ

လေ့လာပြုစုရေးသားသူ – ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်းတင် – လှိုင်မိုး (ရွှေအင်းသား)

ရန်ကုန် ဇူလိုင် ၈

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကိုအခြေခံ၍ စီးပွားတိုးတက်ရန်အတွက် အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိရာ ဆည်မြောင်းတာတမံ တည်ဆောက်ခြင်းဖြင့် သီးနှံစိုက်ပျိုးရေရရှိရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ မွန်မြတ်သောစေတနာကြောင့် ပေါ်ထွန်းလာပြီဖြစ်သော ရေလှောင်တမံကြီးများမှ ရေများကို အလေအလွင့်မရှိ စနစ်တကျသုံးစွဲခြင်းဖြင့် နိုင်ငံတော်၏ စေတနာကို တုံ့ပြန်ရန် လိုအပ်လျက်ရှိသည်။

(ယမန်နေ့မှ အဆက်)

နိုင်ငံတော်က တည်ဆောက်ပေးခဲ့သော ရေလှောင်တမံများတွင် ပဲခူးတိုင်း၌ပင် ပဲခူးမြို့နယ်၌ ဇောင်းတူရေလှောင်တမံကို တည်ဆောက်၍ လယ်မြေအကျိုးပြုဧက ၃၆၂၅၀ ကို ဆည်ရေများဖြန့်ဖြူးရန် ၁၉၉၆ ခု ဒီဇင်ဘာလ ၇ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။ ထိုနည်းတူစွာပင် လယ်မြေဧက ၁၅၀၀၀၀ ကို အကျိုးပြုသော ကင်းတပ်ရေထိန်းတမံကို စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်၌ ၁၉၉၇ ခု မတ်လ ၂၁ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။

အကျိုးပြု

၎င်းအပြင် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်၌ လယ်မြေဧက ၅၀၀၀ ကို အကျိုးပြုသော ပင်းချောင်းရေလှောင်တမံကို တည်ဆောက်၍ ၁၉၉၈ ခု ဩဂုတ်လ ၃၁ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး မကွေးတိုင်း ငဖဲမြို့နယ်တွင် မန်းချောင်း ရေလှောင်တမံကို တည်ဆောက်၍ ၁၉၉၈ ခု အောက်တိုဘာလ ၁၉ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး လယ်မြေဧက ၄၇၅၀၀ ကို အကျိုးပြုလျက်ရှိသည်။

မန္တလေးတိုင်း တပ်ကုန်းမြို့နယ်တွင် ဆင်သေရေလှောင်တမံကို တည်ဆောက်၍ လယ်မြေဧက ၃၂၄၀၀ ကို အကျိုးပြုရန်အတွက် ၁၉၉၉ ခု ဇန်နဝါရီလ ၃၁ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်တွင် ဘောနီ ရေလှောင်တမံကို ၁၉၉၉ ခု ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖွင့်လှစ်၍ လယ်မြေဧက ၆၀၀၀ ကို အကျိုးပြုစေသည့်အပြင် ပဲခူးတိုင်း ပေါင်းတည်မြို့နယ်၌လည်း ဝဲကြီးရေလှောင်တမံကို ၁၉၉၉ ခု ဩဂုတ်လ ၂၂ ရက်တွင် ဖွင့်လှစ်၍ အကျိုးပြုဧက ၄၅၀၀၀ ကို ဆည်ရေဖြန့်ဖြူးပေးခဲ့သည်။

ဖွင့်လှစ်ပေးခဲ့

မကွေးတိုင်း မြိုင်မြို့နယ်တွင်လည်း လယ်မြေဧက ၇၀၀၀ ကို အကျိုးပြုသော တောင်ယမားရေလှောင်တမံကို တည်ဆောက်၍ ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီလ ၂၃ ရက်တွင် ဖွင့်လှစ်ခဲ့၍ ပဲခူးတိုင်း လက်ပံတန်းမြို့နယ်တွင် လယ်မြေဧက ၁၂၀၀၀ ကို အကျိုးရှိစေမည့် သဲတောရေလှောင်တမံကို တည်ဆောက်ပြီး ၂၀၀၀ ပြည့်နှစ် ဇွန်လ ၁၄ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

မွန်ပြည်နယ်

မန္တလေးတိုင်း မြစ်သားမြို့နယ်တွင် လယ်မြေဧက ၅၀၀၀ ကို အကျိုးပြုသော သစ်တက်ကုန်း ရေလွှဲဆည်ကို တည်ဆောက်၍ ၂၀၀၀ ပြည့်နှစ် ဇူလိုင်လ ၂၅ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည့်အပြင် လယ်မြေဧက ၃၃၀၀၀ ကို ဆည်ရေပေးဝေနိုင်သော ဝင်းဖနုံရေလှောင်တမံကို မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ၂၀၀၀ ပြည့်နှစ် မေလ ၂၆ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

မကွေးတိုင်း မြို့သစ်မြို့နယ်တွင် စွန်ချောင်း ရေလှောင်တမံကို တည်ဆောက်၍ လယ်မြေဧက ၇၀၀၀ သို့ အကျိုးပြုဆည်ရေ ဖြန့်ဖြူးရန် ၂၀၀၁ ခုနှစ် ဇွန်လ ၂၄ ရက်က ဖွင့်လှစ်ပေးခဲ့သည်။ ပဲခူးတိုင်း ရေတာရှည်မြို့နယ်တွင်လည်း လယ်မြေဧက ၃၅၀၀၀ ကို ဆည်ရေပေးဝေရန် ဆွာချောင်း ရေလှောင်တမံကို တည်ဆောက်၍ ၂၀၀၁ ခုနှစ် အောက်တိုဘာလ ၃၀ ရက်က ဖွင့်လှစ်ပေးခဲ့သည်။

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်တွင် လယ်မြေဧက ၂၂၀၀၀ ကို အကျိုးပြုသော လဂွမ်းပြင်ရေလှောင်တမံကို ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်တွင် ကျေးပင်အက် ရေလှောင်တမံကို တည်ဆောက်၍ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်တွင်လည်းကောင်း ဖွင့်လှစ်ပြီး လယ်ယာမြေဧက ၈၀၀၀ ကို အကျိုးပြုလျက်ရှိပေသည်။

ပဲခူးတိုင်း

ပဲခူးတိုင်း သာယာဝတီမြို့နယ်တွင် လယ်မြေဧက ၅၀၀၀၀ ကို ဆည်ရေဖြန့်ဖြူးသော သုံးဆယ်ရေလှောင်တမံကို ၂၀၀၂ ခုနှစ်ကို ဇန်နဝါရီလ ၂၆ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်၌ ဘိုင်းဒါးရေလှောင်တမံကို တည်ဆောက်၍ ၂၀၀၂ ခုနှစ် မေလ ၁၀ ရက်တွင် ဖွင့်လှစ်ကာ လယ်မြေဧက ၄၆၇၀၀ ကို အကျိုးပြုလျက်ရှိသည်။ ပဲခူးတိုင်း ကြို့ပင်ကောက်မြို့နယ်တွင်လည်း လယ်မြေဧက ၃၀၀၀၀ ကို အကျိုးပြုသော ဘော်ဘင်ရေလှောင်တမံကို ၂၀၀၂ ခုနှစ် မတ်လ ၂၄ ရက်က ဖွင့်လှစ်ခဲ့၍ ပဲခူးတိုင်းမင်းလှမြို့နယ်၌ ကံတင်ဘီးလင်း ရေလှောင်တမံကို တည်ဆောက်၍ လယ်မြေဧက ၃၀၀၀၀ ကို အကျိုးပြုပြီး ၂၀၀၂ ခုနှစ် မတ်လ ၂၄ ရက်၌ ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်မှစတင်၍ ယနေ့အထိ ဆည်မြောင်းတာတမံပေါင်း ၁၄၈ ခုကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဆက်လက်တည်ဆောက်ဆဲ ဆည်ပေါင်း ၄၀ ရှိသည်။

နိုင်ငံတော်က ဆည်မြောင်းရေလှောင်တမံပေါင်း ၁၄၈ ခုကို တည်ဆောက်ပေးခြင်းကြောင့် ကုန်ကျငွေသန်းပေါင်း ၆၂၆၀၀ ကျော် သုံးစွဲခဲ့ပြီး လယ်မြေဧက နှစ်သန်းကိုးသောင်းကျော်ကို အကျိုးပြုဖြစ်ထွန်းစေလျက်ရှိသည်။

ရလဒ်ကောင်းများ

စိုက်ပျိုးရေရရှိရေးလုပ်ငန်းအတွက် အဓိကလိုအပ်သော ဆည်မြောင်းတာတမံများ တစ်ခုပြီးတစ်ခု ဖွင့်လှစ်ခြင်းနှင့် ကျေးလက်နေ ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာမှုသည် နိုင်ငံတော်အစိုးရ၏ တည်ငြိမ်မှန်ကန်သော လမ်းညွှန်မှုမူဝါဒနှင့် တပ်မတော်နှင့် ပြည်သူတို့၏ လက်တွဲပူးပေါင်းဆောင်ရွက်မှု ရလဒ်ကောင်းများပင်ဖြစ်ပါတော့သည်။ ။**(ကြေးမုံ)**

မမြရေလှောင်တမံ

ဧရာဝတီတိုင်း မြန်အောင်မြို့နယ် ပုသိမ်–မုံရွာ ကားလမ်းမကြီးဘေး မျှင်ဝါးတောင်ရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာတွင် မမြရေလှောင်တမံ စီမံကိန်းကို ၂၀၀၁–၂၀၀၂ ခုနှစ်က စတင်တည်ဆောက်လျက်ရှိသည်။

မမြရေလှောင်တမံကို မမြချောင်းပေါ်တွင် တည်ဆောက်ထားပြီး ဆည်ရေဧကပေ ၇၀၀၀၀ သိုလှောင်၍ မြန်အောင်မြို့နယ်အတွင်းရှိ လယ်မြေဧက ၁၀၀၀၀ ကို ရေသွင်းစိုက်ပျိုးနိုင်ရန်အပြင် မမြချောင်း ဝဲ၊ ယာရှိ ဧရာဝတီမြစ်၏ အရှေ့ခြမ်း၊ အနောက်ခြမ်းလယ်မြေများ ရေကြီးနစ်မြုပ်ခြင်း၊ ရေတိုက်စားခြင်း အန္တရာယ်များမှ ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

မမြရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်၍ တမံအလျားပေ ၁၁၈၀၀ ရှိမည်ဖြစ်ပြီး တမံအမြင့်မှာ ပေ ၁၅၀ ရှိမည်ဖြစ်သည်။ မမြရေလှောင်တမံ၏ ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧကပေ ၇၀၀၀၀ ရှိမည်ဖြစ်ပြီး ကန်ရေသေ ရေလှောင်ပမာဏသည် ဧကပေ ၄၅၀၀ နှင့် ကန်ရေပြည့်ရေပြင် ကျယ် ဧရိယာမှာ ဧကပေ ၁၃၃၀ ရှိမည်ဖြစ်သည်။

မမြရေလှောင်တမံတည်ဆောက်ရာတွင် အောက်ခံမြေမှ ရေစိမ့်ယိုထွက်ခြင်း မရှိစေရန် ကွန်ကရစ်ရေစိမ့်တားနံရံကို တည်ဆောက်ပေးပြီး ၂၀၀၃–၂၀၀၄ ဘဏ္ဍာနှစ်အတွင်း ပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။ မမြရေလှောင်တမံကို ခန့်မှန်းခြေ ငွေကျပ် ၁၈၂၅ သန်းခန့်ဖြင့် အကုန်အကျခံ၍ တည်ဆောက်လျက်ရှိသည်။ (ယာပုံ)

ဧရာဝတီတိုင်း ဟင်္သာတခရိုင် ကြံခင်းမြို့နယ် တပ်ကုန်းကျေးရွာအနီး ပုသိမ်–မုံရွာ ကားလမ်းမကြီးဘေး သုံးမိုင်၊ နှစ်ဖာလုံဝေးသော အလုံမြောက်ချောင်းပေါ်၌ ကွန်ချောင်းရေလှောင်တမံ(၂)(ဝဲပုံ)**ကို ၂၀၀၀–၂၀၀၁ ခုနှစ်မှ စတင်တည်ဆောက်သည်။**

ကွန်ချောင်းရေလှောင်တမံ(၂)သည် ဇုန်အမျိုးအစား တမံဖြစ်၍ တမံအမြင့်ပေ ၁၄၀ နှင့် တမံအလျားပေ ၁၅၀၀၀ ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေတစ်သိန်း၊ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၇၇၅၀ နှင့် ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာဧက ၂၂၀၀ ရှိမည်ဖြစ်သည်။

ကွန်ချောင်းရေလှောင်တမံ(၂) တည်ဆောက်ပြီးစီးသွားလျှင် တိုက်ရိုက်ဆည်ရေပေးနိုင်မည့်ဧကမှာ ဧကနှစ်သောင်းသို့ ပေးဝေနိုင်မည်ဖြစ်သည်။ ကွန်ချောင်းရေလှောင်တမံ(၂) တည်ရှိရာ ကြံခင်းမြို့နယ်မှာ မြေမျက်နှာပြင် အခြေအနေအရ RL ၁၅၀ အထက် ဧရိယာများ ပါဝင်ခြင်း၊ ဆင်သေ သစ်တောကြိုးဝိုင်းရှိခြင်း၊ အင်းအိုင်များ ပေါများခြင်း၊ လူနေထူထပ်၍ ကျေးရွာပေါများခြင်းကြောင့် ဆည်ရေသောက်ဧရိယာသည် ဧကနှစ်သောင်းခန့် ရရှိနိုင်မည်ဟု ခန့်မှန်းသည်။

ကွန်ချောင်းရေလှောင်တမံ(၂)ကို ခန့်မှန်းငွေကျပ် ၂၇၂၇ သန်းခန့် အကုန်အကျခံ၍ တည်ဆောက်လျက်ရှိပြီး ကွန်ချောင်းရေလှောင်တမံ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် မြေဧရိယာဧက နှစ်သောင်းခန့်ကို မိုးရာသီ ဖြည့်စွက်ရေအပြင် နွေစပါး သီးထပ်စိုက်ပျိုး နိုင်မည်ဖြစ်၍ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ဓာတ်ပုံမှတ်တမ်းတင်–လှိုင်မိုး(ရွှေအင်းသား)

သန်လျင်မြို့ စိမ်းလန်းသာယာစိုပြည်ရေး အရိပ်ရပင်နှင့် ပန်းအလှပင်များ စိုက်ပျိုး

သန်လျင် ဇူလိုင် ၅

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၃၀ ရက် နံနက်က သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြို့ဝင်တံတားထိပ်မှ ကျိုက်ခေါက်ဘုရားလမ်းမကြီးတစ်လျှောက် အရိပ်ရပင်နှင့် ပန်းအလှပင်စိုက်ပျိုးမှုများ**(အောက်ပုံ)**နှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ချက်များကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကို၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးထွန်းနှင့် အင်ဂျင်နီယာမှူး ဦးဝင်းမောင်တို့က လိုက်လံရှင်းလင်း ပြသကြသည်။

ဆက်လက်၍ တိုင်းညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ဈေးလမ်းဆုံနှင့် နာရီစင်ထိပ်တို့တွင် အဝိုင်းပတ်ဖောက်လုပ်ပြီးစီးမှုနှင့် ဆိုဒီယမ်ဆလိုက်မီးများ ထွန်းညှိထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ **(၅၂၇)**

ဇွန် ၂၈ရက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပွဲတော်ကို မကွေးမြို့ ကွန်ပျူတာကောလိပ်တွင်ကျင်းပရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်မှူးကြီးဇော်မင်း၏ဇနီး တိုင်းအမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင် ဒေါ်ခင်မိမိနှင့်ကော်မတီဝင်များ သစ်ဆိမ့်ပင်စိုက်ပျိုးကြစဉ်။ (၅၀၄)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထိမ်းအမှတ်ဟောပြော

မင်းဘူး ဇူလိုင် ၅

မကွေးတိုင်း မင်းဘူး(စကု)မြို့နယ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် ဟောပြောပွဲကို စကုမြို့ အထက ပညာရတနာခန်းမတွင် ဇွန် ၂၆ ရက် နံနက်၉နာရီက ကျင်းပသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်က ဖတ်ကြားသည်။

ဆက်လက်၍ မြို့နယ်တရားသူကြီး ဦးဌေးဝင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးဌေးဝင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူးကိုယ်စား စကု စခန်းမှူးရဲအုပ် အုန်းရွှေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းတို့က မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများအကြောင်းကို ဟောပြောကြသည်။ (၃၅၇)

မြို့နယ်သတင်းများ

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ပညာပျိုးခင်း မူကြိုကျောင်းဖွင့်လှစ်

ထန်းတပင် ဇူလိုင် ၅

ပဲခူးတိုင်း ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော ပညာပျိုးခင်းမူကြိုကျောင်းဖွင့်ပွဲကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက ထန်းတပင်မြို့ ပြည်တော်သာရပ်ကွက်ရုံးတွင် ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးကိုယ်စား ဇရပ်ကြီးတိုက်နယ်ဆေးရုံဆရာဝန် ဒေါက်တာနေဝင်းသွင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မြင့်တို့က မူကြိုကျောင်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပညာပျိုးခင်း မူကြိုကျောင်းကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)** **(၄၀၅)**

ဇူလိုင် ၄ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် ကုန်းမြင့်ကျေးရွာတွင် ကျေးလက်ဒေသ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ရန်အတွက် စည်ပင်သာယာရေးအဖွဲ့ပိုင်ကားဖြင့် သစ်ခွဲသားများ ကူညီသယ်ပို့ပေးမှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ ကြီးကြပ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ သစ်ပင်စိုက်ပျိုး

သာယာဝတီ ဇူလိုင် ၅

သာယာဝတီမြို့နယ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ရက်က စံပြကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်နှင့် ဇနီး ဒေါ်ခင်မေအောင်၊ လူမှုရေးအသင်းအဖွဲ့များ၊ သစ်တောဝန်ထမ်းများနှင့် ကျေးရွာပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ဆီသပြေ၊ ထင်းစိုက်ခင်းငါးဧကနှင့် လမ်းဘေးဝဲယာ အရိပ်ရပင် ၂၁၆၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကြည့်ရှုစစ်ဆေး

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဇူလိုင် ၃ရက် နံနက်က ကျောက်တံခါးမြို့ စိမ်းလဲ့ကန်သာ ပန်းခြံပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်ပြန်/ဆက်)

ပေါင်းတည်စည်ပင် အရိပ်ရပင်စိုက်ပျိုး

ပေါင်းတည် ဇွန် ၃၀

ပေါင်းတည်မြို့ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး အတွက် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကြိုင်၊ ဒု-လက်ထောက် အင်ဂျင်နီယာနှင့် ဝန်ထမ်းများသည် ဇွန် ၂၈ရက်က နတ်ပုတီး-တောင်ဘို့လှ ကျေးလက်လမ်းဝဲယာတို့တွင် အရိပ်ရပင်များ စိုက်ပျိုးကြပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ (၄၉၇)

မျက်စိဝေဒနာရှင်များအား စမ်းသပ်ကုသ

မြစ်သား ဇူလိုင် ၅

မြစ်သားမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များကို စဉ့်ကိုင်မြို့ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်းဌာန၊ ဒေသကြီး (၅) မှ ဒေသဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာကျင်ဆိုင်နှင့်အဖွဲ့သည် ဇွန် ၂၈ရက်မှ ဇူလိုင် ၂ရက်အထိ မျက်စိဝေဒနာရှင် ၁၆၈ ဦးကို စမ်းသပ်ကုသပေးသည်။

မျက်စိစမ်းသပ်ကုသရာသို့ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ မြစ်သားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက ဝိုင်းဝန်းကူညီဆောင်ရွက်ကြသည်။

ထို့နောက် မျက်စိဝေဒနာရှင် ၁၆၈ ဦးအနက် အတွင်းတိမ် လူနာ ၅၁ဦးကို ခွဲစိတ်ကုသပေးခဲ့ပြီး ၄၉ ဦးအား မျက်ကပ်မှန်များထည့်သွင်း ကုသပေးသည်။

(မြို့နယ်ပြန်/ဆက်)

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပခုက္ကူမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ ရန်အောင်မြင်လမ်း၊ အမှတ်(၁၃)
မြို့သစ်ရပ်၊ မြစ်ခြေနေ ဦးနေလင်းအောင်(ဌာနမှူး၊ဓာတ်မြေသြဇာစက်ရုံ၊
ကျွန်းချောင်း၊ငြိမ်း)– ဒေါ်ဆွေဆွေလှ (ရွှေဟသ်ာမိသားစု)တို့၏ သားကြီး

မောင်ထင်ကျော်လင်း 2nd Mate F.G.

SINGAPORE MARITIME ACADEMY

နှင့်

ရန်ကုန်မြို့၊ အမှတ်(၄၀၇)၊ ၁၄လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးခင်မောင်သန်း(ဆက်သွယ်ထောက်ပံ့ရေးအရာရှိ R.S.O မြန်မာ့ကြယ်ငါးပွင့်
သင်္ဘောလုပ်ငန်း၊ ငြိမ်း)–ဒေါက်တာစီစီအေး (လက်ထောက်ညွှန်ကြားရေးမှူး၊
ကျန်းမာရေးဦးစီးဌာန၊ ငြိမ်း)တို့၏ သမီးငယ်

မဇင်မာအေး

B.Sc(I.C), (Hons)YU
M.Sc(ENVI: ENGINEERING)M.Eng (CHEMICAL. ENGINEERING)
National University of Singapore
CHIEF CHEMIST, NK CHEMICALS PTE LTD. Singapore

တို့သည် ၆–၇–၂၀၀၃နေ့ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ထင်ကျော်လင်း–မဇင်မာအေး။

ဓာတ်ပုံကူးစက်ရောင်းရန်

လက်ရှိအသုံးပြုနေသော KONICA(CLPP 811A)8"x12"ကူးစက်၊
KONICA (2000) 5"x7" ကူးစက်၊
CHINA ဓာတ်ပုံ–ပုံဖော်စက် (17")အရွယ်အထိ

ဖုန်း–၀၅၇–၂၄၇၂၂ မော်လမြိုင်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မြင့်သော် (ဘ) ဦးမြင့်သန်း၏ နိုင်ငံကူးလက်မှတ် (PP-302422)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါ။
အမှတ်(၈၂၉)၊ (၃)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့။

(၂၇)နှစ်မြောက်မင်္ဂလာဆုတောင်း

ဦးအေး(ရမည်းသင်းခရိုင်၊ အင်ဂျင်နီယာမှူး)နှင့်**ဒေါ်ခင်နွဲ့မူ**တို့၏ ၉–၇–၂၀၀၃နေ့တွင် ကျရောက်သော (၂၇)နှစ်မြောက်မင်္ဂလာနေ့မှသည် ချစ်သားများနှင့်အတူ နှစ်ပေါင်းများစွာတိုင် ခိုင်မြဲပါစေ–––။

ဒေါ်ရှုကြည် (မိသားစု)
အေးကြည်သာ ရတနာရွှေဆိုင်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းနေ
(ဗိုလ်မှူးဘလှ)–ဒေါ်ခင်လှတို့၏သား

ဗိုလ်မှူးဆန္ဒမောင် B.Sc(Botany)

နှင့်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်လမ်းနေ
ဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း)–ဒေါ်ခင်ထွေးတို့၏သမီး

မထွေးထွေးအောင် B.A(History)

တို့၏ ၅–၇–၂၀၀၃နေ့တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာစံပယ်ကုံးဆင်မြန်းပေးသော အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့်ဇနီးဒေါ်မိုးမိုးမြင့်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ဗိုလ်ချုပ်ဝင်းလှိုင်နှင့်ဇနီး ဒေါ်ထုဆိုင်နှင့် ၄–၇–၂၀၀၃နေ့တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးခြင်းနှင့် မင်္ဂလာဩဝါဒစကား မြွက်ကြားပေးသော တရားရုံးချုပ်တရားသူကြီးဒေါက်တာတင်အောင်အေးနှင့်ဇနီးဒေါ်ခင်ခင်ဝင်း၊ ကြွရောက်ကြသော ဂုဏ်သရေရှိ စစ်ဘက်နယ်ဘက်မှ လူကြီးမင်းများ၊ မင်္ဂလာပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသော နှစ်ဖက်မိတ်ဆွေသင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင် ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် ဗိုလ်မှူးဆန္ဒမောင်–မထွေးထွေးအောင်။



ခရုသင်း(၆)မျိုးအထူးကုသမားတော်ကြီးဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လှိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်နိုင်သော ခရုသင်း(၆)မျိုးနှင့် အတက်ရောဂါ(ဝက်ရူး–၇)မျိုးတို့ကို အာမခံ၍ ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီးရပ်ဝေး ဝေဒနာရှင်များကို သိစေရန် ကြေညာအပ်ပါသည်။

နေရောင်လင်းဆေးတိုက်မှ နန္ဒင်းခါး၊ ဘုမ္မရာဇာ၊ ဆင်တုံးမနွယ် ၃မျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းကိုစိန်ခေါ်လိုက်ပါပြီ။

သမားတော်ကြီး ဦးကျော်ဟိုး
အမှတ်(၁၀၆)၊ ဇင်ယော်လမ်း၊ (၁၄)ရပ်ကွက်၊ မြင်သာအိမ်ရာ(၂)
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

(၂၅)နှစ်မြောက်ငွေရတုမင်္ဂလာ

ချစ်ဖေဖေ **ဦးတင့်ဆွေ**(Community Road Maintenance Advisor Lao- Swedish Road Sector Project)နှင့် ချစ်မေမေ **ဒေါ်မာလာသန်းရီ**(ဆောက်လုပ်ရေးရုံးချုပ်၊ ငြိမ်း)တို့၏ (၉–၇–၂၀၀၃)တွင်ကျရောက်သော (၂၅)နှစ်မြောက်ငွေရတုမင်္ဂလာမှ နှောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့ခြင်းများနှင့်ပြည့်စုံပါစေ––။

သမီးလေး
သက်ချောစု(ခ)ဖူးဖူး
နောက်ဆုံးနှစ်အပိုင်း(ခ)ဆေးတက္ကသိုလ်(၁)။

ထိမ်းမြားမင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ပြည်မြို့၊ ကမ်းနားလမ်း၊ အမှတ်(၇၀၀)နေ
ဦးဘာဘာ–(ဒေါ်ကြင်လွမ်)တို့၏မြေးဦး၊
ဒေါက်တာငွေးနိုင်–ဒေါက်တာခင်ငွေးရှိန်တို့၏သားကြီး

မောင်စိုးမိုးနိုင်

Diploma of Hospitality (Management)
Certificate III in Hospitality
(Commercial Cookery) (Australia)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၁၂၄)၊ အခန်း(၃)နေ
ဦးတင်ငွေးခိုင်–(ဒေါ်ခင်အေးသူ)တို့၏သမီးကြီး

မအိသီရိခိုင် B.A(Business Management)

တို့သည် ၂–၇–၂၀၀၃နေ့တွင် မင်္ဂလာမော်ကွန်းလက်မှတ်ရေးထိုး၍ ၆–၇–၂၀၀၃နေ့တွင် International Business Centre (I.B.C) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးမိုးနိုင် – မအိသီရိခိုင်။





THE GOVERNMENT OF THE UNION OF MYANMAR
MINISTRY OF ENERGY
MYANMA OIL AND GAS ENTERPRISE

IFB NO:1(T)MCY-MOGE (2003-2004)CAP P.O. BOX 1049
DATE :16th JULY,2003 FAX NO:095-01-222964/222965

INVITATION FOR BIDS

1. Sealed Bids are invited by the Myanma Oil and Gas Enterprise for supply of the following: NATURAL GAS PIPE LINE BOOSTER COMPRESSOR- 6 UNITS.
2. Commencing from (16th JULY, 2003)a complete set of bidding document will be available at the office of Finance Department, Myanma Oil and Gas Enterprise, No-604.Merchant Street, Yangon, Myanmar, during office Hours by payment to the order of Myanma Foreign Trade Bank attesting remittance of US$ 100 in favour of Myanma Oil and Gas Enterprise (OR) FEC 100 to be paid to the above office for each set of document.
3. Bids shall be accepted only from Bidders who officially purchased the Bidding Document (Those Purchased throught Embassy must declare for whom it is purchased)
4. The Bids received will be opened in the presence of Bidders and Bidders' Representatives who choose to attend at 13:00 Hours on (28th AUGUST 2003) at the office of Myanma Oil and Gas Enterprise, No.604, Merchant Street, Yangon, Myanmar.

MANAGING DIRECTOR
MYANMA OIL AND GAS ENTERPRISE.

ကုန်စည်ပို့ဆောင်ရေးစခန်းနှင့် ကုန်လှောင်ရုံများ တည်ဆောက်ရောင်းချမည့်ကြေညာစာ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနက ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် လှိုင်သာယာမြို့နယ်ရှိ ဒဂုံဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း၏ အောက်ဖော်ပြပါ ပုံကြမ်းနေရာတွင် "ကုန်သိုလှောင်ရုံးခန်းများ ပေ၂၀ X ပေ၄၀ (သို့) ပေ၂၀ X ၆၀ပေ (သို့) ပေ၃၀ X ပေ၆၀ အခန်းများကို" တည်ဆောက်ရန် စီစဉ်လျက်ရှိရာ ဝယ်ယူလိုသူများရှိပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ၂၀၀၃ခုနှစ် ဇူလိုင်လ(၁၅)ရက် မတိုင်မီ ဆက်သွယ်/စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း ကြော်ငြာပါသည်။



ဌာနမှူး
အခွန်ဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ နယုန်လပြည့်ကျော် ၅ရက်
(၂၀၀၃ခုနှစ်၊ ဇွန်လ ၁၉ရက်)

၁။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၃ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပမည်ဖြစ်၍ ရတနာပြပွဲတွင် ကျောက်မျက်ရတနာများ တင်ပြရောင်းချလိုသူများသည် ၂၀၀၃ခုနှစ်၊ ဇွန်လ(၂၄)ရက်မှ ဩဂုတ်လ(၃၁)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ ကျောက်မျက်ရတနာများစစ်ဆေးခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။

၂။ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)သို့သယ်ဆောင်ရာတွင် အခက်အခဲရှိပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) ရန်ကုန်မြို့၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ရွှေတန်းမြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမိုင်းရှူး/လှိုင်ဆောင်ထောက်နှင့် မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးမြို့များတွင် အခြေပြုသည့် စခန်းရုံးများနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်သည်။

၃။ ၎င်းအပြင် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအကျိုးအတွက် ရတနာပြပွဲများ မကျင်းပသည့်ကြားကာလများတွင် ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်း ဆောင်ရွက်သည့် ဂိုတီစီစနစ်ဖြင့် ပုဂ္ဂလိကပိုင် ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်းနှင့် ပြည်ပတင်ပို့ခြင်းများကို သက်ဆိုင်ရာလုပ်ငန်း/ဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ဂိုတီစီစနစ်ဖြင့် ကျောက်မျက်ရတနာများ ရောင်းချလိုသည့် ကျောက်မျက် ရတနာလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၁)ဦးပိုင်အမှတ်(၁၇)၊ မြေကွက်ကို ဦးကိုကိုကြီး မှတ်ပုံတင်အမှတ်[၅/မရန(နိုင်)၁၃၃၂၂၃]က အမှုတွဲအမှတ် ဝ၆၃၄/၂၀၀၃-၂၀၀၄ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်း/ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူရှိပါက အထောက်အထားစာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ငှားမည်

25'x'60'မြေညီထပ်
စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်။
ဖုန်း-၆၈၀၉၄၁၊ ၂၄၅၁၁၇။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းဝန်ထမ်းကတ်ပြား ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

စိုးမင်းအောင်(ဒုတိယအရာရှိ)
၂၅၊ ဆင်ရေကန်လမ်း၊ အလုံမြို့နယ်။

ကျွန်တော် မကြော်ငြာပါ

* ခါးနာနှင့် အရိုးကျိုးပေါင်းတက်သူများ (၁၅)မိနစ်အတွင်း သက်သာစေရမည်။
* အကြောရောဂါမှန်သမျှကုသပေးမည်။
* လေဖြတ်မှာ ကြောက်သူများကို ကြိုတင်ကာကွယ်ပေးမည်။

ဦးအေးထွန်း
၅၇၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။





တစ်နှစ်ပြည့်အလွမ်း

ဘုရား၊ တန်ဆောင်း၊ ကျောင်းဇရပ်၊ ရေကန်၊ တံတား
ရဟန်းဒါယကာကြီး
ဦးမြင့်သိန်း
(မော်လမြိုင်ဦးမျှားဆေးတိုက်ပိုင်ရှင်)

ချစ်ခင်ပွန်း ကျွန်မနဲ့ခွဲသွားတာ ၉-၇-၂၀၀၂မှ ၉-၇-၂၀၀၃ရက်နေ့၌ တစ်နှစ်ပြည့်သွားပြီ၊ ကျွန်မကတော့တစ်နေ့မှမေ့မရပါ။ နောက်ဆုံးထွက်သက်ထိ လွမ်းဆွတ်တသနေရဦးမည်။ ပြုသမျှကုသိုလ်ဒါနများကို ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ---။

ချစ်ဇနီး-ဒေါ်စီစီ(မော်လမြိုင်ဦးမျှားဆေးတိုက်)
အမှတ်(၉)၊ မြေညီထပ်၊ (၂၂)လမ်း၊ လသာမြို့နယ်။

သတိပေးတားမြစ်ခြင်း

ဒေါ်ဝင်းရွှေ အမျိုးသားမှတ်ပုံတင်အမှတ် ဝိုင်အက်စ်အို/၁၅၀၃၇၃ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

၁။ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်၆၀၅(က)ဟုခေါ်တွင်သော အလျား ပေ၂၀ x အနံ ပေ၆၀၊ စတုရန်းပေ၁၂၀၀ရှိ မြေကွက်သည် ဒေါ်ဝင်းရွှေအမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းမြေကွက်၏ နှစ်၆၀ မြေငှားစာချုပ်သည် ပျောက်ဆုံးနေသည်ဖြစ်ပါ၍ ဤမြေကွက်အား မည်သူတစ်ဦးတစ်ယောက်ကမျှ ပေါင်နှံခြင်း၊ ရောင်းချခြင်းများကို ဆောင်ရွက်ခြင်းသို့မဟုတ် လက်ခံခြင်း အလျင်းပြုလုပ်ခြင်းမပြုပါရန်နှင့် ထိုကဲ့သို့ ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း သတိပေးတားမြစ် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးမြင့်ဦး (အယ်လ်အယ်လ်ဘီ)
အထက်တန်းရှေ့နေ (စဉ်-၂၁၄၂၅)
အမှတ်(၅၀)၊ အေ/၂၁၊ ပထမထပ်
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်ဗ/၄၄၆၁ မော်တော်ယာဉ် လက်ဝယ်ရှိသူမှမော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်ည/၂၃၀၂ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများသည် ရက် ၃၀အတွင်း ကညန၊ အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(အရှေ့ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဘ/၂၇၃၆ (Mitsubishi Fuso FT 418v, Truck)အမျိုးအစား ယဉ်လက်ဝယ်ရှိသူဦးသန်းညွန့်[၁၃/ကကန(နိုင်)ဝ၂၇၃၀၈]က မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ယနေ့မှစ၍ ၁၅ရက်အတွင်း တောင်ကြီး ကညနရုံးသို့ကန့်ကွက်နိုင်ပါသည်။

ချမ်းမြေ့ကြည်ဖြူ သီတဂူ သာသနာ့ဗိမာန်တော်ကြီး ဖွင့်လှစ်ခြင်း အခမ်းအနား ဖိတ်ကြားလွှာ

အနန္တောအနန္တ ငါးပါးနှင့် ဇီးဖြူပင်သာသနာ့ရိပ်သာ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သူရိယ မထေရ်မြတ်အား ဦးထိပ်ထားလျက် အလှူရှင်စေတနာရှင်တို့က လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ကျွန်တော်၊ ကျွန်မတို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာမှန်မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုပါရစေခြင်း အကျိုးငှာ တောင်ငူမြို့ ဇီးဖြူပင်သာသနာ့ရိပ်သာ ကျောင်းတိုက်အတွင်း ချမ်းမြေ့ကြည်ဖြူ သီတဂူသာသနာ့ဗိမာန်တော်ကြီးကို ဆရာတကာ ညီညွတ်စွာဖြင့် ကျပ်သိန်း ၆၃၀၀တန် အဆောက်အအုံကြီးအား အောင်မြင်စွာ ဆောက်လုပ်ပြီးစီးပါသဖြင့် လှူဒါန်းမှုကုသိုလ်အစုစုတို့ကို ရေစက်သွန်းချ လှူဒါန်းခြင်းမင်္ဂလာ ပြုလုပ်မည်ဖြစ်ပါသောကြောင့် အောက်ပါအစီအစဉ်အတိုင်း ကြွရောက် ချီးမြှင့်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မင်္ဂလာနေ့ရက် – ၁၃၆၅ခုနှစ် ဝါဆိုလဆန်း(၁၄)ရက်၊ (၁၂-၇-၂၀၀၃)စနေနေ့။

မင်္ဂလာအချိန် – နံနက် ဝ၈း၀၀ မှ ၁၂း၀၀နာရီအထိ။ (အလှူရှင်များအား ဂုဏ်ပြုမော်ကွန်းလွှာ ပေးအပ်ရန်ရှိ၍ နံနက် ဝ၈း၀၀နာရီအရောက် ကြွရောက်ပါရန်)

မင်္ဂလာနေရာ – ချမ်းမြေ့ကြည်ဖြူ သီတဂူသာသနာ့ဗိမာန်တော်ကြီး ဇီးဖြူပင်သာသနာ့ရိပ်သာ၊ တောင်ငူမြို့။

တည်ဆောက်ရေးအကျိုးဆောင်အဖွဲ့။

BARANI
computer service
door to door service
Ph: 721056

အမြန်ဆက်သွယ်ပါ

ရန်ကုန်မြို့တွင်း၊မြို့ပြင်၊ တိုက်ခန်း၊ လုံးချင်း၊ မြေကွက်၊ စက်ရုံဌားရမ်းလိုသူများ၊ ယာဉ်ပိုင်ရှင်နှင့် ယာဉ်ငှားရမ်းလိုသူများ ဆက်သွယ်ပါ။

ဖုန်း-၂၄၉၉၉၀။

ဝမ်းနည်းကြေကွဲခြင်း
ဦးခင်ထွန်း(၄၉)နှစ်
လက်ထောက်မန်နေဂျာ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရုံးချုပ်အခြေစိုက် ပြည်ပစာပို့လုပ်ငန်းစခန်းမှ လက်ထောက်မန်နေဂျာ ဦးခင်ထွန်းသည် ၇-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ရုံးချုပ်အခြေစိုက်ပြည်ပစာပို့လုပ်ငန်းစခန်းဝန်ထမ်းမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်း၊ဒါယိကာမ
ဒေါ်မြသီ အသက်(၇၀)
အမက(၂)မရမ်းကုန်း(ငြိမ်း)
(လှော်ကား)

ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာနေ (ဦးရွှေခင်-ဒေါ်အိုဇာ)တို့၏သမီး၊ မင်းဘူးမြို့နေ (ဦးဆိုင်-ဒေါ်နီထွေး)တို့၏ သမီးချွေးမ၊ ရွှေပြည်သာမြို့နေ(ဦးအောင်ရိန်)-ဒေါ်အုံးရီ၊ ဦးကြိုင်-ဒေါ်စိန်ရင်၊ ဒေါ်ခင်ညွန့်၊ မင်းဘူးမြို့နေ (ဦးအောင်လှ-ဒေါ်လုံးစိန်)၊ (ဦးရီ)-ဒေါ်ခင်ညွန့်တို့၏ ညီမ၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးသင်းဖေလမ်း၊ တိုက်(၅)၊ အခန်း(၀၀၁)နေ ဦးကြည် (သမိုင်းချည်စက်၊ အငြိမ်းစား)၏ ဇနီး၊ ဦးထွန်းအောင်(တော်ဝင်းထွန်းကုမ္ပဏီ)-ဒေါ်အုံးရီ(အထက-၁၊ ဒဂုံ)၊ ဦးဝင်းသိန်း-ဒေါ်ငွေစော (သမိုင်းချည်စက်)တို့၏အစ်မ၊ ဦးစိုးလွင်-ဒေါ်ဌေးဌေးဦး၊ ဦးခင်ဇော် (F.G Singapore)၊ ဦးထိန်လင်း-ဒေါ်ခင်စောအုံး၊ မညွန့်ညွန့်သန်းတို့၏ မွေးသမိခင်၊ အောင်ရဲထွဋ်(ဒု-နစ် DSA)၊ အိအိခိုင်၊ သန်းထိုက်လင်း၊ ဆုဝေဖြိုးတို့၏ အဘွားသည် ၇-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၉-၇-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရွှေပြည်သာ လှော်ကားသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဘကောင်း (၈၂)နှစ်
B.A, B.L
လက်ထောက်ကျောင်းသားရေးရာမှူး(ငြိမ်း)
အခြေခံပညာဦးစီးဌာန(ကျောင်းသားရေးရာ)
(ရှိမ်းမကား)

စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ ရှိမ်းမကားရွာနေ (ဦးလှိုင်-ဒေါ်ကြွယ်မိ)တို့၏သား၊ (ဦးဘဟန်-ဒေါ်သန်းတင်)၊ (ဦးဘသောင်း-ဒေါ်ခင်သန်း)၊ (ဦးသိန်းမောင်)-ဒေါ်သန်းခင်တို့၏ ညီ/မောင်၊ ဒေါ်သန်းရင်၊ (ဦးတင်အေး-ဒေါ်ဌေးရင်)၊ (ဦးအောင်သင်း-ဒေါ်ခင်)၊ ဦးမောင်ကို-ဒေါ်ခင်ထွေးတို့၏အစ်ကို၊ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ်(၂၂)နေ ဒေါ်သိန်းရှင် (စီးပွားရေးတက္ကသိုလ်၊ ငြိမ်း)၏ ခင်ပွန်း၊ မခိုင်မေကောင်း(Final year Physics)၊ မောင်ဇင်ဝေကောင်း (Final year Chemistry၊ ပညာတန်ဆောင်)တို့၏ မွေးသဖခင်သည် ၈-၇-၂၀၀၃ရက်တွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၃ (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ကြည့်မြင်တိုင်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဝင်း (၅၆)နှစ်
မန္တလေးတိုင်း လျှပ်စစ်အင်ဂျင်နီယာ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

ညောင်ဦးမြို့နေ(ဦးသူတော်-ဒေါ်သန်းတင်)တို့၏သား၊ (ဦးကျော်တင့်-ဒေါ်ရီ)တို့၏ သားသမက်၊ မန္တလေးမြို့နေ ဒေါ်တင်မူအေး(အထပြ၊ ငြိမ်း)၏ခင်ပွန်း၊ ရန်ကုန်မြို့နေဦးသောင်းညွန့်-ဒေါ်ညွန့်ညွန့်ရီ၊ ဦးအံ့မောင်-ဒေါ်တင်တင်မြင့်တို့၏ညီ၊ ညောင်ဦးမြို့နေ ဦးဝင်းမောင်-ဒေါ်ဌေးလှိုင်၊ ဦးမြင့်ဆွေ-ဒေါ်မြိုင်၊ ဦးအောင်ကြွယ်-ဒေါ်ကြိုင်တို့၏မောင်၊ ဦးသိန်းထွန်း-ဒေါ်နွဲ့နွဲ့ရီ၊ ဦးမျိုးချစ်-ဒေါ်ဆွေဆွေဝင်း၊ ဦးအေးမြင့်မောင်တို့၏ အစ်ကို၊ မောင်ဝင်းဇော်ဝင်း၊ မောင်သန်းထွဋ်ဝင်း-မထက်ထက်ဦး၊ မကေခိုင်ဝင်းတို့၏ ဖခင်၊ မောင်ထွန်းအောင်ကျော်၏ အဘိုးသည် ၆-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၈-၇-၂၀၀၃ရက် ကြာနီကန်သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်လှလှဌေး(၄၄)နှစ်
(မြည်)

ပြည်မြို့၊ ခေတ္တရာမြို့သစ်နေ (ဦးဟန်တင်)-ဒေါ်စောရင်တို့၏သမီး၊ ဇီးကုန်းမြို့၊မြို့ပတ်လမ်းနေ ဦးအေးလှိုင်-ဒေါ်တင်တင်ဝင်း(ရွှေသဇင်စတိုး)၊ ပြည်မြို့၊ လမ်းမတော်လမ်းနေ ဦးထွန်းရီ-ဒေါ်မြမြသွေး(ရွှေမြန်မာစတိုး)တို့၏ ညီမ၊ ပြည်မြို့၊ အမှတ်(၃၃)၊ ရွှေတံခါးလမ်းနေ ဦးမောင်စန်း၏ ချစ်လှစွာသောဇနီး (ရွှေအိမ်ဒေးစ်အိမ်)၊ မောင်ဉာဏ်လင်းထွန်း၊ မသိမ့်သိမ့်ထူးတို့၏ မွေးသမိခင်သည် ၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၄-၇-၂၀၀၃ရက်တွင် ကန်သာဦးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သဂ်ဟများအားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မမြင့်မြင့်သန်း (၃၆)နှစ်
(ဘိုကလေး)

ဘိုကလေးမြို့နယ်၊ သာပေါင်းကျေးရွာနေ ဦးအုံး-ဒေါ်သန်းခင်တို့၏ သမီး၊ သဇင်ငူကျေးရွာနေ ဦးချစ်မောင်-ဒေါ်ခင်မြင့်တို့၏သမီးချွေးမ၊ ကိုသာဌေး၏ချစ်လှစွာသော ဇနီး၊ မမေသကြန်ဖြိုး၊ မမြတ်ဖြိုးသူဇာ၊ မလေးလေးဝါးတို့၏ မွေးသမိခင် မမြင့်မြင့်သန်းသည် ၆-၇-၂၀၀၃ရက်တွင် ရန်ကုန်မြို့၊တောင်ဒဂုံ၊ (၉၃)ရပ်ကွက်၊ မေယုလမ်း၊ အမှတ်(၂၈၃)နေ ကိုကြည်အေး၊ မသန်းဌေးတို့၏ နေအိမ်၌ ၆-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၇-၂၀၀၃ရက် နံနက် ၁၀နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကိုနေမျိုးအောင် (၃၅)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၈၇)ရပ်ကွက်၊ သုခိတာလမ်း၊ (၃၈၈/က)နေ ဦးအေးကြွေ-ဒေါ်စန်းရင်တို့၏ သားကြီး၊ ဦးကျော်ဝင်း-ဒေါ်ဌေးဌေးတို့၏ သားသမက်၊ ကိုဇော်မျိုးအောင်-မလှိုင်မျိုးအေး၊ မအေးသီတာနောင်-ကိုမျိုးခင်၊ မောင်ရဲလင်းအောင်တို့၏ အစ်ကို၊ မသူဇာဝင်း၏ ခင်ပွန်း၊ မအိမ္မွန်မွန်အောင်၊ မောင်အာကာမျိုး၊ မသီရိမွန်တို့၏ ဖခင်သည် ၄-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၆-၇-၂၀၀၃ရက်တွင် ကျီစုသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဦးအုန်းကြိုင် (၇၉)နှစ်
လက်ထောက်စာစစ်(ငြိမ်း)
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ဝန်ကြီးရုံး
သဲကုန်းမြို့နယ်အသင်းဝင်

သဲကုန်းမြို့နေ (ဦးပု-ဒေါ်ကျော့)တို့၏ သား၊ ဒေါ်သန်းခင်၏ခင်ပွန်း၊ ဦးအောင်မင်း(စာရင်းစစ်၊ ငြိမ်း၊ သတ္တုတွင်း-၂)၊(ဝင်းချယ်ရီ Co.,) ဒေါ်ကြည်ကြည်ဝေ၊ ဦးဝင်းကျော်-ဒေါ်မိုးမိုးခိုင်၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးမျိုးလှိုင်(Golden Eagle Co.,)၊ ဒေါ်စန်းစန်းဦး၊ ဦးသောင်းလွင်(Univan Co.,)-ဒေါ်ခင်သီတာဝင်း(MFTB)၊ ဦးသောင်းထွဋ်(မြေတိုင်း၊ အိုးအိမ်)-ဒေါ်မာမာကြည်၊ ဒေါ်တင်တင်ထွေး(ဆောက်လုပ်ရေးဝန်ကြီးရုံး)တို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် အမှတ်(၁၃)၊ မဟာဗောဂလမ်း၊ ကျိုးတော်ရပ်နေအိမ်၌ ၈-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၃ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်ဆန်း (၆၁)နှစ်
လျှပ်စစ်ဖိုမင်၊ အမှတ်(၈)သစ်စက်

ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ ငပကျေးရွာနေ (ဦးကတုံး-ဒေါ်ပု)တို့၏ သား၊ အမှတ်(၇၂၅)၊ ယမနေ(၅)လမ်း၊ (၃၄)ရပ်ကွက်၊ မ/ဒဂုံမြို့နယ်နေ ဒေါ်ချစ်တင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ပု၊ မစန်းနွဲ့၊ မောင်ဆန်းဦး-မအေးအေးထူး၊ မောင်ဝင်းဗိုလ်-မကြည်ကြည်မြင့်၊ မောင်ဆန်းဝင်း၊ မကြည်ကြည်ဝင်း၊ မောင်ဆန်းမျိုး၊ မောင်ထွန်းမြတ်ဇံ၊ မောင်ကျော်ဝင်းထွန်း၊ မယုယုထွေးတို့၏ မွေးသဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၈-၇-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၀-၇-၂၀၀၃ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ကန်၊ လမ်း၊ တံတား၊ ရဟန်းဒါယိကာမကြီး
ဒေါ်မြိုင် အသက်(၆၀)
(ခတ္တီယ)

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်၊ ဆုပြည့်ရတနာ(၂)လမ်း၊ အမှတ်(၄၅၉)နေ (ဦးကြာညွန့်-ဒေါ်တင်ညွန့်)တို့၏ သမီး၊ (ဦးအောင်သန်း-ဒေါ်သန်း)တို့၏ သမီးချွေးမ၊ ဦးမျိုးမြင့်(ကြီးကြပ်ရေးမှူး၊ တကခ-၃၊ စီးပွား/ကူးသန်း)၏ ချစ်လှစွာသော ဇနီး၊ မောင်ကြည်ရှင်(ဆန်ရောင်းဝယ်ရေး)၊ မောင်ဇော်ဝင်းဌေး၊ မအေးအေးမွန်(မြန်မာ့အသေးစားချေးငွေလုပ်ငန်းရုံးချုပ်)၊ မဖြူဖြူအောင် (အစိုးရအဖွဲ့ရုံး)တို့၏ မွေးသမိခင် ဒေါ်မြိုင်သည် ၇-၇-၂၀၀၃ရက်တွင်နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ကျီစုသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သဂ်ဟအပေါင်းအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးမော်(၃၈)နှစ်
B.A (Myanmar)

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃၂၃)၊ မဟာဗန္ဓုလလမ်း၊ (၂)ရပ်ကွက်နေ ဦးမျိုးညွန့်(ကျန်းမာရေးဆရာမ၊ ငြိမ်း) - ဒေါ်ရင်ကြည်(ကျန်းမာရေးဆရာမ၊ ငြိမ်း)တို့၏ တတိယသမီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ တက္ကသိုလ်ရိပ်မွန်၊ ခတ္တာလမ်း၊ အမှတ်(၁၄)နေ ဦးမောင်မောင်ပေါက် (ပို့ဆောင်ရေး မန်နေဂျာ၊ BAC၊ ငြိမ်း)-(ဒေါ်ညွန့်ညွန့်)တို့၏သမီးချွေးမ၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊(၄၅)လမ်း၊အမှတ်(၁၅၁)၊ အခန်း(၂၅/၇-လွှာ)နေ ဦးသိန်းဆွေ [B.A (Eng) RL-1]၏ ချစ်လှစွာသော ဇနီး၊ ဒေါ်မေသန်းဌေး-ဦးမောင်ထွေး၊ ဦးဟန်ထွန်း [B.Sc (Zoo-Q.1)၊ အကောက်ခွန်မှူး၊ စစရ/ရှိ၊ အကောက်ခွန်မှူး၊ မန္တလေး]-ဒေါ်နန်းသန္တာလှိုင်(ခ) နန်းသန္တာဟန်တို့၏ ညီမ၊ ဦးရဲထွန်း-ဒေါ်မိုးမိုးထွေး၊ (ကိုအောင်ကျော်စိုး)တို့၏ အစ်မ၊ မောင်ကျော်စွာမင်း(VII-A)၊ မောင်မင်းသုတ(VI-A)၊ မောင်ပြည့်သူအောင်(KG-D၊ အထက-၆၊ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသော မွေးမိခင်သည် ၈-၇-၂၀၀၃ရက်တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၀-၇-၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [(၄၅)လမ်းနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

မောင်ဘီဂျေ (၃၃)နှစ်
(ကလေး)

ကလေးမြို့၊ ဗိုလ်ချုပ်လမ်း၊ လချ်မီးကဖီးနေ (ဦးစီးဟင်ရှားမား)-ဒေါ်ဘီစနူးမာယာတို့၏ သားထွေး၊ (ဦးယူဘရပ်)-ဒေါ်ယိုဂီမာယာ၊ ဦးဟင်ကူးမား-ဒေါ်ဘီနူးမာယာ၊ ဦးချော်ဘီလား-ဒေါ်သာရာ၊ ဦးမနော-ဒေါ်စီမားတို့၏ ညီ၊ မဒေဘီ-ဦးနိုလ်ဟရီး၊ မလချ်မီးတို့၏ မောင်သည် ၈-၇-၂၀၀၃ရက်တွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မပိုလမ်း၊ အမှတ်(၄၀)၌ကွယ်လွန်သွားပါ၍ ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သဂ်ဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးစောမောင် (၈၂)နှစ်
ပခုက္ကူစောမောင်၊ မှူခင်းစာရေးဆရာ
(စခန်းမှူးဟောင်း)

ထီးလင်းမြို့နေ (ဦးဖိုးသောင်-ဒေါ်ဆယ်)တို့၏ သား၊ ပေါက်မြို့နေ (ဒေါ်ခင်စိန်)၏ ခင်ပွန်း၊ ဦးခင်မောင်ထွေး-ဒေါ်ခိုင်၊ ဦးဘဂျမ်း(အင်ဂျင်နီယာ)-ဒေါ်ခင်ဝင်းဆွေ၊ ဦးကိုကိုလေး-ဒေါ်ခင်ဝင်းမေ၊ ဦးဝင်းလှိုင်-ဒေါ်ချိုချိုရီ(အထက်မင်းလှ)၊ ဦးနေဝင်း(မိုးကုတ်မြို့)၊ ဦးစန်းဝင်း(အလယ်ရွာရဲစခန်း၊ မိတ္ထီလာမြို့)တို့၏ ဖခင် ဦးစောမောင်သည် ၇-၇-၂၀၀၃ရက်တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၇၀)ရပ်ကွက်၊ ဆုထူးပန်လမ်း၊ အမှတ်(၁၂၈/က)နေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊သိမ်၊ရဟန်းဒါယကာကြီး
ဦးချစ်မောင် (၇၆)နှစ်

ရန်ကုန်မြို့၊ တိုက်ကြီးမြို့နယ်၊ ကျိုက်စကိုင်းရွာနေ (ဦးစံအေး-ဒေါ်ရွှေရွက်)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အမှတ်(၄၂)၊ အောင်သုခလမ်းနေ (ဒေါ်သန်းသန်း)၏ခင်ပွန်း၊ ဦးမြင့်ဦး(M.P.F၊ငြိမ်း)၊ ဦးထွန်းရီ-ဒေါ်တင်တင်ဌေး၊ ဦးမြင့်အောင်(R.T.C)-ဒေါ်ခင်ပြုံးရီ(M.P.F)၊ တကက/စရ မြင့်စံ-ဒေါ်မာမာချို(လှိုင်ပွင့်သိမ်၊ ညောင်တုန်း)၊ ဒေါ်ခင်နွဲ့ရီ (အမက-၂၁၊ရွှေပြည်သာ)၊ ဦးအုန်းခင် (M.R၊ မန္တလေး)-ဒေါ်သီသီခိုင်၊ ဦးငွေလှိုင်-ဒေါ်ခင်ခင်ရီ၊ ဒေါ်ထိုက်ထိုက်ဦး၊ ဒု-ရဲအုပ်ဌေးမင်း(ဆင်မနိုင်ရဲစခန်း)-ဒေါ်နုနု၊ ဗိုလ်မှူးအောင်ချမ်းမင်းတို့၏ မွေးသဖခင်၊ မြေး ၂၁ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၇-၇-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၃ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ရင်ရင် (၆၈)နှစ်
(အင်းစိန်)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ဥယျာဉ်လမ်း၊ အမှတ်(၅၄၀)နေ ဦးမောင်မြင့်-ဒေါ်တင်လှိုင်တို့၏ အစ်မ၊ ကိုမြင့်သိန်း-မခင်မာချို၊ ဗိုလ်ကြီးအောင်နိုင်(ငြိမ်း၊ မန်နေဂျာ၊ ဒဂုံတင်းဘားသစ်ထုတ်လုပ်ရေး၊ မင်းတုန်းမြို့)-ဒေါ်ခင်ထူး(အလပြ၊ ရမ်းဗြဲ)၊ ကိုစိုးနိုင်-မတင်တင်ဝင်း၊ (ကိုကျော်ကျော်)၊ ကိုဝင်းမော်-မဝင်းမာဦး၊ ကိုဇော်လေး၊ ကိုဇော်မင်းထိုက် - မသီသီမာတို့၏ မွေးသမိခင်၊ မသန္တာမြင့်၏ကြီးကြီး၊ မြေးရှစ်ယောက်တို့၏အဘွား၊ (ဦးကျော်သိန်း)၏ ဇနီးသည် ၆-၇-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၀-၇-၂၀၀၃(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးချစ်လှိုင်(ငြိမ်း)
အသက်(၅၈)နှစ်
ဒုတိယအထွေထွေမန်နေဂျာ
ရွှေမန်းသုခရီးသည်ပို့ဆောင်ရေး

မကွေးတိုင်း၊ နတ်မောက်မြို့နေ (ဦးပြန့်)-ဒေါ်မြင့်စီးတို့၏ သား၊ ကချင်ပြည်နယ်၊မိုးညှင်းမြို့နေ (ဦးဘရှင်-ဒေါ်အုန်းမေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ အမှတ်(၁၀၆/၁)၊ မြင်သာ(၉)လမ်းနေ ဒေါ်တင်စိန်၏ ခင်ပွန်း၊ ဦးထွန်းမြတ်ဦး-မသွယ်သွယ်ခိုင်၊ မထားထားဦး-ဒုတကစိုးလင်း၊ ဦးသန်းထွဋ်လှိုင်-မရီရီလွင်၊ မပပလှိုင်တို့၏ မွေးသဖခင်၊ ဖွဲ့သူရလှိုင်၊ ငြိမ်းချမ်းကျော်တို့၏အဘိုးသည် ၇-၇-၂၀၀၃ရက် တွင် အာရှတော်ဝင်နှလုံးနှင့် အထွေထွေ ရောဂါ အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၉-၇-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ရိုဇာ(ခ)ဒေါ်ရမ်မဇန်(ခ)
ဒေါ်ညိုညိုရင် (၅၇)နှစ်

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ တောခရမ်းလေးကျေးရွာနေ (ဦးဂနီ-ဒေါ်နစီမာ)တို့၏ သမီးဦး၊ (ဦးအလီ)-ဒေါ်ခတီ(ခ)ဒေါ်ခင်ဝင်း၊ ဟာဂျီဦးရာကွတ်-ဒေါ်ငြိမ်း၊(ဦးသံချောင်း-ဒေါ်အမာဂျမ်)၊ ဦးအာဇစ်-ဒေါ်သာယာဘီတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ဗိုလ်တထောင်လမ်း၊အမှတ်(ဘီ/၆)နေ ဦးကမားလူးဒင်(ခ)ဦးကိုကြီး၏ဇနီး၊ မောင်ဝင်းဗိုလ်၊ မခင်ခင်မြင့် (လက်ထောက်ပြည်နယ်ဦးစီးမှူး၊ လက်ထောက်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ ဖာန်းမော်မြို့)၊ မောင်မျိုးဝင်း-မမိုးမိုးခိုင်၊ မောင်လှဝင်း(အပြည်ပြည်ဆိုင်ရာအော်တိုအိတ်ချိန်း)-မအမာချို၊ မနီနီမြင့် (ထရမ်စစ်အိတ်ချိန်း၊ မရမ်းကုန်း)တို့၏ မွေးသမိခင်၊ မောင်သီဟထွန်းဇော်၏ အဘွားသည် ၈-၇-၂၀၀၃ရက်တွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၉-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးကဘာန်စတန်၌ ဒါဖနာမည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်နန်း(ခ)နိုင်းလွယ်ကန့်
အသက်(၁၀၂)နှစ်
နမ္မတူမြို့နယ်၊ မန်စံကျေးရွာ

နမ္မတူမြို့နယ်၊ မန်စံကျေးရွာနေ ဒေါ်ငွေစိန်၊ လားရှိုးမြို့နေ ဦးစိုင်ဆိုင်-ဒေါ်ခင်ငွေသိန်း၊ မန္တလေးမြို့နေ ဒေါ်မြသောင်း၊ဦးစိုင်းစံဖေ-ဒေါ်လှရင်၊ ဒေါ်မင်းမင်းအေး(ခေတ္တ-ဂျပန်)၊ ဦးစိုင်းလှမြင့်-ဒေါ်မိုးမိုးအေးတို့၏ မွေးသမိခင်၊ မြေး ၂၃ယောက်၊ မြစ် ၁၀ယောက်တို့၏ အဘွားသည် ၈-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၀-၇-၂၀၀၃ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့၊ မြို့သစ်၊ အမှတ်(ဏ-၆/၂၈)၊ (၆၄x၆၅)လမ်းကြား၊ ကရက်မက်လမ်း နေအိမ်မှ တောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြသွင်(ခ)ဒေါ်မြလေး
အသက်(၇၂)နှစ်
(ဟင်္သာတ၊ တာလေး)
(ရပစ၊ အငြိမ်းစား)
ဟင်္သာတ၊အသင်းဝင်

ပုသိမ်မြို့နေ (ဦးဘ-ဒေါ်ငယ်မ)တို့၏ သမီး၊ ဟင်္သာတမြို့၊ မယ်ဇလီကုန်းနေ (ဦးဘမောင်-ဒေါ်မမလေး)တို့၏ ချွေးမ၊ အမှတ်(၁၂၈)၊ (၃၃)လမ်း၊ မြေသီထပ်၊ ရန်ကုန်မြို့နေ (အရာခံဗိုလ်ဦးတင်ရွှေ)၏ ချစ်လှစွာသောဇနီး၊ ဒေါ်နုနုရွှေ (မြမင်းပုဆိုးဆိုင်)-ဦးတင်ဝင်း(Zizawa Co., Ltd.)၊ ဒေါ်ခင်မာရွှေ-ဦးအောင်ကြိုင်(ဒုအရာခံဗိုလ်၊အောင်ပန်းမြို့)၊ ဦးခင်မောင်ရွှေ-ဒေါ်တင်တင်အေး(ပုသိမ်ဈေးကြီး)၊ ဦးတင်မောင်ရွှေ-ဒေါ်သီဂီမြင့်(မုန့်မျိုးစုံ)၊ (ဦးမြရွှေ)၊ ဒေါ်ဥမ္မာရွှေ-ဦးကျော်မိုး(Luckyဓာတ်ပုံတိုက်)၊ ဦးသူရတင်ရွှေ(ခေတ္တ-မလေးရှား)-ဒေါ်စိုးစိုးလှိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၃ယောက်တို့၏ အဘွား၊ မြစ်လေးယောက်တို့၏ အဘေးသည် ၈-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၇-၂၀၀၃ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြင့်စိုးလွင် (၆၈)နှစ်
လဝကမှူး (အငြိမ်းစား)

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ အောက်လမ်းမကြီး၊ အမှတ်(၅၈၅)နေ (ဦးအောင်သိန်း-ဒေါ်ထူးမေ)တို့၏ သား၊ (ဦးစိုးသိန်း-ဒေါ်အေးမြင့်)၊ (ဦးအေးဘော်-ဒေါ်နုနု)၊ ဦးအေးကျော်(စစစ၊ ဒုညွှန်ကြားရေးမှူး)-ဒေါ်အေးသန့်တို့၏ ညီ/မောင်၊ ဒဂုံမြို့သစ် အရှေ့ပိုင်း၊ ကြံခိုင်ရေးလမ်း၊ အမှတ်(၅၆၉)၊ (၅)ရပ်ကွက်နေ (ဒေါ်တင်နွယ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ခင်ပွန်း၊ ဦးအောင်ကျော်မြင့်-မနှင်းနွယ်အေး၊ ဦးလှစိုးလွင်(JAE FR.3)၊ ဦးအောင်မိုးလွင်၊ ဦးအောင်ကိုကိုဦးလွင်၊ ဒေါ်သိုသိုသက်၊ မဝင်းမင်းဇော်(နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ ဖခင်၊ မအေးမာလာကျော်၊ မောင်ကျော်မင်းထိုက်၊ မအေးနီလာကျော်၊ မခင်သီတာကျော်၊ မမီမီစိုးလွင်၊ ဘာတီဂိုးတို့၏ အဘိုးသည် ၇-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၇-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဒဂုံအရှေ့ပိုင်းဆေးရုံကြီး အအေးတိုက်မှ ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးအောင်မြင့်(၆၁)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၇၀)ရပ်ကွက်နေ (ဦးတင်)-ဒေါ်လှသောင်းတို့၏ သား၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၇၇၅)နေ (ဦးခင်မြ-ဒေါ်လှညွန့်)တို့၏ သားသမက်၊ ဒေါ်မြင့်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကျော်စိုးမိုး-မယဉ်နွယ်သန်း တို့၏ ဖခင်ကြီး ဦးအောင်မြင့်သည် ၇-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၉-၇-၂၀၀၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
နန့်ဒိုင်အဲနာဝင်းထိန်
အသက်(၅၀)
(ကညန-ပုသိမ်)

ပုသိမ်မြို့၊ အမှတ်(၄၀)၊ မင်းကြီးလမ်းနေ (မန်းဝင်းထိန်-ဂျဲဂလက်ဒစ်)တို့၏ သမီး၊ (ဦးဝင်းမောင်၊ ဒုဦးစီးမှူး၊ ကညန၊ ဟင်္သာတ)၏ ဇနီး၊ မောင်အောင်ကြီး၊ မထူးယမုံတို့၏မွေးသမိခင်၊ မန်းဂလက်စတုံး၊ (မန်းဝင်းစံ)၊ ဂျဲအက်တနာ၊ မန်းဒွိုင်းလ်၊ မန်းမက်စ်၊ မန်းလူးဝစ်၊ မန်းဝပ်စံ၊ ဂျဲဂဲထု၊ မန်းဝင်းသရော့၊ ဂျဲအယ်ဒွင်းနာ၊ ဂျဲမဲရလင်းတို့၏ ညီမ/အစ်မ၊ ကိုကျော်ကျော်ဦးစံ၊ မစုစုစံ၊ မယုယုစံတို့၏ အဒေါ်သည် ၇-၇-၂၀၀၃ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၉-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ပုသိမ် ပိုးကရင်နှစ်ခြင်းအသင်းတော် ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး မွန်းလွဲ ၁နာရီတွင် ဘိုကနောင် ခရစ်ယာန်သင်္ချိုင်း၌ ဂူသွင်းမြှုပ်နှံသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပဏ္ဍိစ္စ(ဓမ္မာစရိယ) (ဒေးပေါက်)
မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းမြို့၊ တောင်ကြီးကျေးရွာ
သာသနာ့ဝေပုလ္လဓမ္မသုခကျောင်းဦးစီးနာယက
သိက္ခာတော်(၄၀)၊ သက်တော်(၆၀)

ရန်ကုန်တိုင်း၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နယ်၊ ဒေးပေါက်ကျေးရွာနေ (ဦးဘိုးဆော့-ဒေါ်လှတင်)တို့၏ သား၊ တောင်စွန်းမြို့၊တောင်ကြီးကျေးရွာ၊ သာသနာ့ဝေပုလ္လဓမ္မသုခကျောင်း ဆရာတော်သည် (၁၃၆၅ခုနှစ်၊ ဝါဆိုလဆန်း ၆ရက်) ၄-၇-၂၀၀၃ရက် နံနက် ၆း၀၃နာရီတွင် ကန်သာယာဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ (ဝါဆိုလဆန်း ၁၂ရက်) ၁၀-၇-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိ ဈာပနပူဇာကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြား သိစေအပ်ပါသည်။ (မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်းအရှေ့ ပဲနွဲကုန်းကျောင်းတိုက် ဟင်္သာတကျောင်းမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ခရမ်းမြို့အိမ်တော်ရာကျောင်းဆရာတော်နှင့် တပည့် ဒါယကာ၊ ဒါယိကာမများ။

ဦးခင်ထွန်း (၄၉)နှစ်
လက်ထောက်မန်နေဂျာ(ပြည်ပစာပို့)
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ရန်ကုန်မြို့နေ [ဝဏ္ဏကျော်ထင် ဦးထွန်းရင်-ညွှန်ချုပ်(ငြိမ်း)မိုး/ဇလ]-ဒေါ်ခင်ခင်သန်းတို့၏ သား၊ သာကေတမြို့နယ်၊ အမှတ်(၉)၊ ဧရာဝဏ်ရိပ်သာ၊ ဧရာဝဏ်လမ်းနေ (ဦးခင်မောင်ရီ)-ဒေါ်ခင်မြစိန်(ကျောင်းအုပ်ကြီး-ငြိမ်း)တို့၏ သားသမက်၊ ဒေါ်မိမိခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးစောလွင်(ငြိမ်း)-ဒေါ်ခင်ခင်စိန်၊ဒေါ်ဆန်းလှ-(ဦးခင်မောင်ဌေး)၊ ဦးမြင့်သန်း(Hansantic Co;)-ဒေါ်ခင်သန်းဝေ၊ ဒေါ်ဝင်းယဉ်ထွန်း-ဦးအောင်စိုး(စက်ရုံမှူး၊ စစ်တောင်းစက္ကူစက်)၊ ဒေါ်မြဝင်းထွန်း(ဒု-လက်ထောက်ညွှန်မှူး MICS)-(ဦးဒီနောင်ပါ)၊ ဦးထွန်းသန်းထွန်း(ဌာနမှူး-သန့်ရှင်းရေးဌာန၊မြို့တော်စည်ပင်)-ဒေါ်ချိုကျော်စိုး၊ ဦးဝင်းသန်းထွန်း(ဦးစီးအရာရှိ-လယ်/ဆည်၊ ဝန်ကြီးဌာန-သထုံ)-ဒေါ်ရီရီထွေး၊ ဒေါ်ချိုချိုထွန်း-Capt တင်မောင်ဦး(JHLine)တို့၏ ညီ/မောင်၊ ဦးမြထွန်း(ဌာနခွဲမှူး၊ မြို့ပြမြေယာဌာန-မြို့တော်စည်ပင်)-ဒေါ်ခင်မာမာတို့၏ အစ်ကို၊ တူ ၁၀ယောက်၊ တူမ ၁၄ယောက်တို့၏ ဦးလေးဦးခင်ထွန်းသည် ၇-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၉-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးမြတင်(ခ)ဦးမြဒင်
အသက်(၆၇)နှစ်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နေ (ဦးအုန်းတင်-ဒေါ်ငွေခင်)တို့၏ သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ (၈)လမ်းမြောက်နေ ဒေါ်စန်းရီ(ခ) ဒေါ်စန်း၏ခင်ပွန်း၊ (ဦးမြသီး)-ဒေါ်မာမာချို(စိန်သံမဏိ)၊ ဦးအေးမင်း-ဒေါ်သီသီအေး၊ Dr.ကျော်လင်း(မ/ဥက္ကလာဆေးရုံကြီး)-ဒေါ်ရီရီဌေးတို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် အာရှတော်ဝင်အထူးကုဆေးခန်း၌ ၇-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၉-၇-၂၀၀၃ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမဒေါ်ခတီဂျာဘီဘီ(ခ)
ဟာဂျီမဒေါ်သိန်းကြူ (၆၂)နှစ်

မြစ်ကြီးနားမြို့နေ (ဦးတီချိန်-ဒေါ်ဘီဘီ)တို့၏ သမီး၊ မန္တလေးမြို့၊ (၂၃)လမ်း၊ (၈၁x၈၂)လမ်းကြား၊ ကျော်မိသားစုသင်းသီရိသည်းခိုခန်းနေ ကိုကျော်သိန်း၊ ဟာဂျီယူနွတ်စ်-မနိုင်နိုင်အေး၊ ကိုကျော်ဟန်-မမိုးမိုးသန်း၊ ကိုအောင်မြင့်-မဖြိုးဖြိုးကျော်၊ မအေးအေးကျော်တို့၏ မွေးသမိခင်၊ကျော်မိသားစုသင်းသီရိတည်းခိုခန်းပိုင်ရှင်၊ ဟာဂျီအပ္ပဒူလ်ဆက္ကာရ်(ခ) ဟာဂျီဦးလှကျော်(မိုးကုတ်မြို့)၏ ဇနီးသည် ၇-၇-၂၀၀၃ရက်တွင် အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ အေးရာနမာဇ်အပြီးတွင် ကြာနီကန်ကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်ကြည် (၅၇)နှစ်

တောင်စွန်းမြို့နယ်၊ ကျောက်တလုံးကျေးရွာနေ (ဦးဘလှိုင်-ဒေါ်မြခင်)တို့၏သမီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အောင်သပြေအနောက်(၃)လမ်း၊ အမှတ်(၅)နေ ဦးစိန်ဝင်း(လ/ထမန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း)၏ ဇနီး၊ ဦးရဲထွန်း-ဒေါ်အေးအေးခိုင်၊ ဦးကျော်ခိုင်-ဒေါ်စန်းယုနိုင်၊ ဦးထွန်းထွန်းမင်း - ဒေါ်ရွှေအေးတို့၏ မွေးသမိခင်၊ မြေး သုံးယောက်တို့၏ အဘွားသည် ၈-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၀-၇-၂၀၀၃ (ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

လိုဝှာခင်(ခ)ဦးမျိုးခိုင်(၄၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ်(၁၁၀/ပ-ဝဲ)နေ ဦးတင်မောင်-ဒေါ်ကျင်မြင့်တို့၏ သားကြီး၊ မဌေးဌေးဝင်း-ကိုတင်ဝင်း၊ မမြမြဝင်း၊ မစန်းစန်းဝင်း-ဦးမြတင်၊ မယမင်းဝင်း-ကိုအောင်ရန်လင်း၊ မမျိုးသန္တာဝင်း၊ မချောကလျာဝင်း၊ မောင်ချစ်ခိုင်တို့၏ အစ်ကိုကြီး၊ တူ၊ တူမ ခုနစ်ယောက်တို့၏ ဦးလေးသည် ၈-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၀-၇-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
ရဟီမာဘီဘီ(ခ)
ဒေါ်ညွန့်ရီ(၇၆)နှစ်
အစ္စလာမ်အမျိုးသမီးသာသနာ့ရိပ်သာ
(ကျောင်းသူဟောင်း)

ရန်ကုန်မြို့၊ အမှတ်(၈)၊ (၁၃၇)လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးကံအောင် - ဒေါ်အေး)တို့၏ သမီး၊ [ဟာဂျီယူနွတ်(စ်) ဦးဘညွန့်]၏ ဇနီး၊ ဒေါ်သိန်းသိန်းတင်-ဦးလှဝင်း (မြန်မာမျက်မှန်)၊ ဟာဖစ်မော်လဝီစလင်း(မ်) (ဆေးဆိုင်/ မင်္ဂလာဈေး)-ဒေါ်ခင်ထွေး၊ ဒေါ်စောရီ-ဦးအောင်သန်း (M.M.M Advice Letex Production Chemical Work)၊ ဦးအောင်ခင်(ဆေးဆိုင်/မင်္ဂလာဈေး) - ဒေါ်တင်တင်မာ၊ ဒေါ်ကြည်ကြည်ညွန့် (အမက-၁၄၊ တာမွေ)၊ ဒေါ်ထွေးထွေးရီ(ခေတ္တ-USA)၊ ဦးကျော်ခင်(ခေတ္တ-USA)တို့၏ မွေးသမိခင်၊ မြေး ၁၁ယောက်တို့၏အဘွား ဒေါ်ညွန့်ရီ(ခ)ရဟီမာဘီဘီသည် ၅-၇-၂၀၀၃ရက် နံနက် ၁၁း၄၅နာရီတွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အစွာရ်နမာဇ်အပြီး ရေဝေးကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊သိမ်၊ရဟန်း ဒါယကာကြီး
ဦးစိန်ဝင်း(၇၃)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်း-ဒေါ်မြလေး)တို့၏သား၊အမှတ်(၁၆)၊နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရေနံ့သာတိုက်နေ ဒေါ်စန်းကြည်၏ ခင်ပွန်း၊ ဦးထွန်းဦး-ဒေါ်မေသန့်(မန်နေဂျာ၊ လယ်ယာထွက်ကုန်ရုံးချုပ်)၊ ဒေါ်ခင်စမ်းဝင်း (အထက-၄၊တာမွေ)၊ ဒေါ်ခင်အေးကြူ-ဦးဝင်းနိုင်၊ ဦးအောင်မြင့်၊ ဒေါ်ချိုချိုဝင်း၊ ဒေါ်ခင်မေမြသွင်၊ ဦးတင်နိုင်၊ ဦးဇော်ဝင်းအောင် - ဒေါ်ခင်ထားဦး၊ မောင်မျိုးမြတ်သန့်ဇင်တို့၏ကျေးဇူးရှင်ဖခင်၊ မြေး၁၂ယောက်တို့၏ အဘိုးသည် ၇-၇-၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသဆောင်၌ ကွယ်လွန်ပါ၍ ၉-၇-၂၀၀၃(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်ထွန်း(၄၉)နှစ်
လက်ထောက်မန်နေဂျာ
(ပြည်ပစာပို့)
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ရန်ကုန်မြို့နေ [ဝဏ္ဏကျော်ထင် ဦးထွန်းရင်-ညွှန်ချုပ်(ငြိမ်း)မိုး/ဇလ]-ဒေါ်ခင်ခင်သန်းတို့၏ သား၊ သာကေတမြို့နယ် အမှတ်(၉)၊ ဧရာဝဏ်ရိပ်သာ၊ ဧရာဝဏ်လမ်းနေ (ဦးခင်မောင်ရီ)-ဒေါ်ခင်မြစိန်(ကျောင်းအုပ်ကြီး-ငြိမ်း)တို့၏သားသမက်၊ဒေါ်မိမိခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ Dr.ဇော်နိုင်- Dr.တင်မိုးဝေ(ခေတ္တ-USA)၊ဒေါ်အိအိခိုင်(ခေတ္တ-ထိုင်း)၊ ဦးမိုးနိုင်(ခေတ္တ-ဂျပန်)၊ ဦးမျိုးလှိုင်(ခေတ္တ-USA)- Dr.ရည်မိုးခိုင်တို့၏ အစ်ကို၊ မောင်မိုးဇော်(ခေတ္တ-USA)၏ ဘကြီး ဦးခင်ထွန်းသည် ၇-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၉-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

အပြုလုပ်သူကလုပ်ပြီး အဖျက်လုပ်သူက နောက်ကလိုက်ဖျက်ဆီးနေလျှင် တိုင်းပြည် မည်သည့်အခါမျှ တိုးတက်မှာမဟုတ်
အဖျက်ကိုအားပေးလျှင် တိုင်းပြည်နစ်နာဆုံးရှုံးမှာဖြစ်သလို အပြုကိုအားပေးလျှင် တိုင်းပြည်တိုးတက်မည်မှာ အမှန်တရားဖြစ်

ကောင်းမွန်သော အစဉ်အလာကိုသာ ကျောင်းသူကျောင်းသားများက အတုယူနိုင်ရေး ဆရာ၊ဆရာမများ တာဝန်အရှိဆုံး

ရန်ကုန် ဇူလိုင် ၈

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်တမာတန်း မူလသစ်ဆိမ့်တိုက် ငြိမ်းချမ်းရွှေပြည်ကျောင်း တည်ဆောက်ဆဲ ရွှေပြည်သာ ဓမ္မဗိမာန်တော်ကြီးနှင့် အသစ်တည်ဆောက်မည့် သာယာရွှေပြည် သုံးထပ်သိမ်တော်ကြီးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၇ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

တက်ရောက်

အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ စစ်ကိုင်းမြို့ သဒ္ဓမ္မဇောတိကဓဇ ယချောင် ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သဒ္ဓမ္မနာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✪

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တည်ဆောက်ဆဲ ရွှေပြည်သာ ဓမ္မဗိမာန်တော်ကြီး အတွက် မန္တလေး ရွှေပြည်သာ ကုမ္ပဏီ ကျောင်း ဒါယကာ ဦး သိန်း ဟန်၊ ကျောင်းဒါယိကာမ ဒေါ်သန်းသန်းနွဲ့ တို့က ငွေကျပ် သိန်း၃၀၀ ပေးအပ် လှူဒါန်းရာ လက်ခံစဉ်။(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧရာဝတီတိုင်းတစ်တိုင်းလုံး ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်အောင် ဖိဖိစီးစီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ တည်ဆောက်ပြီးလမ်းတံတားများကြောင့် သွားလာမှုလွယ်ကူ ဆည်တမံ မြစ်ရေတင်လုပ်ငန်းများကြောင့် စိုက်ပျိုးရေးဖွံ့ဖြိုး

ရန်ကုန် ဇူလိုင် ၈

ဧရာဝတီတိုင်းသို့ သွားရောက်ခဲ့ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် ဟင်္သာတမြို့နှင့် ပုသိမ်မြို့တို့၌ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့သည်။

တက်ရောက်

ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၄ရက် မွန်းလွဲ ၂နာရီတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဌေးဦး၊ **စာမျက်နှာ ၁၁ ကော်လံ ၃ သို့** ⇨

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် မြို့ချောင်းရွာ အနီးတွင် တည်ဆောက်လျက်ရှိသော ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ခန့်မှန်းခြေ ကုန်ကျငွေကျပ် သန်းပေါင်း ၄၂၀၇သန်း အကုန်အကျခံ၍ တည်ဆောက်လျက်ရှိသည်။ (ယာပုံ)

ရဲနွယ်ရေလှောင်တမံသည် ရေအားလျှပ်စစ်ပေးရန်အတွက် ရေလွှဲဥမင် အလျားပေ ၈၀၀ကို အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ပြီး သံကူကွန်ကရစ်များ လောင်းလျက်ရှိသည်။ ရေအားလျှပ်စစ် ၂၅မဂ္ဂါဝပ်ဖြင့် နှစ်စဉ် နာရီသန်းပေါင်း ၁၂၅ကီလိုဝပ် ထုတ်မည်ဖြစ်သည်။

ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းသာမက သီးနှံစိုက်ဧရိယာ ဧကပေါင်း ၁၁၈၅၀၀ကိုလည်း ဆည်ရေပေးဝေနိုင်မည်ဖြစ်သည်။ သတ်မှတ်ချိန်အမီ ပြီးစီးရန်အတွက် ယန္တရားကြီးများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

[ဓာတ်ပုံမှတ်တမ်းတင်–ခင်မောင်ဝင်း(ကြေးမုံ)]